ကြေးမုံ

The Mirror

Established in 1957

၁၃၇၆ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်၊ အင်္ဂါနေ့ (10-6-2014) (၇၈၆၇)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပေါ်တူဂီနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာများ ပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၄ ခုနှစ် ဇွန် ၁၀ ရက်တွင်ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ သမ္မတ ပါမောက္ခ အာနီဘယ် ကာဗာကို ဆီးလ်ဗာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၄ ခုနှစ် ဇွန် ၁၀ ရက်တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ပီဒရို ပက်ဆော့စ် ကိုရယ်လ်ဟို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

အခြေခံကျန်းမာရေးဌာနနှင့် အခြေခံကျန်းမာရေးလုပ်သားများ များများမွေးထုတ်ရန် လိုအပ်

နေပြည်တော် ဇွန် ၉

ကျန်းမာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသည့် ပဏာမကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်ရေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Royal Kumudra ဟိုတယ် Grand Ballroom ၌ ကျင်းပသည်။**(ယာပုံ)**

အခမ်းအနားသို့ အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကျန်းမာရေးဆိုင်ရာပညာရှင်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

မြန်မာနိုင်ငံ၏ ပဏာမကျန်းမာရေးစောင့်ရှောက်မှု အောင်မြင်စေရန် ဝန်ကြီးဌာနပေါင်းစုံ၊ ကုလသမဂ္ဂနှင့် ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်။

မိုးရွာသွန်းမှု

၉-၆-၂၀၁၄

ချောင်းဆုံ	၅ ဒသမ ၀၀ လက်မ
မာန်အောင်	၄ ဒသမ ၀၂ လက်မ
လောင်းလုံ	၃ ဒသမ ၅၈ လက်မ
မော်လမြိုင်	၃ ဒသမ ၀၉ လက်မ
ကျိုက်မရော	၃ ဒသမ ၀၇ လက်မ
ကျိုက္ခမီ	၂ ဒသမ ၉၅ လက်မ
မြိတ်	၂ ဒသမ ၄၈ လက်မ
ပေါင်	၂ ဒသမ ၃၆ လက်မ
အုတ်ဖို	၂ ဒသမ ၃၂ လက်မ

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် မုတ်သုံလေ အားအသင့်အတင့်မှ အားကောင်းနေသည်။

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့၏ ရှေးဟောင်းသမိုင်းဝင် မင်္ဂလာကျုံးကြီး ပြန်လည်တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြေကော်စက်ကြီးများနှင့် မြေသယ်ယာဉ်များကိုအသုံးပြု၍ အချိန်နှင့်တစ်ပြေးညီပြီးစီးနိုင်ရေးအတွက် ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ လှိုင်သန်းတင့်(ရမည်းသင်း)

စစ်တွေမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်

နေပြည်တော် ဇွန် ၉

ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ဆင်းရဲနွမ်းပါး၍ ကူညီထောက်ပံ့ရန်လိုအပ်သော ကျေးရွာသုံးရွာတွင် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများဆောင်ရွက်ပေးရန် မေ ၂ ရက်တွင် စစ်တွေမြို့၌ ကျင်းပသော ပြည်ထောင်စုအဆင့် အရေးပေါ်ပေါင်းစပ်ညှိနှိုင်းရေးစင်တာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၁၄) တွင် ဒေသခံမြို့မိမြို့ဖများက ဆွေးနွေးတင်ပြခဲ့ကြသဖြင့် အဆိုပါ ကျေးရွာများသို့ တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြပြီး ဇော်မတက်ကျေးရွာကို နယ်စပ်ရေးရာဝန်ကြီးဌာနက လည်းကောင်း၊ သုံးဆောင်ကျေးရွာကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က လည်းကောင်း၊ အုန်းရေပေါ်ကျေးရွာကို ကုလသမဂ္ဂအဖွဲ့အစည်းများက လည်းကောင်း တာဝန်ယူ၍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအခါ စစ်တွေမြို့နယ် ဇော်မတက်ကျေးရွာတွင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူ၍ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံဆွေးနွေးညှိနှိုင်းပြီး ကျေးရွာအတွက်လိုအပ်သော လုပ်ငန်းများဖြစ်သည့် မိုးရာသီကာလတွင် မြစ်ရေကြီး၍ ရေလျှံစဉ် ကျေးရွာများအတွင်းသို့ ရေများဝင်ရောက်မှုမှ ကာကွယ်ရန် ရေတားတမံ အမြင့် ပေ ၂၂၅၀ ရေထိန်းတံခါးပါသော ကွန်ကရစ်ရေပြွန်နှစ်ခု ဆောက်လုပ်ခြင်း၊ နေအိမ် ၅၃ လုံးနှင့် ဘုန်းတော်ကြီးကျောင်း တစ်ကျောင်းအတွက် ဆိုလာမီး ၅၅ လုံး ထောက်ပံ့ပေးခြင်း၊ သောက်သုံးရေရရှိရေးအတွက် ရေကန်နှစ်ကန်တူးဖော်ခြင်း၊ ကျေးရွာမှော်ရုံပြန်လည်ပြုပြင်ခြင်း၊

စာမျက်နှာ ၃ ကော်လံ ၅ သို့ ✻



ကြေးမုံစာတည်းရှုထောင့် ၁၀-၆-၂၀၁၄၊ အင်္ဂါနေ့

လူကုန်ကူးမှုတိုက်ဖျက်ရေး အားလုံးပါဝင်ပေး

လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းကို မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးက အရေးကြီးသည့် လုပ်ငန်းစဉ်တစ်ရပ်အဖြစ် လုပ်ဆောင်လာကြသည်။ လူသားများကို စိန်ခေါ်နေသည့် ပြဿနာတစ်ရပ်အဖြစ် ရှုမြင်သုံးသပ်ကာ နိုင်ငံတကာနှင့် ပူးပေါင်းလုပ်ဆောင်လာကြသည်။ လူကုန်ကူးမှုတားဆီးကာကွယ်ရေးလုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန်အတွက် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် ဖွဲ့စည်းခဲ့သည်။ လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးအဖွဲ့၊ တရားဥပဒေဆိုင်ရာအဖွဲ့ စသည့် အဖွဲ့အစည်းများကို ဖွဲ့စည်းစေခဲ့ပြီး ပညာပေးခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့်လုပ်ဆောင်လျက်ရှိသည်။

ထို့ပြင် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို ရည်မှန်းချက်(၅)ရပ်ချမှတ်ကာ ဆောင်ရွက်ခဲ့သည်။ အမျိုးသမီးရေးရာအဖွဲ့ကလည်း နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အမျိုးသမီးများ၏ ဘဝလုံခြုံရေးအတွက် အသိပညာပေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းပညာရပ်များကို သင်ကြားပေးလျက်ရှိသည်။ သို့သော် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အဘက်ဘက်က လုပ်ဆောင်နေသော်လည်း ယနေ့ခေတ်သည် ပွင့်လင်းမြင်သာလာမှုနှင့်အတူ ကုန်သွယ်မှုလုပ်ငန်းများ၊ အသေးစား၊ အလတ်စား ပုဂ္ဂလိကလုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် အခွင့်အလမ်းများ ရရှိလာပြီဖြစ်သည်။ ထိုကဲ့သို့ လွတ်လပ်လာမှုတို့ကြောင့် ဥပဒေဘောင်ကိုကျော်လွန်ကာ စီးပွားရှာကြသူများ၏ လုပ်ပိုင်ခွင့်သည်လည်း ပို၍ပွင့်လင်းလာခဲ့သည်။ လူကုန်ကူးခံရသည့် သတင်းများ မှုခင်းစာမျက်နှာများတွင် နေရာယူလျက်ရှိသည်။ လူကုန်ကူးခံရသူ အမျိုးသမီးတစ်ဦး၏ သတင်းဆိုလျှင် တရုတ်အမျိုးသားထံ ရောင်းစားခံရ၍ ထွက်ပြေးရာမှ ထိုနိုင်ငံရှိ အမျိုးသမီးတစ်ဦးအား နောက်ထပ်အကူအညီတောင်းရာ နောက်တစ်ကြိမ် ထပ်မံ၍ရောင်းစားခံခဲ့ရပြန်သည်။ လွတ်လပ်ခြင်းသည် ဥပဒေဘောင်အတွင်းကသာ လုပ်ဆောင်စီးပွားရှာသင့်ပါသည်။ လွတ်လပ်စွာ ကုန်ကူးခြင်းသည် လွတ်လပ်ခြင်းဖြစ်သော်လည်း လူကိုကုန်လိုသဘောထားကာ လူကုန်ကူးခြင်းသည် လွတ်လပ်ခြင်းမဟုတ်ဘဲ တစ်ကိုယ်ကောင်းဆန်သည့် လုပ်ဆောင်ချက်ဖြစ်ပါသည်။

လူကုန်ကူးသူများသည် ကလေးသူငယ်များနှင့် အမျိုးသမီးများအား အဓိကသားကောင်အဖြစ် အသုံးချကာ ပြည်ပနိုင်ငံများသို့ ပို့ဆောင်နေကြခြင်းကြောင့် လူကုန်ကူးခံရသူများကိုကြည့်လျှင် ကလေးသူငယ်နှင့် အမျိုးသမီးများမှာ အများဆုံးဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်သည်။ လူကုန်ကူးခံရသည့် အမျိုးသမီးများအနက် တချို့မှာ မိမိတို့၏ စားဝတ်နေရေးအရ မိမိဆန္ဒအလျောက် သွားရောက်လုပ်ကိုင်သူများရှိသကဲ့သို့ တချို့မှာ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းခံရကာ လောကငရဲပြည့်တန်ဆာလုပ်ငန်းများထဲသို့ တွန်းပို့ခြင်းခံခဲ့ရသည့်သာဓကများစွာရှိခဲ့သည်ကို တွေ့ရှိရသည်။ ထို့ပြင် လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့်လည်း လူကုန်ကူးခံကြရသည်။ ယခုအခါ လူကုန်ကူးခံရသူများကိုကြည့်လျှင် လူပွဲစားများ၏ ဖြားယောင်းသွေးဆောင်မှုကြောင့် အများဆုံးဖြစ်ပွားလျက်ရှိသည်။

လူကုန်ကူးခံရသူများသည် လူ့အခွင့်အရေးချိုးဖောက်ခံရသူများဖြစ်ကြသဖြင့် ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ ကာကွယ်စောင့်ရှောက်မှုလုပ်ငန်းများကို အစွမ်းကုန် ဖြည့်ဆည်းပေးကြရမည်ဖြစ်သည်။ အမျိုးသမီးလူကုန်ကူးခံရသူများဆိုလျှင် ပို၍အလေးဂရုပြုကြရမည်။ ၎င်းတို့၏ ဘဝလုံခြုံမှုရှိစေရန်နှင့် နောင်တွင် အလားတူကိစ္စမျိုး ထပ်မံမပေါ်ပေါက်စေရန် ဖေးမကူညီကြရမည်ဖြစ်သည်။ လူ့အသိုင်းအဝိုင်းအကြား ခွဲခြားဆက်ဆံမှုမပြုကြဘဲ ရေနစ်သူကို ဝါးကူထိုးပေးကြရမည်ဖြစ်သည်။လူကုန်ကူးခံရသူများ၏ ဖြေကြားချက်များကို ရှုမြင်သုံးသပ်ပြီး လူကုန်ကူးမှု၏ အဓိကဇာစ်မြစ်အကြောင်းအရာများကို ဖော်ထုတ်ကြရမည်ဖြစ်သည်။ ထို့ပြင် လူကုန်ကူးသူများအား တရားဥပဒေဘောင်အတွင်းမှ စိစစ်အရေးယူမှုများပြုလုပ်ပြီး လူကုန်ကူးမှုလုပ်ငန်းကို တိုက်ဖျက်ကြရမည်ဖြစ်သည်။ လူကုန်ကူးသူများ၏ ကျော့ကွင်းအတွင်းသို့ သက်ဆင်းမှုမရှိစေရန် လူကုန်ကူးခံရသူများမှတစ်ဆင့် ၎င်းတို့ လူကုန်ကူးခံရပုံအကြောင်းအရာများကို သက်ဆိုင်ရာဌာနများသို့ ဖြေကြားရုံမျှမက ပြည်သူများဗဟုသုတအဖြစ် ရုပ်သံများနှင့် မီဒီယာများမှ အခါအားလျော်စွာ ထုတ်လွှင့်ပြသရေးသားတင်ဆက်ခြင်းဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းကို အထောက်အကူဖြစ်စေမည်ဖြစ်သည်။ လူကုန်ကူးခံရမှုမှ ကင်းဝေးပြီး လုံခြုံသည့်လူမှုအသိုင်းအဝိုင်းများဖြစ်စေရန် နိုင်ငံသားအားလုံးက ကိုယ်ချင်းစာတရားများမွေးမြူကာ ဝိုင်းဝန်းကာကွယ်သွားနိုင်ကြပါစေကြောင်း ဆန္ဒပြုအပ်ပါသည်။ ။

မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (၁၅)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၉

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်(၁၅)ကြိမ်မြောက်နှစ်ပတ်လည် အစည်းအဝေးကို ယမန်နေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ အင်းစိန်မြို့နယ် ကြို့ကုန်းရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်ထံမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာကို ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ဖတ်ကြားသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဌေးမြင့်တို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် အစည်းအဝေးကို အစီအစဉ်အတိုင်း ဆက်လက်ကျင်းပပြီး ဥက္ကဋ္ဌအသစ် ဦးဌေးမြင့်က နှုတ်ခွန်းဆက်စကားပြောကြားကာ ဒုတိယဝန်ကြီး ဦးခင်မောင်အေးက နိဂုံးချုပ်စကားပြောကြားသည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၁၄-၂၀၁၆ ဆဋ္ဌမသုံးနှစ်သက်တမ်းအတွက် ဥက္ကဋ္ဌ ဦးဌေးမြင့်၊ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်တို့ပါဝင်သော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ၈၅ ဦးနှင့် အလုပ်အမှုဆောင် အဖွဲ့ဝင် ၁၉၃ ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့သည်။

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်သည် ပြည်ထောင်စုအစိုးရအဖွဲ့နှင့် ဝန်ကြီးဌာနက ချမှတ်ဆောင်ရွက်နေသည့် မြန်မာနိုင်ငံ၏ ငါးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များတွင် အဓိကနေရာမှ ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည့် မိတ်ဖက်အမျိုးသားစီးပွားရေးအင်အားစုကြီး တစ်ရပ်အဖြစ် ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် ဇွန် ၉

ရန်ကုန်	ရွှေဈေး	၆၅၀၀၀၀ - ၆၅၀၅၀၀		(ခ) ဥရောပ	တစ်ယူရို	= ၁၃၁၉. ၅
မန္တလေး	ရွှေဈေး	၆၄၉၇၀၀ - ၆၅၀၂၀၀		(ဂ) တရုတ်	တစ်ယွမ်	= ၁၅၄. ၇၁
စက်သုံးဆီဈေးနှုန်း				(ဃ) ထိုင်း	တစ်ဘတ်	= ၂၉. ၇၄၉
(က) ဒီဇယ်		တစ်လီတာ	၉၅၀ ကျပ်	(င) မလေးရှား	တစ်ရင်းဂစ်	= ၃၀၂. ၀၅
(ခ) အောက်တိန်း 95		တစ်လီတာ	၁၁၄၀ ကျပ်	(စ) အိန္ဒိယ	တစ်ရူပီး	= ၁၆. ၃၄၁
(ဂ) အောက်တိန်း 92		တစ်လီတာ	၉၃၀ ကျပ်	(ဆ) ဂျပန်	တစ်ရာယန်း	= ၉၄၂. ၉၅
(ဃ) ဓာတ်ဆီ		တစ်လီတာ	၈၁၄ ကျပ်	(ဇ) တောင်ကိုရီးယား	တစ်ရာဝမ်	= ၉၅. ၀၃၂
နိုင်ငံခြားငွေလဲလှယ်နှုန်း				(ဈ) ဩစတြေးလျ	တစ်ဒေါ်လာ	= ၉၀၃. ၁၁
(က) အမေရိကန်		တစ်ဒေါ်လာ	= ၉၆၇. ၀၀	(ည) စင်ကာပူ	တစ်ဒေါ်လာ	= ၇၇၃. ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကြပ်မတ်ဆောင်ရွက်

ညောင်တုန်း ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းစေရေး၊ ယာဉ်စည်းကမ်းများစနစ်တကျလိုက်နာစေရေးနှင့် သတ်မှတ်ထားသည့် ယာဉ်ဂိတ်များမှ ခရီးသည်များအား ပို့ဆောင်ပေးရေးတို့အတွက် မြို့နယ်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီက ကြီးကြပ်၍ ယာဉ်စည်းကမ်းဖောက်ဖျက်သူများအား အရေးယူဆောင်ရွက်ခြင်းလုပ်ငန်းများကို ဇွန် ၆ ရက် နံနက် ၇ နာရီက မြို့မ စည်ပင်သာယာဈေးကြီးရှေ့တွင် ဆောင်ရွက်ရာအငှားယာဉ်ဆိုက်ကားများ၊ ဆိုင်ကယ်ကယ်ရီများ၊ ထော်လာဂျီယာဉ်များအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သတ်မှတ်ထားသော ဂိတ်များမှလွဲ၍ အခြားပြင်ပနေရာများတွင်ဂိတ်ထိုးခြင်း၊ ယာဉ်မရပ်ရနေရာများတွင် ယာဉ်များရပ်နားခြင်း၊ ခရီးသည်များတင်ဆောင်ခြင်း၊ ဆိုင်ကယ်ဦးထုပ်မဆောင်းခြင်း၊ လူနှစ်ဦးထက် ပိုမိုတင်ဆောင်၍မောင်းနှင်ခြင်း၊ မြို့တွင်း၌ သတ်မှတ်ထားသည့်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ခြင်းတို့ကို နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၄ နာရီအထိ စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၃-၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဦးဝင်းဖေ(အထွေထွေမန်နေဂျာ-ငြိမ်း)၊ (ဆောက်/လျှပ်ရောင်းဝယ်ရေး)-ဒေါ်အေးအေးမြင့်တို့၏ မြေးများဖြစ်ကြသော ဗိုလ်ကြီးဇော်မြင့်ဝင်း(ငြိမ်း) ရုံးအဖွဲ့မှူး၊ YCDC)-ဒေါ်ရတနာဝင်းတို့၏သမီး မသက်မြတ်နိုးဇော် ခုံအမှတ် ဆဒဂ-၈၂၃ (ဆရာကြီးသချာ ဦးသန်းနိုင်၏ ကောင်းစုံ ကိုယ်ပိုင်အထက်တန်းကျောင်း)သည် (၅)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း၊ ဒေါက်တာသိန်းကျော်မိုး (အထူးကု ဆရာဝန်ကြီး၊ ဓာတ်မှန်၊ ဖျာပုံဆေးရုံကြီး)-ဒေါ်ခင်ချိုချိုဝင်းတို့၏သမီး ဘက်စုံပညာထူးချွန် (လူရည်ချွန်) နှစ်ထပ်ကွမ်း၊ မဆွေသက်လျာဝင်း ခုံအမှတ် ဆရက-၂၉၅ (အထက-၂၊ ရန်ကင်း)သည် (၆)ဘာသာဂုဏ်ထူးဖြင့်လည်းကောင်း အသီးသီးထူးချွန်စွာအောင်မြင်ခဲ့ကြသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

အန်တီများ-ဒေါ်ငွေရီ၊ ဒေါ်ဝင်းဝင်းခိုင်
ဒေါ်စိန်ရီ၊ ဒေါ်ကြည်ကြည်။
ဦးအောင်ဝင်းမောင်-ဒေါ်မြတ်မြတ်ခိုင်
ခြံအမှတ်(၁၀၁)၊ ခရေရိပ်သာ၊ မင်္ဂလာဒုံဉယျာဉ်မြို့တော်၊ အမှတ်(၃)လမ်းမကြီး

ပြည်တွင်းရေးရာ

☆ ရွှေဖုံးမှ

အခမ်းအနားတွင် ဒုတိယသမ္မတက အမှာစကားပြောကြားရာ၌ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ နိုင်ငံတကာ ကွန်ဖရင့်ကို ၁၉၇၈ ခုနှစ် အတွင်းက ကာဇက်စတန်နိုင်ငံ Alma Ata မြို့တွင် ကျင်းပခဲ့စဉ်မှ စတင်ကာ ကမ္ဘာ့လူသားအားလုံး ကျန်းမာရေးစောင့်ရှောက်မှု ရရှိစေရေးကို ရှေးရှုကာ "လူတိုင်းကျန်းမာ သက္ကရာဇ် ၂၀၀၀ မှာ" "Health for all by the year 2000" ဟူသည့် ရည်မှန်းချက်ချမှတ်ခဲ့ပြီး ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ဆောင်နိုင်ရန် နိုင်ငံအားလုံးက သဘောတူခဲ့ကြပါကြောင်း။

ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုဆိုသည်မှာ အားလုံးအတွက်လိုအပ်သည့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုဖြစ်ပြီး လူထုလူတန်းစား မရွေး၊ လူမျိုးဘာသာမရွေး၊ ဆင်းရဲချမ်းသာမရွေး၊ လက်တွေ့ကျသော၊ သိပ္ပံနည်းကျသော၊ စရိတ်စက သက်သာသော၊ လူတိုင်းပါဝင်နိုင်သော၊ လူတိုင်းပါဝင်ရမည့် အခြေခံ အကျဆုံး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းစဉ်ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း။

ထိုလုပ်ငန်းစဉ်၏ အခြေခံအချက်အလက်အများစုအပေါ် ဆောင်ရွက်လာခဲ့ကြသည့် ထိုအချိန်ကာလက အောင်မြင်ခဲ့သည်ဟု မြင်ကြသည့် အိမ်နီးချင်းနိုင်ငံကြီးတစ်ခု၏ ဖိနပ်မပါသော ဆရာဝန်(Bare Foot DR.) များ၏ စွမ်းဆောင်နိုင်မှုကို နမူနာတစ်ခုအနေဖြင့် ပြသခဲ့ပါကြောင်း၊ အဆိုပါ ဖိနပ်မပါသောဆရာဝန်များသည် ခြောက်လမှ တစ်နှစ်လောက်အထိ သင်တန်းများတက်ထားကြပြီး မြို့ပြအစွန်အဖျား၊ ကျေးလက်ဒေသရှိ ပြည်သူလူထုများအကြား သွားရောက်ရောနှောနေထိုင်ကြပြီး စရိတ်စက အနည်းဆုံးနှင့် အနီးကပ်ဆုံး ဝန်ဆောင်မှုပေးခဲ့သည်ကို သိရှိရပါကြောင်း။

သက်ဆိုင်ရာက သင်ကြားပေးလိုက်သည့် အခြေခံကျန်းမာရေးအသိပညာ၊ အတတ်ပညာနှင့် ကျန်းမာရေးစောင့်ရှောက်မှုဖြစ်သည့် အသိပညာပေးခြင်း၊ ကြိုတင်ကာကွယ်ခြင်း၊ ကုသခြင်းနှင့် ပြန်လည်ထူထောင်ခြင်း လုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိ အောင်မြင်စေရန် ဆောင်ရွက်နိုင်ခဲ့သည်ဟု သိရှိရပါကြောင်း၊ စောင့်ရှောက်မှုပေးရာတွင် ကုသရေးထက် ကြိုတင်ကာကွယ်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေးကို ပိုမိုဦးစားပေးခြင်း၊ အနောက်တိုင်းနှင့် တိုင်းရင်းဆေးပညာပူးပေါင်းဆောင်ရွက်နိုင်ခြင်းများ တွေ့ရပါကြောင်း၊ ယင်းသည် လွန်ခဲ့သောနှစ်ပေါင်း ၅၀ ခန့်က ဆောင်ရွက်ချက်များဖြစ်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်စေရန် Alma Ata ကြေညာချက်၏ အားလုံးပါဝင်သော ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းသည် ကျယ်ပြန့်များပြားသည့်အတွက် တိကျသည့် ရည်မှန်းချက်မရှိဘဲ လိုအပ်မှု မြင့်မားပြီး အောင်မြင်နိုင်ခြေမရှိဟု ယူဆသည့် အချို့သောနိုင်ငံများက နောက်တစ်ဖန်စောင့်ရှောက်မှုပဏာမ ကျန်းမာရေး စောင့်ရှောက်မှုနည်းလမ်းတစ်ခုဖြစ်သည့် (သီးသန့်ရွေးထုတ်သော ပဏာမကျန်းမာရေးစောင့်ရှောက်မှု)ကို Rocke feller Foundation က ကြီးမှူးကျင်းပသည့် အီတလီနိုင်ငံ Bellagio Conferences မှ ထပ်မံထုတ်ပြန်ခဲ့ပါကြောင်း။

ယင်းကို GOBI-FFF ဟု အတိုကောက် ခေါ်ပါကြောင်း၊G=Growth Monitoring၊ O=Oral Rehydration Therapy၊ B=Breast Feeding၊ I=Immunization ဖြစ်ပြီး F သုံးလုံးမှာ Family Planning၊ Female Education၊ Food Supplementation ဟူ၍ ဖြစ်ပါကြောင်း။

ယခု ၂၁ ရာစုခေတ်အတွင်း ရောက်နေသော်လည်း မြန်မာနိုင်ငံအနေဖြင့် မိမိတို့နိုင်ငံအခြေအနေနှင့် လိုက်ဖက်မည့် ပဏာမကျန်းမာရေး စောင့်ရှောက်မှုကို သင့်တော်သလို ရွေးချယ်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံလူဦးရေ သန်း ၆၀ ခန့်တွင် ၇၀ ရာခိုင်နှုန်းသော ပြည်သူများသည် ကျေးလက်ဒေသတွင် နေထိုင်ပါကြောင်း၊ ဆင်းရဲမှုရာခိုင်နှုန်းက များပါကြောင်း၊ တစ်နိုင်ငံလုံး၏ ကျေးရွာပေါင်း ခြောက်သောင်း လေးထောင်ကျော်ရှိသည့်အထဲတွင် ကျေးလက်ကျန်းမာရေးဌာနရှိသည်မှာ ၁၆၈၄ ခု ရှိပါကြောင်း၊ မျှကြည့်မည်ဆိုပါက ကျေးလက်ကျန်းမာရေးဌာန တစ်ခုသည် ကျေးရွာပေါင်း ၃၈ ရွာကို တာဝန်ယူရမည်ဖြစ်ပါကြောင်း။

အခြေခံလူထုလူတန်းစားများအတွက် ပဏာမကျန်းမာရေး စောင့်ရှောက်မှုပေးမည်ဆိုပါက အခြေခံကျန်းမာရေးဌာနနှင့် အခြေခံကျန်းမာရေးလုပ်သားများ များများမွေးထုတ်ရန် လိုအပ်မည်ဖြစ်သကဲ့သို့ မိမိကျေးရွာအတွင်း အမြဲနေထိုင်နိုင်မည့် အဆိုပါကျေးရွာမှ အရန်သားဖွားကျေးလက်ကျန်းမာရေးလုပ်သား (AMW, CHW)များ များများလိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့ ပဏာမကျန်းမာရေးစောင့်ရှောက်မှု အလုပ်ရုံဆွေးနွေးပွဲတွင် အုပ်စုအဖွဲ့ ငါးဖွဲ့နှင့် လုပ်ငန်းထဲပါဝင်သည့် ခေါင်းစဉ်ကိုးခုအပေါ် အခြေခံဆွေးနွေးသွားကြမည်ဟု သိရပါကြောင်း၊ ယင်းအချက်များမှ တစ်နှစ်အောက်ကလေး သေဆုံးမှုနှုန်း၊ ငါးနှစ်အောက်ကလေး သေဆုံးမှုနှုန်း၊ မိခင်သေဆုံးမှုနှုန်းများ ကျဆင်းလာစေရေးအတွက် မိခင်နှင့်ကလေး ကျန်းမာရေး စောင့်ရှောက်မှုကို တိုးမြှင့်ဆောင်ရွက်ရန်၊ အိတ်ချ်အိုင်ဗွီ၊ အေအိုင်ဒီအက်စ်၊ ငှက်ဖျား၊ တီဘီရောဂါများ ရည်မှန်းချက်အဆင့်အထိ ကျဆင်းလာစေရေးအတွက် တွန်းအားပေးဆောင်ရွက်ရန်၊ တိုးတက်များပြားလာသည့် အစားအသောက်အတုအပများ ထိန်းချုပ်နိုင်ရေးအတွက် လိုအပ်သောဥပဒေနှင့် နည်းဥပဒေများ ရေးဆွဲဆောင်ရွက်ရန်၊ အစားအသောက်လုံခြုံရေး ကိစ္စအတွက် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန(FDA)နှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရန်၊ အာဟာရနှင့် ပတ်သက်၍ အိမ်ထောင်စုအဆင့် အစာဖူလုံမှုနှင့် ကျေးလက်အစာအာဟာရဘဏ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်းမာရေးဝန်ကြီးဌာန သာမက ဝန်ကြီးဌာနပေါင်းစုံ၊ အဖွဲ့အစည်းပေါင်းစုံနှင့် ပြည်သူများပါဝင်သော Health in All Policy ကို အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ သန့်ရှင်းသော သောက်သုံးရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် နီးနွယ်ဌာနများ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သေဆုံးမှုများ လျော့နည်းစေရေးအတွက် အခြားဌာနများနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ကူးစက်ခြင်းကြောင့် မဟုတ်သော ရောဂါများဖြစ်ပွားမှုနှင့် သေဆုံးမှု လျှော့ချနိုင်ရေးအတွက် ကျန်းမာရေး ပညာပေးမှုအပါအဝင် ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ထိရောက်စွာ ဆောင်ရွက်ရန် တို့ဖြစ်ကြောင်း၊ နောက်ဆုံးအချက်ဖြစ်သည့် မကူးစက်တတ်သည့် ရောဂါထဲတွင် စိတ်ကျန်းမာရေးနှင့် အသက်ကြီးလာသည့်အခါ ဖြစ်လာတတ်သည့် ရောဂါများကြောင့် သေဆုံးမှု လျှော့ချနိုင်ရေးကိုပါ ထည့်သွင်းစဉ်းစားသင့်ပါကြောင်း။

အဖွဲ့အစည်းအသီးသီးအနေဖြင့် ဆွေးနွေးကြရာတွင် လက်ရှိအခြေအနေအရ လိုအပ်ချက်၊ အားနည်းချက်များကို ထောက်ပြကြပြီး မြန်မာနိုင်ငံ၏ ပဏာမကျန်းမာရေး စောင့်ရှောက်မှု အောင်မြင်စေရန် ဝန်ကြီးဌာနပေါင်းစုံ၊ ကုလသမဂ္ဂနှင့် ပြည်တွင်း ပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သွားမှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ပူးပေါင်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းပြောကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် အလုပ်ရုံဆွေးနွေးပွဲကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်က အမှာစကားပြောကြားကာ အလုပ်ရုံဆွေးနွေးပွဲကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပခဲ့သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၉ ရက်မှ ၁၀ အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၁၀-၆-၂၀၁၄ (အင်္ဂါနေ့)

၅း၀၀	ပဋ္ဌာန်းပါဠိတော်၊ မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"တရားရှုပွားအကျိုးများ" တရားတော်(ဓမ္မဒူတဆရာတော် ဒေါက်တာအရှင်ပညိဿရာဘိဝံသ)
၁၀း၀၀	ခေတ်သစ်ပျိုမေ
၁၀း၄၅	ဗီဒီယိုပြခန်း
၁၁း၀၀	သွားမယ်စားမယ် (Kanakura Restaurant)
၁၁း၂၅	MRTV-4 Stage
၄း၀၀	Cartoon Series (Go Go Giggles)
၅း၀၀	Myanmar Medis Macau Fam Tour (Part-1)
၅း၁၀	Minute to Win It
၆း၁၀	MRTV-4 သတင်း
၆း၁၅	Health Fix
၁၁း၂၀	World of Knowledge(Locked up Abroad Heroin Sting)
၄း၄၀	မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ် ဘုရားစေတီများ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ပေါ်တူဂီနိုင်ငံအမျိုးသားနေ့ သဝဏ်လွှာပေးပို့

နေပြည်တော် ဇွန် ၁၀

၂၀၁၄ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ကျရောက်သော ပေါ်တူဂီသမ္မတနိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ပေါ်တူဂီသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရူအီ မက်ခယ်လ်တီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ဥပဒေကြမ်းများ လေ့လာစိစစ်

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့်ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဉက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ကောင်စီဝင်များ၏ ချီးမြှင့်ငွေ၊ စရိတ်နှင့် အဆောင်အယောင်များဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် စိစစ်သည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ကျင်းပရာ ဥပဒေကြမ်း ကော်မတီဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ကော်မတီဝင်များက အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအပေါ် လေ့လာစိစစ်ကြသည်။

အလားတူ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဝင်များ၏ချီးမြှင့်ငွေနှင့် စရိတ်များဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး ပြင်ဆင်ချက်များကို လေ့လာစိစစ်ခဲ့ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

❋ စစ်တွေမှ

ကျေးရွာအတွင်း နေအိမ်များ သန့်ရှင်းသပ်ရပ်စွာရှိစေရေးအတွက် ခြံစည်းရိုးကာရံခြင်း၊ ပြိုပျက်နေအိမ်များ ခေါင်မိုးပြန်လည်ပြုပြင်ခြင်းနှင့် ယင်လုံအိမ်သာများ ဆောက်လုပ်ခြင်းလုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိသည်။

အလားတူ သုံးဆောင်ကျေးရွာနှင့် အုန်းရေပေါ်ကျေးရွာတို့တွင်လည်း တာဝန်ယူဆောင်ရွက်မည့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ လိုအပ်ချက်များကို ဆွေးနွေးညှိနှိုင်းပြီးဖြစ်ရာ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မကြာမီ စတင်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းဒေသကြီး၌ တက္ကသိုလ်ဝင် စာမေးပွဲအောင်စာရင်း ထုတ်ပြန်ကြေညာ

ပုသိမ် ဇွန် ၉

၂၀၁၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို ဇွန် ၇ ရက်နံနက်က ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ စာစစ်ဌာနများတွင် ထုတ်ပြန်ကြေညာခဲ့သည်။

ဧရာဝတီတိုင်းဒေသကြီးတွင် စာဖြေသူ ၅၈၀၈၆ ဦးရှိပြီး အောင်မြင်သူ ၂၆၀၅၈ ဦးရှိရာ ခြောက်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၄၆ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၈၉ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၈၇၀၊ နှစ်ဘာသာဂုဏ်ထူးရှင် ၁၄၂၈ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၇၆၈ ဦး ရှိ၍ တိုင်းဒေသကြီးတစ်ခုလုံးအောင်ချက်ရာခိုင်နှုန်းမှာ ၄၄ ဒသမ ၈၆ ဖြစ်ကြောင်း သိရသည်။ **မောင်တင်လှိုင်(ဟိုတယ်/ခရီး)**

ပါကစ္စတန်လေဆိပ် တာလီဘန်များတိုက်ခိုက်၊ ၂၈ ဦးသေဆုံး

ကရာချိ(ပါကစ္စတန်) ဇွန် ၉

အနည်းဆုံး ၂၈ ဦးသေဆုံးခဲ့သည့် ပါကစ္စတန်နိုင်ငံ၏ အကြီးဆုံးနှင့် အစည်ကားဆုံးဖြစ်သော ဂျင်းနားနိုင်ငံတကာလေဆိပ်ကို ရဲတပ်ဖွဲ့ဝင်များအသွင်ဆောင် လက်နက်ကိုင်များက တိုက်ခိုက်ခြင်းတွင် ပါကစ္စတန်တာလီဘန်များက ၎င်းတို့တွင်တာဝန်ရှိကြောင်း ကြေညာသည်။ **(ဓါတ်ပုံ)**

တနင်္ဂနွေနေ့ည လေဆိပ်တိုက်ခိုက်ခြင်းမှာ ၎င်းတို့၏ အကြီးအကဲဟောင်း ဟာကီမူလာချ် မက်ဆွတ်သေဆုံးရခြင်းအတွက် လက်စားချေခြင်းဖြစ်ကြောင်း ပါကစ္စတန် တာလီဘန်တပ်မှူး အဗ္ဗဒူလာဘာဟာက တည်နေရာဖော်ပြခြင်း မပြုသောဒေသမှ ပြောကြားသည်။

မက်ဆွတ်သည် အမေရိကန် မောင်းသူမဲ့လေယာဉ် တိုက်ခိုက်မှုကြောင့် မြောက်ဝါဇီရစ္စတန်၌ လွန်ခဲ့သည့် နိုဝင်ဘာလတွင် သေဆုံးခဲ့သည်။

တနင်္ဂနွေနေ့ညနှောင်းပိုင်းတွင် သေနတ်များ၊လက်ပစ်ဗုံးများ ကိုင်ဆောင်ပြီး အသေခံဗုံးခွဲ ခါးပတ်များပတ်ထားသည့် စစ်သွေးကြွများသည် လေဆိပ်၏ ကုန်စည်ထားရှိရာနယ်မြေကို တရကြမ်း ဝင်ရောက်တိုက်ခိုက်ကြသည်။

၎င်းကုန်စည်နယ်မြေသည် ခရီးသည် လေယာဉ်များ ပျံတက်ရာနယ်မြေမှ တစ်ကီလိုမီတာခန့် ကွာဝေးသည်။

တိုက်ခိုက်မှုမှာ ငါးနာရီကြာမြင့်ခဲ့ပြီး တိုက်ပွဲပြီးဆုံးချိန်၌ ၂၈ ဦး သေဆုံးခဲ့သည်။ သေဆုံးသူများတွင် လေဆိပ်လုံခြုံရေးတပ်ဖွဲ့ဝင်ရှစ်ဦး၊ ပါကစ္စတန်နိုင်ငံတကာလေကြောင်းလိုင်း ဝန်ထမ်းနှစ်ဦးနှင့် အထူးတပ်ဖွဲ့ဝင်တစ်ဦးတို့ ပါဝင်သည်။ ဒဏ်ရာရရှိသူ ၂၄ ဦးရှိသည်ဟု စစ်ဘက်က ပြောသည်။

တိုက်ခိုက်သူစစ်သွေးကြွ ၁၀ ဦးလုံး သေဆုံးကြကြောင်း၊ နှစ်ဦးမှာ အသေခံဗုံးခွဲ ခါးပတ်ဖောက်ခွဲ၍ သေဆုံးခြင်းဖြစ်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်အာရှင်ဘာရီဆာက ပြောသည်။

အာဏာပိုင်များက စက်သေနတ်လေးလက်၊ ဒုံးပစ်လောင်ချာတစ်လက်တို့ကို သိမ်းဆည်းရမိကြောင်း ရဲတပ်ဖွဲ့အကြီးအကဲ ဟူလန်ကာဒီးယာသီးဂိုးက ပြောသည်။

တိုက်ပွဲအတွင်း အဆောက်အအုံတစ်လုံး မီးလောင်ခဲ့ပြီး လေယာဉ်တစ်စင်းမျှ ထိခိုက်ပျက်စီးခြင်းမရှိကြောင်း ဘာရီဆာက ပြောသည်။ ခရီးသည်အားလုံးကို အန္တရာယ်ကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့သည်ဟု တာဝန်ရှိသူများက ပြောသည်။

လေဆိပ်အာဏာပိုင်များက လေယာဉ်ပျံသန်းမှုအားလုံးကို ရပ်ဆိုင်းထားပြီး လေဆိပ်သို့ ဦးတည်ပျံသန်းလာသော လေယာဉ်များကို အခြားလေဆိပ်များသို့ လွှဲပြောင်းပေးခဲ့သည်။

မြို့ပြလေကြောင်း အာဏာပိုင်အဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူက လေဆိပ်ကို အနည်းဆုံး တနင်္လာနေ့ညတိုင်အောင် ပိတ်ထားမည်ဟု ပြောသည်။

လွန်ခဲ့သောရက်များတွင် ပါကစ္စတန်အစိုးရက ပြည်နယ်တာဝန်ရှိသူများကို အရေးကြီးသော အဆောက်အအုံတစ်ခု တိုက်ခိုက်လာဖွယ်ရာရှိကြောင်း သတိပေးခဲ့သည်ဟု ယင်းပြည်နယ်ဝန်ကြီးချုပ်က ပြောသည်။ သို့သော် သတိပေးချက်တွင် လေဆိပ်ဟု ဖော်ပြထားခြင်းမရှိဟု ဆိုသည်။ **စီအင်န်အင်န်/အေပီ။**

အာမက်မေတက်အား ဝန်ကြီးချုပ်အဖြစ် တင်မြှောက်မှု တရားမဝင်ဟု လစ်ဗျားတရားရုံး ဆုံးဖြတ်

ထရီပိုလီ ဇွန် ၉

လစ်ဗျားပါလီမန်က အာမက်မေတက်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသဖြင့် တရားမဝင်ဟု တရားရုံးက ဆုံးဖြတ်လိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

တရားရုံး၏ ဆုံးဖြတ်ချက်ကို နိုင်ငံရေးပါတီများအားလုံးက လိုက်နာရန်လိုအပ်သည်ဟု အစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လစ်ဗျားပါလီမန်သည် မေလက အာမက်မေတက်အား ဝန်ကြီးချုပ်အဖြစ် မဲပေးရွေးချယ်ခဲ့ပြီးနောက် စင်ပြိုင်ဝန်ကြီးချုပ်နှစ်ဦး ရှိလာသည်။ အဗ္ဗဒူလာအယ်လ်သာနီသည် ဝန်ကြီးချုပ်အာဏာကို စွန့်လွှတ်ခဲ့ခြင်းမရှိသဖြင့် စင်ပြိုင်ဝန်ကြီးချုပ် ပေါ်ထွန်းလာခြင်းဖြစ်သည်။

လစ်ဗျားနိုင်ငံ၌ မွမ်မာကဒါဖီရာထူးမှ ဖြုတ်ချခံရပြီးနောက် သုံးနှစ်ကြာမြင့်သည်အထိ နိုင်ငံရေးအာဏာလွန်ဆွဲပွဲ ဆက်လက်ဖြစ်ပေါ်နေသည်။ အစ္စလာမ္မစ်အုပ်စုများနှင့် လစ်ဘရယ်အုပ်စုများအကြား ပဋိပက္ခဆက်လက်ဖြစ်ပွားနေပြီး ပြိုင်ဘက် ပြည်သူ့စစ်အုပ်စုများအကြား တိုက်ခိုက်လျက်ရှိကြသည်။

အသက် ၄၂ နှစ်အရွယ် စီးပွားရေးလုပ်ငန်းရှင် အာမက်မေတက်သည် အစ္စလာမ္မစ်တစ်ဦး မဟုတ်သော်လည်း အစ္စလာမ္မစ်အုပ်စုများ၏ထောက်ခံမှုဖြင့် ရွေးချယ်တင်မြှောက်ခံခဲ့ရသည်။

စင်ပြိုင်ဝန်ကြီးချုပ်နှစ်ဦးအား ထောက်ခံသူများအကြား လက်နက်ကိုင်တိုက်ခိုက်မှုများ ဖြစ်ပေါ်နေကြောင်း သတင်းတွင် ဖော်ပြသည်။ **ရိုက်တာ။**

လစ်ဗျားပါလီမန်က အာမက်မေတက်အား ဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

နေတိုးတပ်ဖွဲ့၏ ထောက်ပို့စခန်းဝင်းအတွင်း တာလီဘန်များတိုက်ခိုက်၊ လေးဦးသေဆုံး

ဂျလာလာဘတ် ဇွန် ၉

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း နန်ဂဟာပြည်နယ်မြို့တော် ဂျလာလာဘတ်မြို့ရှိ နေတိုးတပ်ဖွဲ့ ထောက်ပို့စခန်းဝင်းအတွင်းသို့ တာလီဘန်များဝင်ရောက် စီးနင်းတိုက်ခိုက်ရာ လေးဦးသေဆုံးကြောင်း ဇွန် ၉ ရက် သတင်းတွင် ဖော်ပြသည်။

ဇွန် ၈ ရက်ညပိုင်းတွင် စစ်သွေးကြွတစ်ဦးက ထောက်ပို့စခန်းဝင်း ဂိတ်ပေါက်၌ ကားတစ်စီးတွင် ဗုံးတပ်ဆင်ကာ ဝင်ရောက်ဗုံးခွဲကြောင်း၊ အဆောက်အအုံအတွင်း နောက်ထပ်စစ်သွေးကြွနှစ်ဦး ဝင်ရောက်နိုင်ရန် လမ်းခင်းပေးခြင်းဖြစ်ကြောင်း လုံခြုံရေးသတင်းရပ်ကွက်မှ အမည်မဖော်လိုသူတစ်ဦးက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဖြစ်စဉ်ကြောင့် စစ်သွေးကြွသုံးဦးနှင့် ရဲတပ်ဖွဲ့ဝင် တစ်ဦးသေဆုံးပြီး ရဲတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိကြောင်း ပြောကြားသည်။

ထောက်ပို့ကုန်ကားများနှင့် ကား ၂၅ စီးခန့်ကို စစ်သွေးကြွနှစ်ဦးက ဗုံးခွဲရာ ကုန်ကားများမီးလောင်ပျက်စီးသွားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ချက်ဖြင့် စစ်သွေးကြွများသေဆုံးကြောင်း ၎င်းက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုသည် တာလီဘန်စစ်သွေးကြွအုပ်စု၏ လက်ချက်ဖြစ်သည်ကို ခိုင်မာစွာ မသိရသေးချေ။ **ဆင်ဟွာ။**

ကုန်သွယ်မှုဆိုင်ရာဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် အီရန်သမ္မတ တူရကီသို့ သွားရောက်

အန်ကာရာ ဇွန် ၉

တူရကီနိုင်ငံမှ အထက်တန်းတာဝန်ရှိသူများနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်ကို ဆွေးနွေးနိုင်ရန် အီရန်သမ္မတ ဟက်ဆန်ရိုဟာနီသည် ဇွန် ၉ ရက်တွင် တူရကီနိုင်ငံသို့ရောက်ရှိလာပြီး ယင်းမှာ ၁၉၉၆ ခုနှစ်နောက်ပိုင်း အီရန်သမ္မတတစ်ဦး၏ ပထမဆုံးသော တူရကီခရီးစဉ်ဖြစ်ကြောင်း ယနေ့ဘီဘီသတင်းတွင် ဖော်ပြသည်။

၂၀၁၅ ခုနှစ်အထိ နှစ်နိုင်ငံအပြန်အလှန်ကုန်သွယ်မှု အမေရိကန်ဒေါ်လာ ဘီလီယံ ၃၀(ပေါင် ၁၈ ဘီလီယံ) အထိ ပြုလုပ်နိုင်ရေးအတွက် သဘောတူညီမှုရရှိမည်ဟု မျှော်လင့်ရသည်။

ကုလသမဂ္ဂအဖွဲ့က အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်၍ ပြစ်ဒဏ်ချမှတ်ခဲ့ပြီးနောက် အီရန်နိုင်ငံက ၎င်း၏အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ချက်လည်းဖြစ်သည်။

ဆီးရီးယားနိုင်ငံ ပဋိပက္ခနှင့်ပတ်သက်၍ နှစ်နိုင်ငံဆက်ဆံရေး ထိခိုက်ခဲ့ရမှုမှ ကျော်လွှားလွန်မြောက်နိုင်စေရေးအတွက် အီရန်နှင့် တူရကီနိုင်ငံတို့ ကုန်သွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရန်ရည်ရွယ်သည်ဟု ဆိုသည်။ အီရန်အစိုးရသည် ဆီးရီးယားနိုင်ငံသမ္မတ ဘရှားအယ်လ်အာဆတ်၏ အုပ်စိုးမှု တည်တံ့ခိုင်မာရေးအတွက် အစဉ်တစိုက် ထောက်ခံခဲ့သည်။ တူရကီအစိုးရကမူ ဆီးရီးယားသမ္မတအား ရာထူးမှ ဖယ်ရှားရေးအတွက် ဆန့်ကျင်တိုက်ခိုက်သူများအား ထောက်ကူပေးလျက်ရှိသည်။ **ဘီဘီစီ။**

လေ့လာရေးခရီးထွက်လာသော ကျောင်းသားများ ဆည်ရေဖောက်ထုတ်မှုကြောင့် အသက်ဆုံးရှုံးကြရ

နယူးဒေလီ ဇွန် ၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း တောင်ကုန်းတောင်တန်းများထူထပ်သော ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်ရှိ မြစ်တစ်စင်းအတွင်း ရေချိုးနေကြသော ကျောင်းသား ၂၀နှင့် ဆရာတစ်ဦးတို့သည် ဆည်တစ်ခုမှ ရေဖောက်ထုတ်လိုက်မှုကြောင့် ရေစီးဖြင့် မျောပါသွားခဲ့ကြရကြောင်း၊ ကယ်ဆယ်ရေးအဖွဲ့ဝင်များက အလောင်းလေးလောင်းကို ရှာဖွေတွေ့ရှိရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဇွန် ၉ ရက်တွင် သတင်းထုတ်ပြန်သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်းရှိ တက္ကသိုလ်တစ်ခုမှ လေ့လာရေးခရီးထွက်လာခဲ့ကြသော ကျောင်းသားများနှင့် ပါမောက္ခတစ်ဦးတို့သည် ဇွန် ၈ ရက်က ဟိမာချယ်ပရာဒေ့ရှ်ပြည်နယ်ရှိ ဘီးယက်စ်မြစ်အတွင်း ရေချိုးဆင်းနေချိန်တွင် မြစ်အတွင်းသို့ ဆည်ရေဖောက်ထုတ်မှုကြောင့် ရေစီးဖြင့်မျောပါသွားခဲ့ကြရကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့ကပြောကြားသည်။

ဆည်ရေဖောက်ထုတ်မှုကြောင့် မြစ်ရေ ရုတ်ခြည်းမြင့်တက်ခဲ့ပြီး ရေချိုးနေသူများ ရေစီးဖြင့်မျောပါခဲ့ကြရကြောင်း၊ အလောင်းလေးလောင်းကို ရှာဖွေတွေ့ရှိခဲ့ပြီး ကျန်သူများအသက်ရှင်သန်နိုင်မှုမှာ မျှော်လင့်ချက်မှေးမှိန်လျက်ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း ဟိုက်ဒြာဘတ်မြို့ရှိ ဗီနာနာဂျိုတီအင်ဂျင်နီယာနှင့် နည်းပညာတက္ကသိုလ်မှ လေ့လာရေးခရီးထွက်ခွာလာကြသော ကျောင်းသားများနှင့် ပါမောက္ခတစ်ဦးတို့ မမျှော်လင့်ဘဲ ကြမ္မာဆိုးနှင့် တွေ့ကြုံရခြင်းဖြစ်သည်။

ဆည်ရေဖောက်ထုတ်ခြင်းမပြုမီ ကြိုတင်သတိပေးမှု မရှိခဲ့ကြောင်း အဆိုပါတက္ကသိုလ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ **ပီတီအိုင်။**

မျောက်ဆုံးနေသော ကျောင်းသားများကို ကယ်ဆယ်ရေးအဖွဲ့ဝင်များ ရှာဖွေနေကြစဉ်။

ပြည်တွင်းရေးရာ

ကျေးလက်၊ မြို့ပြနှင့် ဒေသန္တရစီမံကိန်းရေးဆွဲခြင်းသင်တန်းဖွင့်ပွဲကျင်းပ

နေပြည်တော် ဇွန် ၉

ကျေးလက်၊ မြို့ပြနှင့် ဒေသန္တရ စီမံကိန်းရေးဆွဲခြင်းသင်တန်း အမှတ်စဉ် (၂/၂၀၁၄)ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီခွဲတွင် အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အဖွင့်အမှာ စကားပြောကြားရာ၌ ဒေသန္တရ စီမံကိန်းရေးဆွဲကြသည့် စီမံကိန်း မှူးများသည် မြို့နယ်စီမံကိန်းနှင့် မြို့စီမံကိန်းကို ခွဲခြားရေးဆွဲနိုင်ရန် လိုအပ်ကြောင်း၊ စီးပွားရေးမူဝါဒ(၄)ရပ်၏ ပထမအချက်သည် စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေးဖြစ်၍ နိုင်ငံတော်အား စက်မှုကုန်ထုတ်နိုင်ငံဖြစ်အောင် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ အချိုးကျမျှတစွာ ဖွံ့ဖြိုးတိုးတက်ရေးဖြစ်၍ အချိုးကျ မျှတစွာ ဖွံ့ဖြိုးတိုးတက်ရန် ဒေသန္တရစီမံကိန်းများသည် အရေးကြီးကြောင်း၊ မြို့နယ်စီမံကိန်းရုံးများသည် အခြေခံကျသည့် အဖွဲ့များဖြစ်၍ မတူကွဲပြားသည့် ဒေသအခြေအနေတို့ကြောင့်ဒေသန္တရ စီမံကိန်းများသည် တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုရှိနေမည်ဖြစ်ကြောင်း၊ မြို့နယ်စီမံကိန်းမှူးများသည် မြို့နယ်များရှိ စီမံခန့်ခွဲမှုကော်မတီ၊ ဖွံ့ဖြိုးမှုအထောက်အကူပြုကော်မတီ၊ စည်ပင်သာယာရေးကော်မတီတို့နှင့် အမြဲထိတွေ့နေရန် လိုအပ်ကြောင်း၊ ဒေသန္တရစီမံကိန်းသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်စီမံကိန်းကို ကိုယ်စားပြုကြောင်း၊ စီမံကိန်းမှူးများသည် ကျေးလက်၊မြို့ပြများ မည်သို့ဖြစ်ပေါ်လာသည်ကို သိရှိရန်လိုအပ်ကြောင်း၊ မြို့နယ်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ ခရိုင်ဖွံ့ဖြိုးရေးစီမံကိန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ဖွံ့ဖြိုးရေးစီမံကိန်းများကို လက်တွေ့ရေးဆွဲနေကြသည့် စီမံကိန်းတာဝန်ခံများနှင့် စီမံကိန်းအရာထမ်းများ အားလုံးသည် ဒေသ၏ သမိုင်းနောက်ခံ၊ ရာသီဥတု၊ ပထဝီဝင်အနေအထား၊ နိုင်ငံရေး၊ ဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုတို့ကိုပါ ကျွမ်းဝင်နှံ့စပ်ဖို့ လိုအပ်ကြောင်း၊ နိုင်ငံတကာတွင် ရေးဆွဲအကောင်အထည်ဖော်နေသည့် စီမံကိန်းများနှင့် အဆင့်ညီအောင် ကြိုးစားဆောင်ရွက် ရမည်ဖြစ်ကြောင်း၊ စီမံကိန်းစတင်ရေးဆွဲခြင်းမှ အကောင်အထည်ပေါ်ပြီးစီးသည်အထိ ပြုလုပ်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို သိရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ဤသင်တန်းတွင် ပို့ချလိုက်သည့် ကျေးလက်၊ မြို့ပြနှင့် ဒေသန္တရစီမံကိန်းရေးဆွဲခြင်းဆိုင်ရာ လက်စွဲစာအုပ်အတိုင်း မိမိတို့ဒေသနှင့် ပတ်သက်သည့် ဒေသန္တရစီမံကိန်းများကို အကောင်းဆုံး ရေးဆွဲဆောင်ရွက်သွားရန် တိုက်တွန်းကြောင်းနှင့် စီမံကိန်းများ ရေးဆွဲရာတွင် နိုင်ငံတော်၏ မူဝါဒ၊ ဝန်ကြီးဌာန၏ မူဝါဒ၊ နိုင်ငံတကာ စံနှုန်းများ၊ ပြည်သူများ၏ လိုအပ်ချက်ဆန္ဒများနှင့် ကိုက်ညီမှုရှိစေရန်နှင့် ရေရှည်တည်တံ့စေရေး၊ ပြည်သူဗဟိုပြု ဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ ပြည်သူများ ပါဝင်သည့် ရေရှည်တည်တံ့မည့် စီမံကိန်းများ ဖြစ်အောင် ရေးဆွဲရန် မှာကြားသည်။

သင်တန်းတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာနက ဒေသများ၏ သဘောတရားများ၊ ဒေသဖွံ့ဖြိုးရေးသီအိုရီများ၊ ဒေသန္တရ စီမံကိန်းရေးဆွဲခြင်း မဟာဗျူဟာများ၊ လူနှင့် သဘာဝပတ်ဝန်းကျင်တို့၏ သက်ရောက်မှုများ၊ မြို့ရွာတည်ခြင်း စံနှုန်းများ၊ ကျေးလက်၊မြို့ပြ အယူအဆအပေါ် ဆန်းစစ်ချက်နှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကန့်သတ်ချက်များ၊ မြို့ပြပတ်ဝန်းကျင်စီမံခန့်ခွဲမှု၊ ရေရှည်ဖွံ့ဖြိုးတိုးတက်သော မြို့ပြဖွံ့ဖြိုးရေး သဘောတရားများ၊ ကျေးလက်နှင့် မြို့ပြဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး၊ ပြည်သူ့ရေးရာမူဝါဒ (Public Policy)တို့နှင့် ပတ်သက်၍ လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ရွာနှင့် အိုးအိမ်ဦးစီးဌာနက မြို့ပြနှင့်ဒေသန္တရ စီမံကိန်းရေးဆွဲခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျေးလက်ဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲခြင်းနှင့် ပတ်သက်၍ လည်းကောင်း ပို့ချသွားမည်ဖြစ်သည်။

အဆိုပါ သင်တန်းသို့ သင်တန်းသား သင်တန်းသူ ၉၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ဇွန် ၁၇ ရက်အထိဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် Civil Service Training သင်တန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၉

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ဂျာမန်ဖောင်ဒေးရှင်း (Konrad Adenauer Stiftung)တို့ ပူးပေါင်းဖွင့်လှစ်သည့် Civil Service Training သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။**(အပေါ်ပုံ)**

သင်တန်းဖွင့်ပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွင့်က အဖွင့်အမှာစကား ပြောကြားပြီး ဂျာမန်ဖောင်ဒေးရှင်းမှ မြန်မာနိုင်ငံ ကိုယ်စားလှယ် Dr. Thomas Lawo က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို ဂျာမနီနိုင်ငံ (Konrad Adenauer Stiftung)၏ ကူညီထောက်ပံ့မှုဖြင့် စင်ကာပူနိုင်ငံမှ မီဒီယာကျွမ်းကျင်သူများဖြစ်ကြသော ဒေါက်တာတင်မောင်မောင်သန်း၊ Dr. N. Ganesan နှင့် ဒေါ်စိမ့်ရီထက်တို့က သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းကို ဇွန် ၁၁ ရက်အထိ သုံးရက်ကြာဖွင့်လှစ်မည်ဖြစ်သည်။ ယနေ့တွင် ဒေါက်တာ တင်မောင်မောင်သန်းက Myanmar's political economy ၊ Social science terminology နှင့် Human Security ခေါင်းစဉ်များဖြင့် ဆွေးနွေးပို့ချခဲ့သည်။

ဇွန် ၁၀ ရက်တွင် Dr. N. Ganesan က public administration ၊ Evolution of public administration approaches နှင့် Core values ခေါင်းစဉ်များဖြင့် လည်းကောင်း၊ ဇွန် ၁၁ ရက်တွင် ဒေါ်စိမ့်ရီထက်က Leadership and people management competencies ၊ Understanding self and others နှင့် Skills for team leadership ခေါင်းစဉ်များဖြင့်လည်းကောင်း သင်ကြားပို့ချမည်ဖြစ်သည်။

သင်တန်းသို့ ဝန်ကြီးဌာနများမှ သင်တန်းသား သင်တန်းသူ ၅၂ ဦး တက်ရောက်ကြပြီး ရန်ကုန်တွင်လည်း ဇွန် ၁၂ ရက်မှ ၁၄ ရက်အထိ သုံးရက်တာ သင်တန်းပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မီးသတ်ပြု ကာကွယ်မှု ပေါင်းစုဆောင်ရွက်ကြ

ဥပဒေရေးရာဆွေးနွေးခြင်း

ဦးဟန်ညွန့်(ဥပဒေ)

"မသိလျှင်မေး၊ မစင်လျှင်ဆေး"ဟူသော စကားရှိသည်။ မသိလျှင်မေးပါ။ မစင်လျှင် ဆေးပါ။ ရှက်စရာမဟုတ်ပါ။ ဥပဒေပညာသည် လေ့လာစရာ၊ ဆွေးနွေးစရာ ပညာရပ်ဖြစ်သည်။ ဥပဒေကိုမသိ၍ဟု ထုချေ၍မရ။ ဥပဒေကို သိမှုဖြစ်မည်။ ဥပဒေရေးရာဆွေးနွေးစရာဟု မှတ်ယူသင့်သည်။ ဥပဒေပညာရှင်များကလည်း ဥပဒေအသိပညာ ဖြန့်ဝေပေးရမည်။ ပြည်သူအများ ကျေညက်စွာ တတ်သိအောင် ကြံဆောင်သင့်သည်။ သို့မှသာ တရားဥပဒေစိုးမိုးရေး အလှမ်းမဝေးမည်။

ဥပမာတစ်ခုတင်ပြပါရစေ။ လူမှုဖူလုံရေးဥပဒေအကြောင်းဆိုကြပါစို့။ ပြည်ထောင်စုလွှတ်တော်က ၃၁-၈-၂၀၁၂ ရက်နေ့တွင် ပြဋ္ဌာန်းသည့် ဥပဒေအမှတ် ၁၅ ဖြစ်သည်။ ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်ကျင့်သုံးအကောင်အထည်ဖော်ခဲ့သည်။ အမိန့်ကြော်ငြာစာထုတ်ပြန်ပြီး သတ်မှတ်သည့်နေ့ရက်မှစတင်အာဏာတည်သော ဥပဒေအမျိုးအစားဖြစ်သည်။ အဆိုပါဥပဒေအကြောင်း လေ့လာဖတ်ရှုသူ နည်းပါးမည်ထင်သည်။ တကယ်တော့ ဤဥပဒေသည် အလုပ်သမားများအတွက် အရေးကြီးသော ဥပဒေဖြစ်သည်။ ရည်ရွယ်ချက်များ ဖတ်ကြည့်စေချင်သည်။

ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အလုပ်သမားများ၏ ကျန်းမာရေးနှင့် လူမှုရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရေးအတွက် အလုပ်ရှင်၊ အလုပ်သမားနှင့် နိုင်ငံတော်က စုပေါင်းအာမခံပြီး နိုင်ငံတော်၏အဓိက ကုန်ထုတ်စွမ်းအားစုဖြစ်သော အလုပ်သမားများ၏ လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုခံစားရရှိစေခြင်းဖြင့် ကုန်ထုတ်လုပ်မှုတိုးတက်ပြီး နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်၊

(ခ) အများပြည်သူတို့က မိမိတို့၏ ဆန္ဒအလျောက် အာမခံထားရှိနိုင်ပြီး လူမှုဘဝလုံခြုံရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုများကို ပိုမိုရရှိခံစားနိုင်စေရန်၊

(ဂ) လက်တွေ့ပကတိအခြေအနေနှင့် ကိုက်ညီသော အကျိုးခံစားခွင့်များ ပေးခြင်းဖြင့် လူမှုဖူလုံရေးစနစ်အပေါ် အများပြည်သူ ယုံကြည်ကိုးစားမှုများ ပိုမိုတိုးပွားလာစေရန်

(ဃ) အလုပ်ရှင်နှင့် အလုပ်သမားတို့က ပေးသွင်းထားသည့် အချို့သော ထည့်ဝင်ကြေးငွေများကို စုဆောင်းငွေကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ ပြန်လည်ထုတ်ယူခံစားခွင့်ရှိစေရန်၊

(င) အလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် မကျန်းမာမှု၊ မီးဖွားမှု၊ သေဆုံးမှုနှင့် အလုပ်တွင်ထိခိုက်မှုအတွက် ငွေကြေးအကျိုးခံစားခွင့်တို့အပြင် အငြိမ်းစားယူပြီးနောက် ဆေးဝါးကုသမှု ဆက်လက်ခံယူခွင့်၊ မိသားစု ထောက်ပံ့မှုအကျိုးခံစားခွင့်၊ အလုပ်လုပ်ကိုင်နိုင်စွမ်းမရှိမှု အကျိုးခံစားခွင့်၊ သက်ပြည့်အငြိမ်းစားအကျိုးခံစားခွင့်၊ ကျန်ရစ်သူအကျိုးခံစားခွင့်၊ အလုပ်လက်မဲ့အကျိုးခံစားခွင့်၊ အိမ်ရာနေထိုင်ခွင့်နှင့် ပိုင်ဆိုင်ခွင့်များကိုပါ ရရှိစေရန်။

ဥပဒေများကို ကျယ်ကျယ်ပြန့်ပြန့်သိရှိရေးသည် အရေးကြီးလှသည်။ လူမှုဖူလုံရေးဥပဒေတွင် အာမခံစနစ်ခြောက်မျိုးရှိသည်။ သုံးမျိုးဖြစ်သည့် ကျန်းမာရေးနှင့် လူမှုရေးစောင့်ရှောက်မှုအာမခံစနစ်၊ မိသားစုထောက်ပံ့မှုအာမခံစနစ်၊ လုပ်ငန်းခွင်တွင်း ထိခိုက်မှုအာမခံစနစ်အကြောင်း သိရှိဖို့လိုမည်။ အလုပ်သမားများ၏ ဘဝတင့်တယ်လှပဖို့၊ တာဝန်ရှိသူတွေကလည်း ပညာပေးဖို့လိုမည်။ ဥပဒေကို ကျယ်ကျယ်ပြန့်ပြန့်သိပါမှ၊ ပညာပေးထားပါမှ လက်တွေ့အကျိုးကျေးဇူးခံစားရပေမည်။

တည်ဆဲဥပဒေအချို့မှာ အင်္ဂလိပ်ဘာသာဖြင့်သာရှိသေးသည်။ အကြောင်းအမျိုးမျိုးကြောင့် မပြင်နိုင်သေး။ မြန်မာဘာသာပြန်ရေး ဆောင်ရွက်နေသည့်ကြားကမပြီးသေး။ အားလုံးပြည့်စုံပြီးပြတ်အောင်မဆောင်ရွက်နိုင်သေး။ မြန်မာစာသည် ရုံးသုံးစာဖြစ်သည့်အတွက် ဥပဒေများအားလုံး မြန်မာဘာသာနှင့် ရေးဖြစ်အောင် ကြိုးပမ်းကြရဦးမည်။

"ရုံးခွန်အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ကို ပြည်ထောင်စုလွှတ်တော်က ၁၉-၃-၂၀၁၄ ရက်နေ့တွင် ပြဋ္ဌာန်းသည်။ မူရင်းဥပဒေများမှာ အင်္ဂလိပ်ဘာသာဖြစ်၍ အင်္ဂလိပ်ဘာသာဖြင့်သာ အစားထိုးပြင်ဆင်သည်။ ရုံးခွန်အက်ဥပဒေဇယားများကိုလည်း အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသည်။ လိုအပ်ချက်အရ မြန်မာဘာသာပြန်ပေးရသည်။ ပြည်သူအများသိဖို့၊ နားလည်ဖို့ အရေးကြီးသည်။ လက်တွေ့လိုက်နာရမည့်သူများ နားလည်မှုဖြစ်မည်။ ဥပဒေပြဋ္ဌာန်းခြင်း၏ ရည်ရွယ်ချက်အောင်မြင်ဖို့လိုသည်။

ဥပဒေအသစ်ပြဋ္ဌာန်းတိုင်း အောက်ခြေလူထုအထိ၊ ကျေးလက်တောရွာများအထိ ဥပဒေဗဟုသုတဝေငှရမည်။

> ဥပဒေအသစ်ပြဋ္ဌာန်းတိုင်း အောက်ခြေလူထုအထိ၊ ကျေးလက်တောရွာများအထိ ဥပဒေဗဟုသုတဝေငှရမည်။ ဥပဒေပညာပေးရမည်။ ခက်ခဲနက်နဲသော အင်္ဂလိပ်ဘာသာဖြင့်သာ တည်ဆဲဖြစ်သောဥပဒေများ ဖြစ်ပါက ပို၍ပို၍ ဂရုပြုသင့်သည်

ဥပဒေပညာပေးရမည်။ ခက်ခဲနက်နဲသော အင်္ဂလိပ်ဘာသာဖြင့်သာ တည်ဆဲဖြစ်သော ဥပဒေများဖြစ်ပါက ပို၍ပို၍ ဂရုပြုသင့်သည်။ လူထုသိအောင်၊ နားလည်အောင် မည်သို့ကြံဆောင်မည်လဲ။ တာဝန်ရှိသူအပေါင်း လူထုအပေါ် မည်မျှ စေတနာမေတ္တာထားမည်လဲ။ ပြည်သူ့အကျိုးမည်သို့သယ်ပိုးမည်လဲ။ တရားဥပဒေစိုးမိုးရေး တာဝန်မည်မျှကျေပွန်မည်လဲ။

ရုံးခွန်အက်ဥပဒေကို မကြာခဏပြင်တတ်ကြသည်ဟု ပြောကြသည်။ ဘာကြောင့်လဲ။ ယခုအခါ ထိုက်သင့်သောရုံးခွန်အကြောင်း အများသူငါသိကြပြီလား။ တရားရုံးအဆင့်ဆင့်တွင် အမှုလိုက်ပါသော ရှေ့နေလူငယ်အချို့ပင် မှားတတ်ကြသေးသည်။ ပညာပေးမှုလိုသေးသည်။ သက်ဆိုင်ရာဌာနများက တံဆိပ်ခေါင်းရောင်းချပေးရုံ သက်သက်မျှဖြင့် တာဝန်ကျေမည်မဆိုနိုင်သေး။ ထိထိရောက်ရောက်ပညာလည်းပေး၊ နိုင်ငံတော်အတွက် အခွန်တာဝန်လည်းကျေစေ၊ ယခုထက်ပို၍ ဟောပြောပွဲတွေ၊ အခွန်ဥပဒေများအကြောင်း ဆွေးနွေးပွဲတွေ ပို၍ပို၍ ကျင်းပနိုင်ကြပါစေ။ ပြည်သူအများသို့ ဥပဒေပညာဗဟုသုတများ ဖြန့်ဝေနိုင်ကြပါစေ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက "လယ်ယာမြေဥပဒေ၊ နည်းဥပဒေ"အကြောင်း ဟောပြောပွဲများ ကျင်းပနေကြောင်း သတင်းစာတွင် ဖတ်ရသည်။ ဆွေးနွေးပွဲများကိုလည်း ကျေးလက်တောရွာများအထိ အောက်ခြေဆင်းပြီး ပညာပေးကြောင်း မြင်ရ၊ တွေ့ရသည်။ ဥပဒေစာအုပ်များအခမဲ့ဝေငှခြင်း၊ မသိလျှင်မေး၊ မရှင်းလျှင် ဖြေပေးခြင်းဖြင့် ပြဿနာအချို့ပြေလည်သည်။ ပြင်စရာရှိလျှင် ပြင်နိုင်သည်။ အမှားအမှန်ဆင်ခြင်နိုင်မည်။ ဥပဒေ၏ အားနည်းချက်၊ အားသာချက်သုံးသပ်နိုင်မည်။ ကွင်းဆင်းခြင်း၏ ကျေးဇူး။

ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် စပ်ဆိုင်သော ၁၉၅၇ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေနှင့် ၁၉၆၂ ခုနှစ် ရှေးဟောင်းဝတ္ထုပစ္စည်းများ အက်ဥပဒေကို ပြင်သည့်ဥပဒေ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေနှင့် နည်းဥပဒေများ ပြဋ္ဌာန်းထားရှိသည်။ အဆိုပါဥပဒေများသည် ဝန်ကြီးဌာနနှင့်သာ သက်ဆိုင်သည်မဟုတ်။ ပြည်သူအများ၊ လိုက်နာသူများနှင့်လည်း သက်ဆိုင်သည်။ သို့ဖြစ်၍ ပုဂံယဉ်ကျေးမှုနယ်မြေ၊ သရေခေတ္တရာယဉ်ကျေးမှုနယ်မြေများအပါအဝင် ယဉ်ကျေးမှုဒေသအားလုံးသို့ ဥပဒေပညာပေးဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ ဥပဒေစာအုပ်များ ဖြန့်ဝေလေ့လာမှုအစီအစဉ်များ စီမံဆောင်ရွက်လျက်ရှိပါသည်။

သတင်းမီဒီယာဥပဒေကို ၁၄-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေကို ၁၄-၃-၂၀၁၄ ရက်နေ့တွင်လည်းကောင်း ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါသည်။ ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်၍ ဆွေးနွေးပွဲများ၊ ပညာပေးညှိနှိုင်းပွဲများ ကျင်းပနေသကဲ့သို့ ဆိုင်ရာအသင်းအဖွဲ့များကလည်း ဆွေးနွေးမှုပြုနေကြပါသည်။ နည်းဥပဒေရေးဆွဲရေး ညှိနှိုင်းနေကြပါသည်။ ကျယ်ကျယ်ပြန့်ပြန့် အောက်ခြေအထိ ညှိနှိုင်းနိုင်ကြလေလေ ပိုမို၍ ဥပဒေစွမ်းရည် မြင့်မားလေလေဖြစ်ပါမည်။

တရားစီရင်ရေးတွင် အမှန်တရားသည် အဓိကဖြစ်ပါသည်။ မှန်ကန်သောဆုံးဖြတ်ချက်ကိုသာ ပြည်သူတို့မြတ်နိုးကြပါသည်။ မှန်ကန်သော ဆုံးဖြတ်ချက်ကို မည်သို့ချမှတ်နိုင်ပါမည်လဲ။ အောက်ပါအချက်(၃)ချက် ပြည့်စုံဖို့လိုမည်။

(၁) ဥပဒေအင်္ဂါရပ် စုံလင်ရမည်(Substantive Law)၊

(၂) ဖြစ်ရပ်မှန်တင်ပြရမည်။ သက်သေခံချက် ခိုင်လုံရမည်(Evidence)၊

(၃) အမှုစစ်ဆေးပုံ မှန်ကန်ရမည်။ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ရမည်(Procedure)၊

တရားရုံးတွင် ခုခံချေပခွင့်နှင့် အယူခံပိုင်ခွင့်ပေးသည်။ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်သည်။ ပြည်သူ့ရှေ့မှောက်တွင် တရားစီရင်သည်။ ပြည်သူတို့၏အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်သည်။ အဆိုပါ အခြေအနေများတွင် ဥပဒေကို ပြည်သူတို့နားလည်ရမည်။ ဥပဒေကို သိရမည်။ ဥပဒေကိုလိုက်နာသော အကျင့်ရှိရမည်။

တရားရုံးက အပြစ်ရှိကြောင်း မစီရင်သမျှ အမိန့်မချမီအချိန်အထိ စွပ်စွဲခံရသူသည် အပြစ်မရှိသူဖြစ်သည်။ အပြစ်မရှိသူဟု မှတ်ယူရမည်။ ဤကား လူ့အခွင့်အရေးအရ ဥပဒေက ခွင့်ပြုချက်ဖြစ်သည်။ အပြစ်မရှိသူကို အပြစ်ရှိသူအဖြစ် ကြိုတင်ဆုံးဖြတ်ရန်မသင့်။ ဥပဒေပြဋ္ဌာန်းချက် မကျော်လွန်သင့်။ ကြိုတင်အပြစ်ပေးသည့်သဘောမဖြစ်သင့်။ ဤမူသဘောကို ဆွေးနွေးပညာပေးကြရမည်။

ဥပဒေများအနက် အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဥပဒေ၏ ရည်ရွယ်ချက်ကို အခြေခံသည်။ သဘာဝကျကျ နေ့စဉ်သုံး စကားလုံးအဓိပ္ပာယ်ကို ကောက်ရမည်။ ရှင်းလင်းပြီးသားအချက်ကို ထပ်မံရှင်းလင်းရန်မလို။ အဓိပ္ပာယ်နှစ်ခွဖြစ်နေမှသာ အနက်အဓိပ္ပာယ်ဖွင့်ရန်လိုမည်။ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အများပြည်သူအကျိုးကို ရှေးရှုရမည်။ တည်ဆဲစကားရပ်များအနက် အဓိပ္ပာယ်ဖွင့်ဆိုရေးဥပဒေကို အခြေခံ၍ စကားရပ်များကောက်ယူရမည်။ ဥပဒေရေးဆွဲသူတိုင်း ရှေ့နောက်မညီသော၊ အဓိပ္ပာယ်နှစ်ခွဖြစ်စေသော ဥပဒေများ မရေးဆွဲအပ်။ ပြည်သူအများ၏ကြားတွင် တိကျသော အရေးအသား၊ ရှင်းလင်းသောစာသားများသာ ရေးဆွဲအပ်သည်။ သို့မှလည်း ဥပဒေကို ပြည်သူတို့အားကိုးမည်။ ယုံကြည်မည်။ အလေးဂရုပြုမည်။ ဥပဒေများကို မည်သို့အနက်အဓိပ္ပာယ်ဖွင့်ရမည်ကို ဆွေးနွေးကြရမည်။ ပညာပေးကြရမည်။ ဥပဒေနှင့်ပြည်သူ အလှမ်းမကွာဝေးအောင် အမြဲကြံဆောင်နေရမည်။

ဥပဒေရေးရာဆွေးနွေးပွဲများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွင်း မကြာခဏကျင်းပသည်။ မိမိတပ်ဖွဲ့အတွက်သာမက လူထုအကြား၊ ကျေးလက်တောရွာများအထိ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များ စဉ်ဆက်မပြတ် ဆောင်ရွက်သည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ဟောပြောသည်။ နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း အလုပ်ရုံဆွေးနွေးပွဲများ၊ သင်တန်းများကျင်းပသည်။ ဥပဒေနှင့် ကင်း၍မရ။ လုပ်စရာတွေများလှသည်။

တက္ကသိုလ်များမှ ဥပဒေပညာဌာနများသည် ဥပဒေပညာဖြန့်ဝေရေး၊ သင်ကြားရေးတာဝန်ယူသည်။ သင်ရိုးညွှန်းတမ်းများကို ခေတ်မီအောင် ရေးဆွဲသည်။ ဥပဒေပညာဟူသည် ဥပဒေစာအုပ်ထူထူကြီးများ၌သာ ကိန်းအောင်း၍မနေ။ တက္ကသိုလ်ရင်ခွင်ထဲ၌သာ ဥပဒေပညာရပ်မှီခိုနေခြင်းမဟုတ်။ လူထုကြားတွင် ဥပဒေပညာပြန့်ပွားနေရမည်။ လူထုအတွက် တရားဥပဒေစိုးမိုးရေးဟူသော ဦးတည်ချက်ကို မမေ့ဖို့ အရေးကြီးသည်။ တက္ကသိုလ်ဥပဒေနောက်ဆုံးနှစ် ကျောင်းသားများအား စာတွေ့နှင့် လက်တွေ့ပေါင်းစပ်ပေးသင့်သည်။ တရားခွင်လက်တွေ့လေ့လာရေး အချိန်ပေးသင့်သည်။ ရဲစခန်း၊ အကျဉ်းထောင်များသို့ သတ်မှတ်ချိန်ထား၍ ဥပဒေပညာ လက်တွေ့ကွင်းဆင်းသင့်သည်။ စာတွေ့၊ လက်တွေ့ ဥပဒေရေးရာပေါင်းစပ်ခြင်းဟု ဆိုနိုင်သည်။

ဥပဒေရေးရာများအကြောင်း လေ့လာစရာတွေများလှပေသည်။ ဆွေးနွေးစရာတွေ စုံလှပေသည်။ တစ်နေ့တည်း၊ တစ်ရက်တည်း လေ့လာ၍မရ။ မှတ်သား၍မဖြစ်နိုင်။ တရားဥပဒေစိုးမိုးရေးအတွက်၊ ပညာရေးအတွက်၊ ဥပဒေအသိဉာဏ်ဗဟုသုတ ပွားများရေးအတွက် နည်းမျိုးစုံဖြင့်ဆောင်ရွက်ရန်သာ ဖြစ်သည်။ ခက်ခဲနက်နဲသော အတတ်ပညာကို ပညာရှင်များအတွက် သီးသန့်ရည်ရွယ်ပါသည်။ ဥပဒေပညာရှင်များ၏ တာဝန်ကျေပွန်မှုဖြင့် လူထုကို ပညာပေးသည့်သဘော နှီးနှောစေလိုခြင်းသာဖြစ်ပါသည်။

"ဥပဒေရေးရာဆွေးနွေးခြင်း"ဖြင့် ပြည်သူလူထုအတွင်း တရားဥပဒေစောင့်ထိန်းလိုက်နာစေခြင်းကို ကြိုဆိုအပ်ပါကြောင်း။ ။

ဝမ်းမြောက်ဂုဏ်ယူ

မန္တလေးမြို့နေ ဦးရဲလင်းနှင့် ဒေါ်နီနီဝင်းတို့၏ သမီးငယ် **မစုနန္ဒာလင်း(ခုံအမှတ်-မရတ-၁၀၆၈)**သည် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အင်္ဂလိပ်စာ၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒနှင့် ဇီဝဗေဒဘာသာရပ်များတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြောင်းသိရှိရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူအပ်ပါသည်။

ဒေါက်တာအောင်မျိုး-ဒေါ်ရီရီလင်းမိသားစု

ဗိုလ်ကြီးရန်မျိုးအောင်-ဒေါ်ရီရီမင်းမိသားစု

ဦးဝင်းညွန့်-ဒေါ်ရီရီဝင်းမိသားစု

ပြည်သူ့လွှတ်တော်အစည်းအဝေး

မြေကွက်များကို ကုန်ပစ္စည်းသဖွယ် အကျိုးအမြတ်အတွက် ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း၊ ဈေးကစားခြင်းတို့ကြောင့် အဆမတန်ဈေးနှုန်းကြီးမြင့်လျက်ရှိ

နေပြည်တော် ဇွန် ၉

မြန်မာနိုင်ငံအတွင်း ဖြစ်ပေါ်နေသည့် မြင့်မားနေသော မြေဈေးနှုန်းကို သင့်လျော်သော ဈေးနှုန်းတစ်ရပ်ဖြစ်စေရန်အတွက် ထိန်းညှိဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိကို **လှည်းကူးမဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း**က ယနေ့ကျင်းပသည့် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့၌ မေးမြန်းခဲ့သည်။

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ပိုင်ဆိုင်မှုခွန် (Property Tax)ဆိုသည်မှာ "မြေဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ မြေနှင့် အဆောက်အအုံဖြစ်စေ၊ ၎င်းတို့၏ နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်သော ရာခိုင်နှုန်းဖြင့် ကောက်ခံသောအခွန်ကို ဆိုသည်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားပါကြောင်း၊ ဒေသအစိုးရများမှ ဒေသတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုရန် ကောက်ခံလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် ပိုင်ဆိုင်မှုခွန်အနေဖြင့် ဒေသအတွင်း မြေ၊ အဆောက်အအုံနှင့် နေထိုင်သူအားလုံးအပေါ် ကောက်ခံရသည့် အမျိုးအစားဖြစ်သောကြောင့် ဒေသအလိုက် ရာဖြတ်အဖွဲ့၏ တန်ဖိုးသတ်မှတ်ချက်ဖြင့် လက်ရှိပြည်သူများတစ်ဦးစီ၏ ဝင်ငွေအပေါ် ချိန်ဆပြီး အများပြည်သူ ပေးဆောင်နိုင်သည့် အခွန်နှုန်းထားဖြင့် ကောက်ခံလျက်ရှိပါကြောင်း။

နိုင်ငံသားတစ်ဦးအနေဖြင့် နေရေးလိုအပ်ချက်အတွက် မြေ၊ အိမ်၊ အဆောက်အအုံကို တစ်ကြိမ်တစ်ခါဝယ်ယူမှုနှင့် ပတ်သက်၍ အခွန်ဝန်ထုပ်ဝန်ပိုးနည်းနည်းဖြင့် အခွန်ဆောင်နိုင်ရန် ခြွင်းချက်အဖြစ် သတ်မှတ်ပေးထားသော သက်သာသည့်နှုန်းထားဖြင့် အခွန်ပေးဆောင်ရမည်ဖြစ်သော်လည်း မြေကို ကုန်စည်တစ်ခုကဲ့သို့ ရောင်းဝယ်နေသူများအတွက် အခွန်နှုန်းဖြစ်သည့် (၃၀) ရာခိုင်နှုန်းနှင့် ဝင်ငွေခွန်စည်းကြပ်ကောက်ခံခြင်းဖြင့် ထိန်းညှိဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်ဦးအနေဖြင့် မြေကွက်မည်၍မည်မျှသာ ဝယ်ယူပိုင်ဆိုင်ခွင့်ရှိသည်ဟု ဥပဒေတစ်ရပ်အနေဖြင့် ပြဋ္ဌာန်းသတ်မှတ်ချက် မရှိပါသဖြင့် ငွေရှင်ကြေးရှင် ချမ်းသာကြွယ်ဝသူများ၊ ငွေကြေးအထိုက်အလျောက်ရှိပြီး ဝယ်ရောင်းပြုသူများက မြေကွက်များကို ကုန်ပစ္စည်းသဖွယ် အကျိုးအမြတ်အတွက် ဝယ်ယူရင်းနှီးမြှုပ်နှံခြင်း၊ ဈေးကစားခြင်းတို့ကြောင့် မြေယာဈေးသည် မတည်မငြိမ်ဖြစ်ပြီး အဆမတန် ဈေးနှုန်းကြီးမြင့်လျက်ရှိပါကြောင်း။

အိမ်၊ ခြံ၊ မြေယာများကို တရားဝင်မှတ်ပုံတင်စာချုပ်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်။

စာတမ်းဖြင့် ဝယ်ယူပြီး မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် မြေအမည်ပြောင်းခြင်း၊ အခွန်ဌာနတွင် အိမ်ခွန်အမည်ပြောင်းခြင်းများ ဆောင်ရွက်ပါက မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြေခွန်၊ အိမ်ခွန်များကို စည်းကြပ်ကောက်ခံလျက်ရှိပါကြောင်း၊ အချို့သော ငွေရှင်ကြေးရှင် မြေပွဲစားများက မြေယာကွက်များကို တရားဝင် အရောင်းအဝယ် မှတ်ပုံတင်စာချုပ်စာတမ်းပြုလုပ်ခြင်း မရှိဘဲ မြေကွက်ပိုင်ရှင်များထံမှ General Power / Special Power များဖြင့် ဝယ်ယူထားသဖြင့် နိုင်ငံတော်အတွက် အခွန်အခနစ်နာပြီး မြို့ပြဖွံ့ဖြိုးတိုးတက်မှုမရှိသည့်အပြင် အိမ်၊ မြေယာဈေးသည်လည်း တည်ငြိမ်မှုမရှိဘဲ မြေဈေးနှုန်းကြီးမြင့်လျက်ရှိကြောင်း တွေ့ရှိရပါကြောင်း။

၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေတို့တွင်လည်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းကိစ္စရပ်များအတွက် စာချုပ်ပါထိုက်သင့်သည့် တံဆိပ်ခေါင်းခွန်နှင့် စာချုပ်စာတမ်းမှတ်ပုံတင်ကြေးတို့ကို ပေးသွင်းရမည်ဟု ပါရှိသော်လည်း ပိုင်ဆိုင်ခွင့်အခွန် (Property Tax) ကောက်ခံရန် ပြဋ္ဌာန်းထားမှု မရှိပါကြောင်း။

မြန်မာနိုင်ငံသားမည်သူမဆို တစ်ဦးလျှင် တစ်ကြိမ်ခံစားခွင့်ရရှိမည့် မြေ၊ အဆောက်အအုံ၊ တိုက်ခန်း၊ ယာဉ်နှင့် လုပ်ငန်းဆိုင်ရာ မတည်ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ရယူခြင်းတို့အပေါ် အခွန်နှုန်းထား

လှည်းကူး မဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း။

သက်သာခွင့်ရရှိပါကြောင်း၊ ပိုင်ဆိုင်ခွင့် (Property Tax) ကောက်ခံရန် ဥပဒေပြဋ္ဌာန်းချက်မရှိပါသဖြင့် တည်ဆဲဥပဒေနှင့်အညီ ကောက်ခံနေခြင်းဖြစ်ကြောင်း တွေ့ရှိရပါကြောင်း။

မရွှေ့မပြောင်းနိုင်သော ပစ္စည်းလွှဲပြောင်းခြင်းကို ကန့်သတ်သည့်ဥပဒေပုဒ်မ ၃ နှင့် ၄ တို့တွင် "မည်သူမျှ နိုင်ငံခြားသားနှင့်ဖြစ်စေ၊ နိုင်ငံခြားသားပိုင် ကုမ္ပဏီနှင့်ဖြစ်စေ၊ မည်သည့်နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပိုင်ကုမ္ပဏီထံမှဖြစ်စေ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေးကမ်းခြင်း၊ ပေးကမ်းသည်ကို လက်ခံခြင်း၊ ပေါင်နှံခြင်း၊ ပေါင်နှံသည်ကို လက်ခံခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းခြင်း၊ လွှဲပြောင်းသည်ကို လက်ခံခြင်း မပြုရန်" ကန့်သတ်ထားပါကြောင်း။

စီးပွားရေးဖွင့်ပေးစအချိန်များတွင် စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်နှင့် အိမ်ရာများ၊ ဈေးများကို အပြိုင်အဆိုင် အလုအယက်ဆောက်လုပ်လေ့ရှိသဖြင့် မြေရောင်းဝယ်မှု များပြားသည့်အတွက် မြေဈေးနှုန်းမြင့်တက်ပြီး မတည်မငြိမ်ဖြစ်လေ့ဖြစ်ထရှိပါကြောင်း၊ ယခုအခါတွင် စက်ရုံ၊ အလုပ်ရုံ၊ ဟိုတယ်နှင့် အိမ်ရာများ၊ ဈေးများကို သူ့နေရာနှင့်သူ ဆောက်လုပ်ရန် TOWN PLAN များ ရေးဆွဲဆောင်ရွက်လျက်ရှိရာ မြေဈေးနှုန်းများ တဖြည်းဖြည်းတည်ငြိမ်လာမည်ဖြစ်ပါကြောင်း၊ မြေဈေးနှုန်းသတ်မှတ်ခြင်းကို ယခင်က အခွန်ဦးစီးမှူး တစ်ဦးတည်းမှ ဆုံးဖြတ်ခဲ့သော်လည်း ယခုအခါတွင် အုပ်ချုပ်ရေးမှူး၊ စည်ပင်သာယာ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်၊ ရပ်မိရပ်ဖနှင့် အခွန်ဦးစီးမှူးတို့ ပါဝင်သော (၅)ဦးကော်မတီဖြင့် ဆုံးဖြတ်သတ်မှတ်ပေးလျက် ရှိပါကြောင်း။

မြေယာများကို အများအပြားပိုင်ဆိုင်ထားပြီး မြေကို ကုန်စည်တစ်ခုလိုရောင်းဝယ်၍ မြေဈေးနှုန်း မတည်မငြိမ်ဖြစ်အောင် မြေဈေးကစားနေသူများအတွက် နိုင်ငံတကာတွင် ပိုင်ဆိုင်မှုခွန်ကောက်ခံသည့် နည်းစနစ်များကို လေ့လာပြီး ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ဒေသအလိုက်လုပ်ငန်းရှင်ကြီးများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ အပြန်ပြန်အလှန်လှန်ဆွေးနွေး၍ ဒေသအလိုက် ကိုက်ညီသော ပိုင်ဆိုင်ခွန် (Property Tax) အခွန်အကောက်စနစ်တစ်ခု အမြန်ပေါ်ပေါက်လာစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့များသို့ အကြံပြုသွားမည်ဖြစ်ပြီး ဥပဒေပြုရန်လိုအပ်ပါက ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

ဝေးလံခေါင်ဖျား အရပ်ဒေသများတွင်နေထိုင်သော ကျေးလက်နေပြည်သူများအတွက် ရိုးရှင်းလွယ်ကူသော ရွေးကောက်ပွဲမဲပေးစနစ်ကိုသာ ကျင့်သုံးသင့်

နေပြည်တော် ဇွန် ၉

အမျိုးသားလွှတ်တော် ဒသမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်ခင်ဝိုင်းကြည် တင်သွင်းထားသည့် **"လာမည့်ပါတီစုံ မည်သည့်ရွေးကောက်ပွဲများတွင်မဆို အမျိုးသားလွှတ်တော်အတွက် ကိုယ်စားလှယ်များရွေးချယ်ရာ၌ အချိုးကျ ကိုယ်စားပြုစနစ်ကိုကျင့်သုံးရန် လွှတ်တော်က အဆုံးအဖြတ်ပေးပါရန်နှင့် ဥပဒေပြင်ဆင်ရေးလုပ်ငန်းများကို လိုအပ်သလို ဆက်လက်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား တိုက်တွန်းကြောင်း"**အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၈)ဦးတို့က ဆွေးနွေးကြသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးစောထွန်းမြအောင်က အချိုးကျကိုယ်စားပြုရွေးချယ်စနစ်တွင် ပါတီငယ်များအား ထောက်ခံသူများအပါအဝင် နိုင်ငံရေးအုပ်စုများသည် တရားမျှတသော ကိုယ်စားပြုမှုကိုခံစားရရှိခြင်း၊ မဲဆန္ဒရှင်များအတွက် ရွေးချယ်ခွင့်ပိုရစေ၍ စိတ်ဝင်တစား မဲထည့်သူအရေအတွက်ပိုလာပြီး လူထုပါဝင်မှု ရေချိန်မြင့်တက်လာနိုင်ခြင်း၊ လွှတ်တော်တွင် နိုင်ငံရေးပါတီအရေအတွက် ပိုလာသဖြင့် ကိုယ်စားပြုဖော်ပြသည့် အမြင်အမျိုးမျိုးကို သိရှိခွင့်ရခြင်း၊ လူမျိုးစုမျိုးစုံ၊ ဘာသာမျိုးစုံကိုယ်စားလှယ်များ ပိုမိုလာရုံသာမက အမျိုးသမီးကိုယ်စားလှယ်ပါဝင်နှုန်း မြင့်တက်လာခြင်း၊ ပါတီကြီးတစ်ခု၏ မူဝါဒနှင့် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မှုများကို အပြန်အလှန်ထိန်းကျောင်းပေးနိုင်ခြင်း၊ နိုင်ငံရေးအင်အားစုတစ်ခုက လွှတ်တော်အား သိမ်းပိုက်မှုကိုကာကွယ်နိုင်ခြင်း၊ ကိုယ်စားလှယ်လောင်းသည် သတ်မှတ်မဲမရရှိပါက မဲအနည်းဆုံးရရှိသော ကိုယ်စားလှယ်လောင်းကို ထုတ်ပယ်ပြီး ၎င်း၏မဲများကို အခြားကိုယ်စားလှယ်များထံ ပြန်လည်ဝေငှခြင်းဖြစ်၍ မျှတသောစနစ်ဖြစ်ခြင်း စသည့်အားသာချက်များကို ရရှိမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ အတိတ်သမိုင်းကြောင်းနှင့် ကမ္ဘာ့နိုင်ငံများ၏ အတွေ့အကြုံများအားလုံးကို ခြုံငုံသုံးသပ်၍ အကောင်းဆုံးသောနည်းလမ်းကို မိမိတို့အနေဖြင့် ရွေးချယ်ခွင့်ရှိသည့်ကာလအတွင်း ဆုံးဖြတ်ရွေးချယ်ကြရမည်ဖြစ်ကြောင်း ဆွေးနွေးသည်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင်က ယနေ့ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးနေသည့် ရွေးကောက်ပွဲစနစ်များကို လေ့လာသည့်အခါ အကြမ်းဖျင်း နိုင်သူအကုန်ယူစနစ်၊ အများစုအသာမဲစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်ဟူ၍ သုံးမျိုးတွေ့ရှိရပါကြောင်း၊ နိုင်သူအကုန်ယူစနစ်သည် ရွေးကောက်ပွဲတွင် မဲအများဆုံးရရှိသူက အနိုင်ရသူဖြစ်ပါကြောင်း၊ အများစုအသာမဲစနစ်သည် (၅၀ ရာခိုင်နှုန်း + ၁)မဲဟု သာမန်အားဖြင့် သတ်မှတ်ကြပါကြောင်း၊ ရွေးကောက်ပွဲတစ်ခုတွင် မည်သည့်ကိုယ်စားလှယ်လောင်းကမျှ တရားဝင်မဲအရေအတွက်အားလုံး၏ ထက်ဝက်ကျော် (၅၀ ရာခိုင်နှုန်း + ၁) မရခဲ့ပါက ဒုတိယအကြိမ်ထပ်မံ၍ ရွေးကောက်ပွဲပြုလုပ်ရပါကြောင်း။

ကရင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၅)မှ ဦးစောထွန်းမြအောင်။

ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၀)မှ ဦးအုန်းတင်။

အချိုးကျကိုယ်စားပြုစနစ်သည် ရွေးကောက်ပွဲတွင်ရရှိသည့် မဲအရေအတွက်၏ အချိုးကျသည့် ကိုယ်စားလှယ်အရေအတွက် ရရှိခြင်းဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီတစ်ခုသည် ရွေးကောက်ပွဲတွင် တရားဝင်မဲအရေအတွက်(၃၀) ရာခိုင်နှုန်း ရရှိမည်ဆိုပါက လွှတ်တော်ထဲတွင် ကိုယ်စားလှယ်အရေအတွက်နေရာ (၃၀)ရာခိုင်နှုန်း ရရှိမည်ဖြစ်ပါကြောင်း၊ အချိုးကျကိုယ်စားပြု (PR) စနစ် အမျိုးအစားများစွာရှိသည့်အနက် ယနေ့ ကမ္ဘာတွင် အသုံးများနေသည့် စနစ်နှစ်ခုမှာ ပါတီစာရင်းအရ မဲပေးခြင်းစနစ်နှင့် ကိုယ်စားလှယ်နှောအချိုးကျကိုယ်စားပြုစနစ် ဖြစ်ပါကြောင်း၊

အများစုအသာမဲစနစ်နှင့် အချိုးကျကိုယ်စားပြုစနစ်တို့သည် ရှုပ်ထွေးသည့် မဲပေးစနစ်များဖြစ်ပါကြောင်း၊ PR စနစ်ကို အလျင်စလိုပြောင်းလဲကျင့်သုံးမှု မပြုသင့်ပါကြောင်း၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် PR စနစ်တစ်ခုကို ရွေးချယ်ကျင့်သုံးမည်ဆိုပါက အချိန်ယူစဉ်းစားရမည့်ကိစ္စ ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများ၏ သဘောထားများနှင့် မဲဆန္ဒရှင်ပြည်သူများ၏ သဘောထားများကိုလည်း ရယူရန်လိုအပ်ပါကြောင်း ဆွေးနွေးသည်။

ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဒေါ်နန်းနီနီအေးက ရွေးကောက်တင်မြှောက်ခြင်းစနစ်ကို လေ့လာကြည့်သည့်အခါ စနစ်အမျိုးမျိုးရှိသော်လည်း အဓိကနှစ်မျိုးရှိပြီး နိုင်သူအကုန်ယူ(Winner Takes All) သို့မဟုတ် First Past The Post နှင့် အချိုးကျကိုယ်စားပြုစနစ် (Propotional Representation - PR)ဖြစ်ပါကြောင်း။

နိုင်သူအကုန်ယူစနစ်သည် မဲဆန္ဒနယ်တစ်နယ်တွင် ပါဝင်ရွေးချယ်ခံယှဉ်ပြိုင်သူများအနက် မဲဆန္ဒရှင်များ၏ ထောက်ခံဆန္ဒမဲအများဆုံးရရှိသူကို ရွေးကောက်တင်မြှောက်သည့် စနစ်ဖြစ်ပါကြောင်း၊ မဲဆန္ဒနယ်တစ်နယ်တွင် ကိုယ်စားလှယ်(၄)ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဆိုလျှင် ဆန္ဒမဲပေးသူ၏ ထောက်ခံဆန္ဒမဲကို တစ်ဦးက (၃၀)ရာခိုင်နှုန်း၊ တစ်ဦးက (၂၈)ရာခိုင်နှုန်း၊ တစ်ဦးက (၂၂) ရာခိုင်နှုန်း၊ တစ်ဦးက (၂၀)ရာခိုင်နှုန်းရရှိမည်ဆိုလျှင် ထောက်ခံဆန္ဒမဲအများဆုံးဖြစ်သည့် (၃၀)ရာခိုင်နှုန်းရရှိသည့် ကိုယ်စားလှယ်က ရွေးကောက်ခံရသူဖြစ်သွားပါကြောင်း၊ ထိုသို့ သတ်မှတ်ပေးခြင်းဖြင့် ရွေးကောက်ခံရသည့် ကိုယ်စားလှယ်သည် မဲဆန္ဒရှင်(၃၀)ရာခိုင်နှုန်း၏ ထောက်ခံခြင်းကိုသာ ရရှိခဲ့သူဖြစ်ပြီး ကျန်(၇၀)ရာခိုင်နှုန်းသော မဲဆန္ဒရှင်များ၏ ထောက်ခံမှုကိုမရရှိခဲ့သူဖြစ်ပါကြောင်း၊ ယင်းဥပမာကိုကြည့်ပါက ရွေးချယ်ခံရသည့် ကိုယ်စားလှယ်လောင်းသည် မဲဆန္ဒရှင်ပြည်သူအားလုံးကို ကိုယ်စားမပြုပါကြောင်း၊ (၇၀)ရာခိုင်နှုန်းသော ဆန္ဒမဲပေးသူအနေဖြင့်လည်း မိမိတို့မဲ အလဟဿဖြစ်သွားသည်ဟု ယူဆသွားနိုင်ပါကြောင်း။

အချိုးကျကိုယ်စားပြု (PR)စနစ်၏ သဘောတရားသည် အများစုက ဆုံးဖြတ်ပိုင်ခွင့်ရှိပြီး လူတိုင်းလူတိုင်း ကိုယ်စားပြုခွင့်ရှိသည် ဆိုသည့်အချက်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်တိုင်း၏ ဆန္ဒမဲအားလုံးနီးပါး အကျိုးရှိသည့် သဘောသက်ရောက်ပါကြောင်း၊ မဲဆန္ဒနယ်တစ်နယ်တွင် ကိုယ်စားလှယ်(၅)ဦး ရွေးကောက်တင်မြှောက်မည်ဆိုပါက ဝင်ရောက်အရွေးခံသည့်ပါတီ၏ ထောက်ခံမဲကို ကြည့်ရမည်ဖြစ်ပါကြောင်း၊ (က)ပါတီနှင့် (ခ)ပါတီ ဝင်ရောက်ယှဉ်ပြိုင်ပါက (က)ပါတီက မဲပေးသူဦးရေ၏ (၆၀)ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲရရှိပြီး (ခ)ပါတီက မဲပေးသူဦးရေ၏

စာမျက်နှာ ၈ ကော်လံ ၁ သို့

❁ စာမျက်နှာ ၇ မှ

၄၀ ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲရရှိမည်ဆိုပါက (က)ပါတီက ကိုယ်စားလှယ်(၃) ဦးနှင့် (ခ)ပါတီက ကိုယ်စားလှယ်(၂)ဦးရရှိမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် အချိုးကျကိုယ်စားပြုစနစ်သည် ပါတီတစ်ခုတည်းကလွှမ်းမိုးနေမှုကို တားဆီးနိုင်မည် ဖြစ်ပါကြောင်း၊ လူနည်းစုပါတီငယ်နှင့် တိုင်းရင်းသားပါတီများအတွက်လည်း ပိုမိုမျှတသည့် ကိုယ်စားပြုခွင့် ရလာမည်ဖြစ်ပါကြောင်း၊ မဲဆန္ဒရှင်အနေနှင့်လည်း မိမိတို့၏ဆန္ဒကို ပိုမိုရှင်းရှင်းလင်းလင်း ဖော်ပြပေးနိုင်မည်ဖြစ်၍ ပြည်သူ့ဆန္ဒကို ဖြည့်ဆည်းပေးရာရောက်ပါကြောင်း ဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးတိုးမင်းထွန်းက အချိုးကျကိုယ်စားပြု(PR)စနစ်သည် အားသာချက်များရှိသော်လည်း ရှုပ်ထွေးသဖြင့် အငြင်းပွားဖွယ်ပြဿနာများ ရှိလာနိုင်ပါကြောင်း၊ ဒီမိုကရေစီ ကျင့်သုံးဖော်ဆောင်ရာတွင် အခြေခံကျသော ကျေးလက်နေပြည်သူတို့၏ ပါဝင်မှုသည် အရေးပါလှသဖြင့် ၎င်းတို့နှင့်ကျွမ်းဝင်လွယ်ကူစေမည့် မဲဆန္ဒပေးသည့် စနစ်၊ ကိုယ်စားလှယ်ရွေးချယ်သည့်စနစ်သည် မိမိကိုယ်စားလှယ်ကို အလွယ်တကူ သိရှိဆုံးဖြတ် မဲပေးနိုင်သည့်နည်းလမ်း အသုံးပြုခြင်းက ပိုမိုသင့်တော်မည်ဖြစ်ပါကြောင်း၊ သို့မှသာ မှန်ကန်သော ပြည်သူ့ကိုယ်စားပြု ကိုယ်စားလှယ်များကို တင်မြှောက်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရှိ မဲဆန္ဒရှင်များအနက် ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်နေပြည်သူများ ဖြစ်ပါကြောင်း၊ ဝေးလံခေါင်ဖျားအရပ်ဒေသများတွင် နေထိုင်သော ကျေးလက်နေပြည်သူများအတွက် ရိုးရှင်းလွယ်ကူသော ရွေးကောက်ပွဲမဲပေးစနစ်ကိုသာ ကျင့်သုံးသင့်ပါကြောင်း။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းရင်းသားအားလုံး မြန်မာ့နိုင်ငံရေးတွင် ပါဝင်နိုင်အောင် သတ်မှတ်ပြဋ္ဌာန်းထားပါကြောင်း၊ အချိုးကျကိုယ်စားပြု(PR)စနစ်ကို အသုံးပြုပါက တိုင်းရင်းသားများ နိုင်ငံရေးတွင်ပါဝင်မှုကို ကန့်သတ်ခံရသကဲ့သို့ဖြစ်လာနိုင်သည်ကို သတိပြုရန်လိုအပ်ပါကြောင်း၊ ဒီမိုကရေစီစနစ်ကို လျှောက်လှမ်းစနိုင်ငံဖြစ်သည့်အတွက် လတ်တလောအခြေအနေတွင် အချိုးကျ ကိုယ်စားပြုစနစ်ကို သုံးစွဲရန်မသင့်တော်ပါကြောင်း ဆွေးနွေးသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါက်တာဗညားအောင်မိုးက အချိုးကျကိုယ်စားပြုစနစ် (PR)သည် ပါတီငယ်များပေါ်ပေါက်အောင်၊ ပိုမိုအားကောင်းအောင် ဆောင်ရွက်နိုင်ပြီး ဒီမိုကရေစီစနစ်၏ အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ထို့အတူ ပါတီငယ်များ ပျောက်သွားအောင် ယင်းစနစ်ကို အသုံးပြုနိုင်ပါကြောင်း၊ PR စနစ်ကျင့်သုံးသည့်အခါ မိမိတို့နိုင်ငံနှင့် လူမျိုးတို့အတွက် ကိုက်ညီသင့်တော်သည့်စနစ်ကို ရွေးချယ်ကျင့်သုံးသင့်ပါကြောင်း၊ ပြည်သူလူထုကိုလည်း သိရှိနားလည်အောင် ပညာပေးရန် လိုအပ်ပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

မိုးရာသီရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားဖြင့် ရေနုတ်မြောင်းများတူးဖော်

ကော့သောင်း ဇွန် ၉

မကြာမီ ရောက်ရှိလာမည့် မိုးရာသီအချိန်တွင် ရေစီးရေလာကောင်းမွန်စေရေးအတွက် စက်ယန္တရားဖြင့် ရေနုတ်မြောင်းများ တူးဖော်ခြင်းကို ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် အခြေခံပညာ အလယ်တန်း ကျောင်း (ခွဲ)ရှေ့တွင် ဇွန် ၈ ရက်က ဆောင်ရွက်သည်။**(အပေါ်ပုံ)**

အဆိုပါ ဆောင်ရွက်မှုအစီအစဉ်တွင် ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် ပုလဲလမ်းဘေး အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ရှေ့ရှိ ရေနုတ်မြောင်းများသည် ရေစီးရေလာကောင်းမွန်မှုမရှိသဖြင့် လွန်ခဲ့သည့်နှစ်က ကျောင်း၏မြေထိန်းနံရံ ပြိုကျမှုဖြစ်ပွားခဲ့ရာ ဒေသတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ စေတနာရှင် မိဘပြည်သူများမှ အဆိုပါမြေထိန်းနံရံအား ဝိုင်းဝန်းတည်ဆောက်ပေးခဲ့ကြသည်။

ယခုနှစ် မိုးရာသီတွင် အလားတူဖြစ်စဉ် မဖြစ်ပွားရေး၊ ကျောင်းသားကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး ရည်ရွယ်ကာ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေနုတ်မြောင်းအရှည်ပေ ၂၀၀ ကျော်အား စက်ယန္တရားအသုံးပြု၍ ကော့သောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ တာဝန်ယူ တူးဖော်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

လမ်း/တံတားလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇွန် ၈ရက်တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မွန်းတည့်ခွင်-ကျည်တောင်-ခေါမ-နေပြည်တော် ပတ်လမ်း ကတ္တရာခင်းပြီးမှု၊ အမာခံလမ်းဆောင်ရွက်ပြီးစီးမှုနှင့် တံတားဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၃)က တည်ဆောက်နေသော ပေါင်းလောင်းမြစ်ကူးတံတား တည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တံတားတည်ဆောက်ရေးလုပ်ငန်းများ စံချိန်စံညွှန်းနှင့်အညီ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင် အလေးထားဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီး၊ တပ်ကုန်းမှ ရန်ကုန်-မန္တလေးအမြန်လမ်း (နေပြည်တော်-မန္တလေးအပိုင်း)သို့ ဆက်သွယ်သော အမှတ်(၅)လမ်း မိုင်တိုင်အမှတ် (၃/၀)မှ (၁၆/၀) အတွင်း ပေ ၃၀ အကျယ်၊ ဒုတစ်ပေ မြေသားတာပေါင်တင်ခြင်းနှင့် ၂၄ ပေအကျယ်၊ ဒု ၉ လက်မ ကျောက်ရောမြေခင်းကြိတ်ပြီး အမာခံလမ်းတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကို လည်းကောင်း၊ မိုင်တိုင်အမှတ် (၁၂/၂)နှင့် (၁၂/၃)ကြားရှိတံတားအား ရေတိုက်စားမှုမရှိစေရေး တုတ်ရိုက် ကာကွယ်နေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

အပူချိန်မြင့်မားမှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးရှိ အခြေခံပညာကျောင်းများ ကျောင်းချိန်ပြောင်းလဲဖွင့်လှစ်

စစ်ကိုင်း ဇွန် ၉

ရာသီဥတု ပူပြင်းမှုကြောင့် စစ်ကိုင်းခရိုင်အတွင်းတည်ရှိသည့် အခြေခံပညာကျောင်းများ၏ ကျောင်းဖွင့်ချိန်ကို ဇွန် ၉ ရက်မှစတင်၍ နံနက်ပိုင်းတွင် အချိန်ပြောင်းလဲဖွင့်လှစ်ကြောင်း ခရိုင်ပညာရေးမှူးရုံးမှ သိရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်အရ ကျောင်းသား ကျောင်းသူများအား ပြင်းထန်သည့်အပူဒဏ် ခံစားနေရခြင်းမှ လွတ်ကင်းမှုရှိစေရန် အခြေခံပညာကျောင်းများ၏ကျောင်းဖွင့်ချိန်ကို ဇွန် ၉ ရက်မှစတင်၍ နံနက် ၆ နာရီမှ ၁၁ နာရီခွဲသို့ အချိန်ပြောင်းလဲ ဖွင့်လှစ်ကြောင်း၊ စာပေသင်ကြားချိန်လျော့နည်းမှုမရှိစေရန်အတွက် အချိန်ပြောင်းလဲသော်လည်း သင်ကြားချိန်ကို မူလအချိန်ဇယားအတိုင်း သင်ကြားပေးလျက်ရှိနေကြောင်း၊ နံနက် ၆ နာရီမှ ၉ နာရီ အထိ စာသင်ချိန် လေးချိန်၊ ၉ နာရီမှ ၁၁ နာရီခွဲအထိ စာသင်ချိန် သုံးချိန် သင်ကြားပေးလျက်ရှိနေကြောင်း၊ ရာသီဥတု ကောင်းမွန်လာချိန်တွင် မူလပုံမှန်အချိန်အတိုင်း ပြန်လည်ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း ခရိုင်ပညာရေးမှူး ဦးမင်းဦးက ပြောပြသည်။

"ဒီလိုအချိန်ပြောင်းရွှေ့ဖွင့်ပေးတာ ကလေးတွေအတွက်ရော ကျောင်းကြို ကျောင်းပို့ လုပ်ပေးရတဲ့ မိဘတွေအတွက်ပါ ကောင်းပါတယ်။ ဒီရက်ပိုင်းမှာ နေအပူချိန်က တော်တော်ပြင်းတယ်။ အခုရက်ပိုင်း မိုးလေးရွာလို့ နည်းနည်း သက်သာသွားတာ။ ကျောင်းတက်ချိန် နံနက် ၇ နာရီက နေ မွန်းတည့် ၁၂ နာရီအထိပြောင်းလဲဖွင့်ပေးရင် ပိုပြီးကောင်းမယ်ထင်တယ်။ ၆ နာရီ ကျောင်းတက်ရတော့ ကလေးတွေကို စောစောအိပ်ခိုင်း၊ နံနက် ၅ နာရီ ထခိုင်းရတယ်။ ညဥ့်နက်မသွားအောင် လူကြီးတွေပါ တီဗွီမကြည့်ဘဲ ကလေးတွေနဲ့စောစောအိပ်ပေးနေရတာပေါ့။ ၇ နာရီလောက်မှ ကျောင်းတက်ရရင်တော့ ပြင်ဆင်ချိန် နည်းနည်းပိုရတာပေါ့" ဟု စစ်ကိုင်း အထက(၁)မှ ပဥ္စမတန်းကျောင်းသားမိဘတစ်ဦးက ပြောပြသည်။

ယခုရက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေ့အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်အထက် ကျော်လွန်ကာ ပူပြင်းလျက်ရှိနေသည်။ ပညာသင်ကြားလျက်ရှိနေသည့် အခြေခံပညာ ကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေး ထိခိုက်မှုမရှိစေရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ စီစဉ်ညွှန်ကြားမှုဖြင့် စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောင်းချိန်များကို နံနက်ပိုင်းတွင် ပြောင်းရွှေ့ဖွင့်လှစ်သော်လည်း အခြားတိုင်းဒေသကြီးများတွင် ကျောင်းချိန်ပြောင်းလဲဖွင့်လှစ်မှု မရှိကြောင်းသိရသည်။ **(နန္ဒာမင်းလွင်)**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ မိုင်ပေါင်း ၂၇၈၆ မိုင် ၁ ဖာလုံရှိ ၇၂ လမ်းကို တာဝန်ယူဆောင်ရွက်

မုံရွာ ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ လက်ရှိတာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းမိုင်ပေါင်းမှာ ၂၇၈၆ မိုင် ၁ ဖာလုံရှိပြီး ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းမှာ ၂၀၊ လမ်းမိုင်ပေါင်း ၁၀၄၂ မိုင် ၂ ဖာလုံနှင့် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းမှာ ၅၂ လမ်း၊ လမ်းမိုင်ပေါင်း ၁၇၄၃ မိုင် ၇ ဖာလုံရှိကြောင်းသိရသည်။ ရာခိုင်နှုန်းအားဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းမှာ ၃၇ ရာခိုင်နှုန်း၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသည့်လမ်းမှာ ၆၃ ရာခိုင်နှုန်းဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှစီမံခန့်ခွဲသည့်လမ်းများတွင် B.O.T စနစ်ဖြင့် တာဝန်ယူဆောင်ရွက်လျက်ရှိသော လမ်းအရေအတွက် ခုနစ်လမ်းနှင့် လမ်းမိုင်ပေါင်း ၂၄၃ မိုင် ၂ ဖာလုံ ရာခိုင်နှုန်းအားဖြင့် ၂၃ ရာခိုင်နှုန်းပါဝင်ကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေရရှိမှုမှာ ပြည်ထောင်စု ငွေလုံးငွေရင်း (မူလ+ဖြည့်စွက်)မှာ ၂၃၇၀၁ ဒသမ ၅၅၀ သန်း၊ ပြည်ထောင်စု အထူးပြင်မှာ ၈၈၅၃ ဒသမ ၄၇၉ သန်းနှင့် ပြည်ထောင်စု သာမန်ပြင်မှာ ၇၃၃ ဒသမ ၂၇၅ သန်း စုစုပေါင်း ၃၃၂၈၈ ဒသမ ၃၀၄ သန်း ရရှိကြောင်း သိရသည်။ ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး အထူးပြင် (မူလ)မှာ ကျပ် ၂၉၇၂၂ ဒသမ ၄၇၆ သန်းနှင့် တိုင်းဒေသကြီး အထူးပြင် (ဖြည့်စွက်)မှာ သန်း ၃၆၀၀ ရှိကြောင်း သိရသည်။

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် ၁၀၄၂ မိုင် ၄ ဖာလုံရှိ ပြည်ထောင်စုလမ်း ၂၀ နှင့် ၁၇၀၇ မိုင်၂ ဖာလုံရှိ စစ်ကိုင်းတိုင်းဒေသကြီးတွင် ၄၈ လမ်း၊ စုစုပေါင်း ၂၇၄၉ မိုင် ၆ ဖာလုံရှိ ၈၄ လမ်းတွင် ကတ္တရာလမ်း ၁၂၅၇ မိုင် ၂ ဖာလုံ၊ ကျောက်လမ်းမှာ ၃၄၅ မိုင် ၃ ဖာလုံ၊ အမာခံလမ်းမှာ ၄၅၅ မိုင် ၆ ဖာလုံနှင့် မြေလမ်းမှာ ၆၉၁ မိုင် ၄ ဖာလုံရှိပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ကုန်ချိန် ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်တွင် စည်ပင်သာယာရေးအဖွဲ့မှ လွှဲပြောင်းလက်ခံခဲ့သည့် လမ်းတစ်လမ်း အပါအဝင် လမ်းမိုင်အရှည် ၂၇၈၆ မိုင် ၁ ဖာလုံရှိကြောင်း သိရသည်။ ၂၀၁၄ ခုနှစ် မတ် ၃၁ ရက်အထိ ကတ္တရာလမ်းသစ်အဖြစ် ၆၂ မိုင် ၃ ဖာလုံတိုးတက်ခဲ့ပြီး ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ခြင်း (Box Culvert) မှာ ၆၀၁ စင်း ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၁၃-၂၀၁၄ဘဏ္ဍာနှစ်အတွင်း စစ်ကိုင်းခရိုင်တွင် အလ္လကပ္ပ-မြောင်-ပရိမ္မ-မကျီးဘုတ်လမ်းသည် ကတ္တရာခင်းရန်ကျန်သည့် ပရိမ္မ-မကျီးဘုတ်လမ်း ကတ္တရာလမ်းသစ်ဆောင်ရွက်နိုင်သဖြင့် မြောင်လမ်းခွဲမှ မကျီးဘုတ်အထိ ခရီးသွားများ အဆင်ပြေစွာ သွားလာနိုင်နေပြီဖြစ်သလို မကျီးဘုတ်မှတစ်ဆင့် မုံရွာနှင့် ပခုက္ကူမြို့များသို့ အချိန်တိုအတွင်း သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ ထို့ပြင် မြင်းမူ-အရာတော်-နောင်ကြီးအိုင် လမ်းကို အမာခံလမ်းပခုံးများပြုလုပ်ခြင်းနှင့် ကျောက်စီမြေကာနံရံများ ပြုလုပ်ခဲ့ပြီး မန္တလေး-စစ်ကိုင်း-မုံရွာ လမ်းပေါ်ရှိ ယာဉ်များ တစ်စီးနှင့် တစ်စီး ရှောင်တိမ်းရာတွင် အဆင်ပြေစွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

မျိုးဝင်းထွန်း(မုံရွာ)

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးပိုနေမည်

နေပြည်တော် ဇွန် ၉

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီးတွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မကွေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး မွန်ပြည်နယ်တွင် ဒေသအလိုက်နှင့် တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်

မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ပိုနေမည်။

❁ ကျောဖုံးမှ

ကိုယ့်စရိတ်နှင့်ကိုယ်တက်တာတောင် နီပေါအစိုးရသို့တောင်တက်ခွင့်ပါမစ်နှင့် တောင်တက်လမ်းအသုံးပြုခပေးကြရသည်။ အမြင့်ဆုံးဧဝရက်တောင်အတွက် သတ်မှတ်အခကြေးငွေမှာ တစ်ဦးလျှင် ဒေါ်လာ ၂၅၀၀၀ (မြန်မာငွေကျပ်သိန်းနှစ်ရာ့ငါးဆယ်) ဖြစ်သည်။ အခြားတောင်များကိုတက်လျှင် အမြင့်ပေပေါ်မူတည်၍ တစ်ဦးလျှင် ဒေါ်လာ ၁၀၀၀ မှ ၃၃၅၀ အထိ ပေးသွင်းပြီးမှ တက်လို့ရမည်ဖြစ်သည်။ တောင်ထိပ်ရောက်တာမရောက်တာက သူ့ကိစ္စဖြစ်သည်။ တက်မည်ဆိုလျှင် လိုင်စင်ကြေးအရင်ပေးကြရ၏။

ထို့ကြောင့် နီပေါရောက်နိုင်ငံခြားသား တောင်တက်ဆရာကြီးများအဖို့ တစ်ဦးလျှင် ဒေါ်လာ ၂၅၀၀၀ မှ ၇၅၀၀၀အထိသုံးစွဲကြရသည်။ ဧဝရက်တောင်တက်လျှင် ပိုကုန်သည်။ လမ်းပြငှားခဒေါ်လာ၂၀၀၀၊ တောင်တက် သင်တန်းခ ဒေါ်လာ ၈၀၀၀၊ တောင်တက်ကိရိယာအတွက် ဒေါ်လာ ၁၀၀၀၀၊ အောက်ဆီဂျင်ဘူး၊ ဖုန်းသုံးခ၊ တည်းခိုစားသောက်စရိတ်များ ပေါင်းလျှင် တချို့ ဒေါ်လာ တစ်သိန်းလောက်ကုန်သည်ဆို၏။

ဤတွင် စာရှုသူက "ပိုက်ဆံတွေနင်းကန်ကုန်ပြီး ပြုတ်ကျလျှင်သေနိုင်သော ဤကိစ္စကြီးအတွက်သွားတဲ့လူရောရှိပဲ့မလား"ဟု မေးစရာရှိသည်။

ရှိပါတယ်ခင်ဗျာ။ ကမ္ဘာပေါ်ဝယ်ပိုက်ဆံချမ်းသာပြီး စွန့်စားခန်းလေးနဲ့မှပျော်တယ်ဆိုသော ပုဂ္ဂိုလ်တွေရှိကြပါသည်။ ရေခဲတောင်တက်ရန် တစ်နှစ်ကိုနိုင်ငံခြားသားခရီးသည် ၂၅၀၀၀ ခန့်လာကြပြီး ထိုခရီးသည်များထံမှ နီပေါနိုင်ငံသည် ဝင်ငွေတစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀၀ ခန့်ရရှိနေသည်ဟု သိရသည်။

မြန်မာနိုင်ငံ၏ သား၊ ငါးကဏ္ဍမှရရှိသောနိုင်ငံခြားပို့ကုန်ဝင်ငွေသည် ဒေါ်လာသန်း ၅၀၀ ကျော်ကျော်ဖြစ်ကြောင်း သိရသည်။ တစ်နှစ်လုံးထွက်သမျှကောင်းပေ့ဆိုသော သား၊ ငါး၊ ပုစွန်၊ ကဏန်း၊ ငါးရှဉ့် (ယခုနှစ်တွင်မျှော့တွေတောင်ပါသည်။) ကို ပြည်ပသို့ရောင်းပြီးရသောငွေပမာဏကို နီပေါတွင်ရှိသော တောင်တွေပေးတက်တာနှင့်ပင်ရနေခြင်းဖြစ်သည်။

မြန်မာနိုင်ငံရှိ ခါကာဘိုရာဇီတောင်မှာ အရှေ့တောင်အာရှတွင် အမြင့်ဆုံးတောင်ဖြစ်သည်။ ၁၉၉၆ ခုနှစ်တွင် ဂျပန်လူမျိုး တာကာရှိ အိုဇာကီနှင့် ကချင်တိုင်းရင်းသား ဦးနမားဂျွန်ဆင်တို့က တောင်ထိပ်သို့အရောက် ဦးစွာပထမတက်ရောက်နိုင်ခဲ့ပြီးဖြစ်ပါသည်။ ဂျပန်အိုဇာကီ၏ မှတ်တမ်း၊ ဗီဒီယို၊ ဓာတ်ပုံများကြောင့် နိုင်ငံတကာ တောင်တက်ဝါသနာရှင်များက ခါကာဘိုရာဇီကို စိတ်ဝင်စားနေကြသည်။

၂၀၁၃ ခုနှစ်အတွင်းမှာပင် အမေရိကန်မှတောင်တက်အဖွဲ့လာရောက်ပြီး ခါကာဘိုရာဇီနှင့် ငါးမိုင်အကွာရှိ ဂမ်လန်ရာဇီတောင်ကို တက်သွားကြသည်။ ထိုအကြောင်းကို တောင်တက်အဖွဲ့တွင်ပါသော ဆောင်းပါးရှင် Molly Loomis က အမေရိကန်နိုင်ငံ၏ Sierra မဂ္ဂဇင်း၂၀၁၄ ဧပြီလထုတ်တွင် ဓာတ်ပုံတွေ ဝေဝေဆာဆာဖြင့် ဆောင်းပါးရှည်ကြီးရေးသားခဲ့သည်။

ဂမ်လန်ရာဇီတောင်ထိပ်အနီးသို့ရောက်ရှိနေသော တောင်တက်သမား

အဆိုပါဆောင်းပါး၏ထူးခြားချက်မှာ ဂမ်လန်ရာဇီတောင်ထိပ်သို့ရောက်ရှိပြီး တိုင်းထွာချက်များကို ဂြိုဟ်တုဓာတ်ပုံ၊ ရေဒါနည်းပညာတို့ဖြင့် တိုက်ဆိုင်အဖြေထုတ်ကြည့်သောအခါ ဂမ်လန်ရာဇီသည် ၁၉၂၅၈ ပေမြင့်ပြီး ခါကာ ဘိုရာဇီထက် ၂၉၅ ပေမှ ၅၈၇ ပေအထိ ပိုမြင့်နေကြောင်း တွေ့ရသည်ဆို၏။ အဖြေမှန်ရဖို့မှာ ခါကာဘိုရာဇီကို ထပ်တက်ဖို့လိုနေပေသေးသည်။

ခါကာဘိုရာဇီက အမြင့်ဆုံး ဟုတ်၊ မဟုတ် အငြင်းပွားနေသော်လည်း ကိစ္စမရှိပါ။ သူမြင့်တယ်၊ ကိုယ်မြင့်တယ်နှင့် အငြင်းပွားနေခြင်းကပင် တောင်တက်သမားတွေ စိတ်ဝင်စားစေသော ဆွဲဆောင်မှုတစ်ခုဖြစ်နေသည်။

အချုပ်အားဖြင့်တင်ပြလိုသည်မှာ မြန်မာနိုင်ငံတွင် သူများနိုင်ငံများတွင် မရှိသောရေခဲတောင်များ၊ ပင်လယ်ကမ်းခြေများ၊ ယဉ်ကျေးမှုအမွေအနှစ်များ ရှိနေသည်။ ယင်းမှာကိုယ့်တိုင်းပြည်၏ အားသာချက်ဖြစ်သည်။

ခရီးသွားလုပ်ငန်းမှာ ပိုက်ဆံအရချောင်သောအလုပ်တစ်ခုဟု ဆိုနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် တိုင်းပြည်ကြွယ်ဝချမ်းသာရေး ဆောင်ရွက်ကြရာဝယ် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကို ယခုထက်ပိုမို၍အားသွန်ခွန်စိုက် ဆောင်ရွက်လျှင်ဖြင့် အကျိုးများနိုင်ပါကြောင်း တင်ပြအပ်ပါသည်။ ။

ယာဉ်မောင်းအိပ်ငိုက်၍ ယာဉ်လမ်းဘေးထိုးကျကာ ခြံစည်းရိုးအုတ်တံတိုင်းဝင်တိုက်

သထုံ ဇွန် ၉

သထုံမြို့နယ် နန်းခဲရပ်ကွက် ရန်ကုန်-မော်လမြိုင်အဝေးပြေးလမ်းပေါ်တွင် ယာဉ်မောင်းအိပ်ငိုက်ကာ မောင်းနှင်မှုကြောင့် ခရီးသည်တင် မှန်လုံယာဉ်တစ်စီး လမ်းဘေးထိုးကျကာ ခြံစည်းရိုးအုတ်တံတိုင်းအား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ဇွန် ၈ ရက် နံနက် ၅ နာရီက ရန်ကုန်မှ မော်လမြိုင်ဘက်သို့ ယာဉ်မောင်း သူရ မောင်းနှင်လာသော ယာဉ်အမှတ် ၈ဈ/. . . . ဟီးနိုးအမျိုးအစား သန်မြန်သူခရီးသည်တင်မှန်လုံယာဉ်သည် နန်းခဲရပ်ကွက် ဇေယျာလမ်းထိပ်အနီး ရန်ကုန်-မော်လမြိုင်ကားလမ်း မိုင်တိုင်အမှတ် (၁၄၉/၅) နှင့် (၁၄၉/၆)အကြား ကျောင်းကုန်းကွေ့တွင် ယာဉ်မောင်း အိပ်ငိုက်သွားသဖြင့် လမ်း၏ယာဘက်ဘေးသို့ ထိုးကျကာ ခြံစည်းရိုးအုတ်တံတိုင်းအား ဝင်ရောက်တိုက်မိခဲ့သည်။ ယင်းသို့တိုက်မိသဖြင့် ယာဉ်ပေါ်ပါ ခရီးသည်များထိခိုက်မှုမရှိဘဲ ယာဉ်မောင်းသူရမှာ ဝဲဘက်နဖူးထိပ်ပေါက်ပြဲဒဏ်ရာ (မစိုးရိမ်ရ)ဖြင့် သထုံခရိုင် ဆေးရုံကြီးတွင် ကုသမှုခံယူလျက်ရှိပြီး ယာဉ်မဆင်မခြင်မောင်းနှင်သော အဆိုပါယာဉ်မောင်းအား ဒုရဲအုပ်တင်မောင်လတ်က တရားလိုပြုလုပ်ကာ သထုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

သက်ဦး(သထုံ)

ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး ဆွေးနွေး

နေပြည်တော် ဇွန် ၉

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်အား ရဟန်းမင်းကြီး အရှင်သူမြတ်ဖရန်စစ်၏ ကိုယ်စားလှယ်(သံအမတ်)ဆရာတော်ကြီး Paul Tschang In-Nam သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ရုံးခန်းမ၌ လာရောက်တွေ့ဆုံသည်။

ယင်းသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံသို့ ရိုမန်ကက်သလစ် ရောက်ရှိသည့်နှစ် ၅၀၀ ပြည့်အထိမ်းအမှတ် အခမ်းအနားသို့ ရဟန်းမင်းကြီးအရှင်သူမြတ်ဖရန်စစ်အား မြန်မာနိုင်ငံမှ ဖိတ်ကြားပေးစေလိုသည့်ကိစ္စနှင့်ပတ်သက်၍ လည်းကောင်း၊ ကက်သလစ်ဘာသာနှင့် အခြားဘာသာများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကိစ္စများကို လည်းကောင်း ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်ဌေး၊ ရုံးအဖွဲ့မှူး ဦးမြင့်ဦးနှင့်တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(အပေါ်ပုံ)**

(သတင်းစဉ်)

❖ သမားရိုးကျမှ

၂၀၁၄ ခုနှစ် မေလတွင် ကျင်းပပြုလုပ်ခဲ့သည့် (၈)ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေး၏ ရလဒ်များနှင့် ၂၀၁၄ ခုနှစ် ဧပြီလတွင် ကျင်းပခဲ့သည့် ကာကွယ်ရေးအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး၏ အစီရင်ခံစာများနှင့်ပတ်သက်၍ ဆွေးနွေးခဲ့သည်။

အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲအဆင့်မြင့်အရာရှိကြီးများအစည်းအဝေး

အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ဇွန် ၉ ရက်တွင် ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ကျင်းပခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်လင်းက အစည်းအဝေးသဘာပတိအဖြစ် ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးတွင် ဒေသတွင်းနှင့် နိုင်ငံတကာရေးရာကိစ္စရပ်များ၊ ယုံကြည်မှုတည်ဆောက်ရေး ဆောင်ရွက်ချက်များနှင့် သံတမန်နည်းလမ်းအရ ကြိုတင်ကာကွယ်ခြင်းနှင့်စပ်လျဉ်းသည့် လုပ်ငန်းစဉ်များအပေါ် ပြန်လည်သုံးသပ်ခြင်း၊ အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ ကျွမ်းကျင်သူများနှင့် ထင်ပေါ်ကျော်ကြားသူများအဖွဲ့၏ အကြံပြုချက်များနှင့်ပတ်သက်၍ လည်းကောင်း၊ အလားတူ အာဆီယံအနာဂတ်အမြင် ကြေညာစာတမ်းကို အကောင်အထည်ဖော်သော ဟန္ဒိုင်းလုပ်ငန်းစဉ်အကောင်အထည်ဖော်မှုအခြေအနေများနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ဆက်လက်ပြီး ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ၏ လုပ်ငန်းစဉ်များနှင့် ဆောင်ရွက်ချက်များ၊ အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ၏ ကြေညာချက်မူကြမ်းများနှင့် လုပ်ငန်းစီမံချက်များ မူကြမ်းများအား ၂၀၁၄ ခုနှစ် ဩဂုတ်လတွင်ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာ ဆွေးနွေးပွဲ၏ အစည်းအဝေးတွင် ဝန်ကြီးများမှ အတည်ပြုချမှတ်နိုင်ရန် အကြံညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ယင်းအစည်းအဝေးတွင် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ နှစ်စဉ်လုံခြုံရေးအမြင် (၂၀၁၄)အား ထုတ်ပြန်နိုင်ရေးနှင့် (၂၁)ကြိမ်မြောက် အာဆီယံဒေသဆိုင်ရာဆွေးနွေးပွဲ၏ အစည်းအဝေး အစီအစဉ်(မူကြမ်း)နှင့် အစည်းအဝေးနှင့်စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များ (မူကြမ်း)အား အတည်ပြုခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စိတ်နှလုံးဖြူ မေတ္တာတူ လူကုန်ကူးခံရသူ လက်တွဲကူ

စင်ကာပူဂေါက်သီးရိုက်ပြိုင်ပွဲတွင် မြန်မာလူငယ် ဂေါက်သီးရိုက်အားကစားသမား ဖူးပွင့်ရတီခိုင် ပထမဆုရရှိ

ရန်ကုန် ဇွန် ၉

၂၀၁၄ ခုနှစ် ဇွန် ၃ ရက်မှ ၆ ရက်အထိ စင်ကာပူနိုင်ငံ KEPPEL Golf Club ၌ ကျင်းပခဲ့သည့် "Singapore Junior Golf Championships 2014" ဂေါက်သီးရိုက်ပြိုင်ပွဲသို့ မြန်မာလူငယ် ဂေါက်သီးရိုက်အသင်း သွားရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် သက်တမ်းအလိုက် ပြိုင်ပွဲအမျိုးမျိုးတွင် မြန်မာအားကစားသမားနှစ်ဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် နိုင်ငံပေါင်း ၁၄ နိုင်ငံမှ ဂေါက်သီးရိုက်အားကစားသမား ၉၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံမှ အမျိုးသမီးဂေါက်သီးရိုက်အားကစားသမား ဖူးပွင့်ရတီခိုင်က (Girl 12-14) တွင်သုံးရက်ပေါင်း ရိုက်ချက် ၂၃၆ ချက်ဖြင့် ပထမဆုနှင့်ပထမနေ့ပြိုင်ပွဲတွင် ၇၅ ချက်ဖြင့် (Daily Best) ဆုများ အသီးသီးရရှိခဲ့သည်။

မြန်မာလူငယ် ဂေါက်သီးရိုက်အသင်းသည် ဇွန် ၇ ရက်တွင် စင်ကာပူလေကြောင်း ခရီးစဉ်ဖြင့် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ပြန်လည်ရောက်ရှိလာရာ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် ဆွေမျိုးမိတ်သင်္ဂဟများက ဂုဏ်ပြုပန်းစည်းများဖြင့် ကြိုဆိုနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

(ကြေးမုံ)

ကျောက်မျက်ရတနာပြပွဲအတွက် ဝင်ခွင့်ကတ်များ ကြိုတင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၉

နေပြည်တော်၌ ကျင်းပမည့် (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲအတွက် ဝင်ခွင့်ကတ်များကို မြန်မာနိုင်ငံကျောက်မျက်လုပ်ငန်းရှင်များအသင်း (မန္တလေး)မှ ဇွန် ၂ ရက်မှ ၁၃ ရက်အထိ မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ်(၈၅) လမ်းနှင့်(၃၄) လမ်းထောင့်ရှိ အဆိုပါအသင်းရုံး၌ ပြုလုပ်ပေးလျက်ရှိသည်။ နိုင်ငံသား ရတနာကုန်သည်များအတွက် ပြုလုပ်ပေးနေသော ဝင်ခွင့်ကတ်များကို သတ္တုတွင်းဝန်ကြီးဌာန (၅၁)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ နိုင်ငံသားရတနာကုန်သည်များ စိစစ်လက်ခံရေးအဖွဲ့နှင့် မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း (မန္တလေး)တို့မှ ပူးပေါင်းကာ ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အချက်အလက်ပြည့်စုံမှုအပေါ်မူတည်ကာ ချက်ချင်းဆောင်ရွက်ပေးလျက်ရှိသည်။

"ဝင်ခွင့်ကတ်တွေကို ချက်ချင်းဆောင်ရွက်ပေးနေပါတယ်။ ပြပွဲကျင်းပတဲ့ရက်တွေမှာ ပြည်တွင်းပြည်ပရတနာကုန်သည်တွေက အရမ်းများတော့ ဝင်ရောက်ဖို့ တန်းစီရတာ၊ နေပူထဲမှာ စောင့်ရတာမျိုးတွေကြောင့် အချိန်မကြန့်ကြာရအောင် အခုလိုကြိုတင် ဆောင်ရွက်ပေးတာပါ။ ပြည်တွင်းက ရတနာကုန်သည်တွေကို ဝင်ခွင့် ကြိုထုတ်ပေးလိုက်တော့ ပြပွဲကာလမှာ ပြည်ပက ရတနာကုန်သည်တွေအတွက်ပဲ လုပ်ပေးဖို့လိုတော့ လုပ်ပေးရတဲ့သူတွေလည်း သက်သာသွားတာပေါ့" ဟု မြန်မာနိုင်ငံ ကျောက်မျက်လုပ်ငန်းရှင်များအသင်း(မန္တလေး) ဒု-ဥက္ကဋ္ဌ ဦးမြင့်ဟန်ကပြောသည်။ ဝင်ခွင့်ကတ်ပြုလုပ်ရာတွင် နိုင်ငံသား ရတနာကုန်သည်များအနေဖြင့် အဆင်ပြေချောမွေ့လွယ်ကူစေရန် သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းနှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (မန္တလေး) တို့က အချိန်နှင့်တစ်ပြေးညီ လွယ်ကူလျင်မြန်စွာ ပြုလုပ်ပေးလျက်ရှိကာ ဝင်ခွင့်ကတ်အတွက် ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ထောက်ခံချက်လိုအပ်မည်ဖြစ်သည်။

"အသင်းဝင်ဖြစ်မှ အသင်းကနေထောက်ခံပေးလို့ရမှာဖြစ်လို့ ဝင်ခွင့်ကတ်လုပ်တဲ့သူတွေက အသင်းဝင်ဖြစ်ဖို့လိုပါတယ်။ အသင်းမဝင်ရသေးရင်လည်း အသင်းဝင်ကြေးပေးသွင်းပြီး တစ်ခါတည်း ဝင်လို့ရပါတယ်။ အသင်းဝင်ကြေး ပေးသွင်းတယ်ဆိုတာလည်း ဒီတစ်ကြိမ်ပဲ ပေးသွင်းရမှာပါ။ နောက်ကျင်းပတဲ့ ကျောက်မျက်ရတနာပြပွဲတွေကျရင် ထပ်ပြီး သွင်းစရာမလိုတော့ပါဘူး။ အသင်းဝင်တွေက နှစ်စဉ်ကြေးကိုတော့ ပေးသွင်းဖို့လိုပါမယ်" ဟု အတွင်းရေးမှူး-၂ ဦးလှစိုးက ပြောသည်။

နေပြည်တော်တွင် ဇွန် ၁၆ ရက်မှ ၂၄ ရက်အထိ ကျင်းပမည့် ကျောက်မျက်ရတနာပြပွဲတွင် အချောထည်များကို ပိုမိုဦးစားပေးပြသရောင်းချသွားမည်ဖြစ်ရာ ကျောက်မျက်အတွဲပေါင်း ၇၅၀၀ ပြသသွားမည်ဖြစ်ပြီး ယမန်နှစ်က အတွဲ ၁၀၀၀၀ ကျော် ပြသရောင်းရမှုထက် ပိုမိုလျော့နည်းသွားကြောင်း သိရသည်။ **(၀၀၂)**

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း) ကြည့်ရှုစစ်ဆေး

နေပြည်တော်　ဇွန်　၉

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးအုန်းမြင့်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်မြတ်ဦးနှင့်အတူ ယနေ့နံနက် ၉ နာရီခွဲတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း) နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်သည် မိမိတို့ဝန်ကြီးဌာန၏ သား/ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွမ်းကျင်ပညာရှင်များ၊ တိရစ္ဆာန်ဆေးကုပညာရှင်များ၊ နိုင်ငံ့သားကောင်းများ မွေးဖွားပေးရာ နေရာတစ်ခုဖြစ်ကြောင်း၊ သား/ငါး မွေးမြူမှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး၊ တိရစ္ဆာန်ရောဂါကာကွယ်ကုသရေးလုပ်ငန်းများ အဆင့်အတန်းမီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်ကြားရေးကဏ္ဍများတွင် လိုအပ်သော သင်ထောက်ကူပစ္စည်းများ၊ မွေးမြူရေးသုတေသနသရုပ်ပြခြံများ တိုးချဲ့သွားကြရန် လိုအပ်ကြောင်း၊ သင်ကြားမှုကဏ္ဍလိုအပ်ချက်များအား အချိန်နှင့်တစ်ပြေးညီ ပြုပြင်ပြောင်းလဲတိုးချဲ့လုပ်ဆောင်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် *Recreation Centre(RC)* ဆောက်လုပ်နေမှုနှင့် အိပ်ဆောင်ခန်းများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေး ရနောင်းခရိုင် ထိုင်းတပ်မတော်မှ လာရောက်လှူဒါန်း

ခမောက်ကြီး　ဇွန်　၉

ရနောင်းခရိုင် ထိုင်းတပ်မတော်မှ တပ်မ-၂၅ ဗိုလ်မှူးကြီး အိတိပုံအင်ဝပ်စာနှင့် ရနောင်းခရိုင် လအွန်မြို့နယ်မှူး မာ(ရ်)နပ်(ဖ်)နှင့် အဖွဲ့ဝင် ၁၅ ဦး လိုက်ပါလျက် ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ်ခွဲ အမှတ်(၄) ရပ်ကွက် မဟာဇေယျသီရိကျောင်းတိုက်တွင် ဇွန် ၆ ရက် နံနက်ပိုင်းက မြန်မာ-ထိုင်း နှစ်နိုင်ငံချစ်ကြည်ရေးအဖြစ် လာရောက်လှူဒါန်းခြင်းဖြစ်သည်။

ရှေးဦးစွာ ရနောင်းခရိုင် ထိုင်းတပ်မတော်မှ တပ်မမှူးနှင့်အဖွဲ့ဝင်များသည် နှစ်နိုင်ငံချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် မြို့နယ်ခွဲ မဟာဇေယျသီရိ ဘုန်းတော်ကြီးကျောင်းသို့ သွားရောက်ပြီး ကျောင်းတိုက်ဆရာတော်အား သင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြပြီး **(ဓါတ်ပုံ)** လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

အဆိုပါအစီအစဉ်အား မြန်မာ-ထိုင်းနယ်စပ်ဒေသ နှစ်နိုင်ငံထေရဝါဒ ဗုဒ္ဓသာသနာ သက်ဝင်ယုံကြည်ကြသည့်နည်းတူ သာသနာတော် အဓွန့်ရှည်ရေး၊ အိမ်နီးချင်း နှစ်နိုင်ငံပြည်သူများ ချစ်ကြည်ရင်းနှီးမှု ခိုင်မာရေးတို့အတွက် ရည်ရွယ်ကာ လာရောက်လှူဒါန်းကြခြင်းဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ပေါင်မြို့နယ်၌ သစ်စက်နှင့်သစ်လုံးများ သိမ်းဆည်းရမိ

မော်လမြိုင်　ဇွန်　၉

မွန်ပြည်နယ် သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းအောင်ကျော်၏ စီစဉ်ညွှန်ကြားချက်အရ မော်လမြိုင်-သထုံခရိုင် ခေတ္တလက်ထောက် ညွှန်ကြားရေးမှူး ဦးမောင်မောင်ချို၊ ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြဝင်း၊ မော်လမြိုင်မြို့နယ်မှ တောအုပ်ကြီး ဦးစိုးဝင်း ဦးဆောင်၍ ပေါင်မြို့နယ်မှ သစ်တောဝန်ထမ်းများနှင့် သထုံခရိုင်မှ သစ်တောဝန်ထမ်းများ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၇ ရက်မှ ဇွန် ၆ ရက်အထိ ပေါင်မြို့နယ် မှော်ဘီကျေးရွာအထက်ဘက် ရော်ဘာတောထဲ၌ တရားမဝင်သစ်စက်လုပ်ကိုင်နေသည့် သစ်ခွဲစက်အင်ဂျင် သုံးလုံး၊ လွှဝိုင်းငါးဝိုင်းနှင့် ဆက်စပ်ပစ္စည်းများ၊ ကျွန်းသစ်လုံး ၁၀ လုံး (သုည ဒသမ ၆၈၅၈ တန်)၊ ကျွန်းတိုင် ၁၈ လုံး (၁ ဒသမ ၆၁၆၄ တန်) စုစုပေါင်း ၁ ဒသမ ၇၀၂၂ တန်နှင့် ကျွန်းခွဲသား ၂၄ ချောင်း (သုည ဒသမ ၆၂၇၄ တန်)တို့ကို ပိုင်ရှင်မဲ့ သိမ်းဆည်းရမိသည်။ **(၁၀၇)**

၂၀၁၄ ခုနှစ်

ကမ္ဘာ့ငှက်ဖျားရောဂါတိုက်ဖျက်ရေးနေ့

"*Invest in the future, Defeat Malaria*"

"အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံ၊ ငှက်ဖျားရောဂါနှိမ်နင်းရန်"

ကျန်းမာရေးဝန်ကြီးဌာန

ခရီးသည်တင်မော်တော်ယာဉ်များအား စစ်ဆေး

သာယာဝတီ　ဇွန်　၉

သာယာဝတီမှ ရန်ကုန်၊ ရန်ကုန်မှ သာယာဝတီသို့ ဖြတ်သန်းမောင်းနှင်သော ခရီးသည်တင်မော်တော်ယာဉ်များအား သာယာဝတီမြို့ ယာဉ်ထိန်းစစ်ဆေးရေးဂိတ်တွင် ဇွန် ၅ ရက် နံနက် ၈ နာရီမှစတင်၍ ပို့ဆောင်ရေးစီမံကိန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်အောင်ဌေး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ချိုချိုထူးတို့ဦးဆောင်၍ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ သတ်မှတ်ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်များ၊ မီးသတ်ဆေးဘူးနှင့် အရေးပေါ် မှန်များရိုက်ခွဲနိုင်သည့် တူများပါ၊ မပါ၊ တာယာကောင်း၊ မကောင်း၊ ရောင်ပြန်များတပ်ဆင်ထားခြင်းနှင့် အရေးပေါ်ထွက်ပေါက်ရှိမရှိတို့ကို စစ်ဆေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်စစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ပြန်ကြားရေးဝန်ကြီးဌာန
မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအတွက်
စက်ပစ္စည်းများဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ပစ္စည်းများကို နိုင်ငံခြားသုံးငွေ (*USD*)နှင့် ပြည်တွင်းသုံးငွေ(ကျပ်)တို့ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်ပါသည်။

(က)	*Back Pack Uplink System(USD)*	*5 Sets*
(ခ)	ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ*(21 Items)(USD)*	*1 Lot*
(ဂ)	ရုပ်မြင်သံကြားလုပ်ငန်းသုံးပစ္စည်းများ*(35 Items)*(ကျပ်)	*1 Lot*
(ဃ)	*Log Periodic Antenna (SW)*(ကျပ်)	*2 Sets*
(င)	*Video, Tape,VCD & Cassette Tape(16 Items)*(ကျပ်)	*1 Lot*
(စ)	ရုံးသုံးစက်ကိရိယာများ*(13 Items)*(ကျပ်)	*1 Lot*

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၉-၆-၂၀၁၄ ရက်မှ ၈-၇-၂၀၁၄ ရက်ထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၀-၇-၂၀၁၄ ရက် နံနက် ၉း၃၀ နာရီမှ ညနေ ၄း၃၀ နာရီအတွင်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ နေပြည်တော်(တပ်ကုန်း)ရှိ တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်အချိန်ကာလထက် ကျော်လွန်ပေးပို့လာသော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ စက်ပစ္စည်းစာရင်းနှင့် အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် စုံစမ်းထုတ်ယူနိုင်ပါသည်။

စက်ပစ္စည်းများ ဝယ်ယူရေးကော်မတီ
မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ နေပြည်တော်
ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း-၀၆၇-၇၉၄၈၃၊ ၀၆၇-၇၉၀၃၅၊ ၀၆၇-၇၉၄၁၁

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

ပြည်တွင်းရေးရာ

စစ်ကိုင်းတိုင်းဒေသကြီးတွင် မြစ်ချောင်းများထိန်းသိမ်းရေး ကျပ် ၁၇၉၁ သန်း အသုံးပြုမည်

မုံရွာ ဇွန် ၉

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း မြစ်ချောင်းများ ကမ်းပါးကာကွယ် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၏ ငွေလုံးငွေရင်း အသုံးစရိတ်ဖြင့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ရန် လျာထားသော မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လုပ်ငန်းများအတွက် ငွေကျပ်သန်းပေါင်း ၁၈၉၁ သန်းအား အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရသည်။ ကမ်းပါးကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းအနေဖြင့် ဆောင်ရွက်ဆဲ စီမံကိန်းခြောက်ခု၊ စီမံကိန်းသစ်လုပ်ငန်း ၂၉ ခုရှိပြီး မြစ်ရေကျဆင်းချိန်တွင် အရေးပေါ်ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများကိုချင်းတွင်းမြစ်၊ ဧရာဝတီနှင့် မူးမြစ်တို့တွင် လျာထားချက်များထားရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်ဆဲ စီမံကိန်းလုပ်ငန်းများအဖြစ် မြင်းမူမြို့နယ် မူး၀-ရွာထောင်ကျေးရွာရှိ လောကမာရဇိန်စေတီတော်အနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ စစ်ကိုင်း-မင်းကွန်းကားလမ်းအနီး ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ဖောင်းပြင်မြို့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကနီမြို့နယ် ၀က်ချောင်းလေးကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ မြောက်ယမားချောင်း ကမ်းပြိုမှုကာကွယ်ထိန်းသိမ်းရေးလုပ်ငန်း၊ ရေဦးမြို့ အောင်မင်္ဂလာရပ်ကွက် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတို့အတွက် ကျပ်သန်းပေါင်း ၂၇၄ ဒသမ ၄၀ အကုန်အကျခံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ စီမံကိန်းသစ်လုပ်ငန်းအဖြစ် ကလေးခရိုင်တွင် ကိုးနေရာ၊ ကသာခရိုင်တွင် နှစ်နေရာ၊ ခန္တီးခရိုင်တွင် သုံးနေရာ၊ စစ်ကိုင်းခရိုင်တွင် ငါးနေရာ၊ မော်လိုက်ခရိုင်တွင် လေးနေရာ၊ ယင်းမာပင်ခရိုင်တွင် ခြောက်နေရာ စုစုပေါင်း ၂၉ နေရာတွင် ကမ်းပြို ထိန်းသိမ်းရေးလုပ်ငန်းများအတွက် ၁၆၁၆ ဒသမ ၆၄ သန်း အကုန်ကျခံ တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။ အရေးပေါ်ကမ်းပါးပြို ကာကွယ်ရေးလုပ်ငန်းများအဖြစ် ချင်းတွင်းမြစ်နှင့် ချင်းတွင်းမြစ်အတွင်း စီး၀င်သော ချောင်းများ အရေးပေါ် ကမ်းပြို ကာကွယ်ရေးလုပ်ငန်းအတွက် ကျပ်သန်း ၅၀၊ မူးမြစ်အတွင်း အရေးပေါ် ကမ်းပြိုကာကွယ်ရေး လုပ်ငန်းများအတွက်ကျပ်သန်း ၃၀၊ ဧရာဝတီမြစ်အတွင်း အရေးပေါ် ကမ်းပါးပြိုကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ်သန်း ၅၀ လျာထားကြောင်း သိရသည်။ ကမ်းပါးပြိုမှု ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ဆောင်ရွက်ဆဲစီမံကိန်းလုပ်ငန်းအတွက် ကျပ်သန်း ၂၇၄ ဒသမ ၄၀၊ စီမံကိန်းသစ် လုပ်ငန်းများအတွက် ငွေကျပ် ၁၆၁၆ ဒသမ ၆၄ သန်း၊ အရေးပေါ် ကမ်းပြိုမှု ကာကွယ်ရေးလုပ်ငန်းများအတွက် ကျပ်သန်း ၁၃၀ စုစုပေါင်း ၁၈၉၁ ဒသမ ၀၄ သန်း အကုန်ကျခံ ဆောင်ရွက်သွား မည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန စာရင်းများအရ သိရသည်။

မျိုးဝင်းထွန်း (မုံရွာ)

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ပိုစတာစိုက်ထူ

ညောင်တုန်း ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် မြို့နယ်သစ်တောဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ပိုစတာစိုက်ထူပွဲကို ဇွန် ၆ ရက် နံနက် ၇ နာရီက ညောင်တုန်းမြို့အဝင် ရန်ကုန်-ညောင်တုန်း အဝေးပြေးကားလမ်းဘေးရှိ ကြိုဆိုပါ၏ကျောက်တိုင်အနီးတွင်စိုက်ထူရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မင်းနှင့် ဌာနဆိုင်ရာများ၊ မြို့နယ်သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးလှစိုးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်၁၀ ခုမှ အုပ်ချုပ်ရေးမှူးများ၊ အသင်းအဖွဲ့များ တက်ရောက်ကြကြောင်း သိရသည်။

ဝင်းမြင့်ကျော်(ညောင်တုန်း)

ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ Delivery Unit ကိစ္စရပ်များဆောင်ရွက်

နေပြည်တော် ဇွန် ၉

ပြည်ထောင်စုအဆင့်တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီမှ မကွေးတိုင်းဒေသကြီးအတွင်းရှိ Delivery Unit ကိစ္စရပ်များနှင့် ပတ်သက်၍ ဒေသခံပြည်သူလူထု၊ မြို့မိမြို့ဖများ၊ မြို့နယ်အလိုက် ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် မျက်နှာစုံညီ စုပေါင်းညှိနှိုင်းဖြေရှင်းခြင်း တွေ့ဆုံပွဲကို ဇွန် ၆ ရက် မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ မကွေးတိုင်းဒေသကြီး ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ဆပ်ကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးလူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်းနှင့် အဖွဲ့ဝင်များ၊ နစ်နာသူ၊ တိုင်ကြားသူ၊ အကြံပြုသူကာယကံရှင်များ၊ သက်ဆိုင်ရာဌာနအသီးသီးမှ အကြီးအကဲများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်နှင့် တိုင်းဒေသကြီးဝန်ကြီး ဦးအောင်ကျော်မင်းတို့က အမှာစကားပြောကြားကြသည်။

ယင်းနောက် ဖိတ်ကြားထားသည့်နစ်နာသူ၊ တိုင်ကြားသူ၊အကြံပြုသူကာယကံရှင်များက မိမိတို့၏ခံစားချက်၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ အကြံပြုချက်များကို မေးမြန်းတင်ပြခြင်းနှင့် သက်ဆိုင်ရာဌာနအသီးသီးမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မိမိတို့၏ ရှာဖွေတွေ့ရှိချက်များ၊ စုံစမ်းသိရှိရမှုများကို ပြန်လည်ရှင်းလင်းဖြေကြားခြင်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ တင်ပြမှုများအပေါ် ပြည်ထောင်စုအဆင့် တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာ စီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဆပ်ကော်မတီက အမှုပေါင်းခြောက်ခုအား ပေါင်းစပ်ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် နားလည်သဘောပေါက်အောင် ဆုံးဖြတ်ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကိုရီးယားနိုင်ငံရောက် လူငယ်များက မိမိဇာတိရှိ စာသင်ကျောင်းသို့ စာရေးကိရိယာများလှူဒါန်း

ခင်ဦး ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ် သာဝတ္ထိကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌ မူလတန်းမှ အလယ်တန်းအဆင့်အထိ ကျောင်းသားကျောင်းသူ ၃၆၂ ဦးအား ဇွန် ၃ ရက် နံနက် ၁၀ နာရီတွင် ကိုရီးယားနိုင်ငံနေ သာဝတ္ထိကျေးရွာသား စေတနာရှင်လူငယ်အဖွဲ့ ကိုအောင်သန်းခိုင် ဦးဆောင်၍ ကျောင်းသားတစ်ဦးလျှင် ဗလာစာအုပ် တစ်ဒါဇင်စီနှင့် ခဲတံ၊ ဖောင်တိန် စုစုပေါင်းတန်ဖိုးငွေကျပ် ခြောက်သိန်းခန့် ထောက်ပံ့လှူဒါန်းခဲ့ရာ ကျောင်းအုပ်ကြီး ဦးခင်ကိုကြီးက လက်ခံရယူခဲ့ကြောင်း သိရသည်။

အဆိုပါ ပေးအပ်လှူဒါန်းပွဲတွင် ပစ္စည်းလက်ခံရရှိသူ ကျောင်းသားမိဘတစ်ဦးက "နိုင်ငံခြားထွက်ငွေရှာပြီး မိမိဇာတိ မွေးရပ်မြေမှာ ပညာသင်ကြားနေကြတဲ့ ကျောင်းသားကျောင်းသူကလေးများအား ယခုလိုပညာသင်စရိတ် ထောက်ပံ့ကူညီပေးတယ်ဆိုတော့ အတိုင်းမသိကျေးဇူးတင်ပါတယ်၊ ဝမ်းသာပီတိဖြစ်မိပါတယ်၊ ငွေကြေးတတ်နိုင်တဲ့ ကျောင်းသားတွေ အတွက်တော့ မပြောပလောက်ပေမယ့် ငွေကြေးချို့တဲ့သူတွေတော့ ရေငတ်နေသူများပမာ ရေတစ်စက် သောက်ရသည့်အလားအားအင်တွေတိုးလာသလို ခံစားမိပါတယ်"ဟု ရင်တွင်းခံစားချက်ကို ပြောပြသည်။

(ရောင်နီတင်ဝင်း)

သစ်ပင်စိုက်ပျိုးပွဲတော် သဲကုန်းမြို့၌ ကျင်းပ

သဲကုန်း ဇွန် ၉

၂၀၁၄ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အထိမ်းအမှတ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၅ ရက် နံနက် ၈ နာရီက သဲကုန်းမြို့နယ် ဇီးကုန်း-သာပေါင်းလမ်းတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် သစ်တောဦးစီးဌာနမှူးတို့က ပျိုးပင်များကို သက်ဆိုင်သူများသို့ ပေးအပ်ပြီး ကျွန်းပင် ၆၅၀၊ ယူကလစ်ပင် ၆၀၀၊ မဟော်ဂနီပင် ၁၀၀၊ ရေတမာပင် ၅၀ စုစုပေါင်းအပင် ၁၄၀၀ တို့အား ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျေးရွာသူ ကျေးရွာသားများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်းအင်အား ၁၇၀ခန့်တို့က တပျော်တပါး စိုက်ပျိုးခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြန်/ဆက်)

စာအုပ်စာပေလှူမိတ်ဆွေ

ကစားသမားအဖြစ်သာမက နည်းပြဘဝမှာပါ ကမ္ဘာ့ဖလားရယူနိုင်ခဲ့သော ဘောလုံးဂန္ထဝင် နှစ်ဦး



ကမ္ဘာ့ဖလားပြိုင်ပွဲသမိုင်းတွင် ကစားသမားအဖြစ်သာမက နည်းပြဘဝမှာပါ ကမ္ဘာ့ဖလားရယူနိုင်ခဲ့ဖူးသည့် ဘောလုံးဂန္ထဝင်နှစ်ဦး၏ အကြောင်းကို စာဖတ်ပရိသတ်များ ကမ္ဘာ့ဖလားဆိုင်ရာဗဟုသုတအဖြစ် ဖတ်ရှုနိုင်ရန် ဖော်ပြပေးလိုက်ပါသည်။

ကမ္ဘာ့ဖလားပြိုင်ပွဲ သမိုင်းတစ်လျှောက် ကစားသမားအဖြစ်သာမက နည်းပြဘဝနှင့်ပါ ဘဝနှစ်ခုလုံး၌ ချန်ပီယံဆု ဆွတ်ခူးရယူနိုင်ခဲ့သူဆိုလို့ နှစ်ဦးတည်းသာရှိသည်။ ကစားသမား၊ နည်းပြနှစ်ဘဝလုံး၌ အောင်မြင်မှုမှတ်တမ်းရေးထိုးနိုင်ခဲ့သူနှစ်ဦးမှာ ဘရာဇီးဂန္ထဝင်ကစားသမားကြီး မာရီယိုဇာဂါလိုနှင့် အနောက်ဂျာမနီဂန္ထဝင်ကစားသမားကြီး ဘက်ကင်ဘောင်ဝါတို့ ဖြစ်သည်။ ဇာဂါလိုသည် ကစားသမားအဖြစ်နှင့်ရော၊ နည်းပြဘဝနှင့်ပါ ကမ္ဘာ့ဖလားကို ပထမဆုံးဆွတ်ခူးနိုင်ခဲ့သူဖြစ်ပြီးဘက်ကင်ဘောင်ဝါမှာ ဒုတိယမြောက် ကစားသမားဘဝမှာရော နည်းပြဘဝမှာပါ ချန်ပီယံဆုရယူနိုင်ခဲ့သူဖြစ်သည်။

ဘက်ကင်ဘောင်ဝါ (အနောက်ဂျာမနီ)

၁၉၄၅ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် မွေးဖွားခဲ့သည့် ဘက်ကင်ဘောင်ဝါသည် မိခင်နိုင်ငံအသင်း အနောက်ဂျာမနီမှာ နောက်တန်းကစားသမားအဖြစ် ပါဝင်ကစားခဲ့သည်။ ကစားသမားအနေဖြင့် ၁၉၇၄ ခုနှစ် ဂျာမနီတွင်ကျင်းပသည့် (၁၀) ကြိမ်မြောက်ပြိုင်ပွဲတွင် ချန်ပီယံဆုရယူနိုင်ခဲ့သည်။ နည်းပြအဖြစ်အသင်းကိုတာဝန်ယူခဲ့စဉ် ၁၉၉၀ အီတလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့်(၁၄) ကြိမ်မြောက် ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးပေးခဲ့သည်။ ဂျာမနီအသင်း အတွက် ကစားသမားအဖြစ် ၁၀၃ ပွဲ ကစားပေးခဲ့ပြီး နည်းပြအဖြစ် ၁၉၈၄ ခုနှစ်မှ ၁၉၉၀ခုနှစ်အထိ တာဝန်ယူကိုင်တွယ်ခဲ့သည်။ ဘရာဇီးဂန္ထဝင်ကစားသမားကြီး ဇာဂါလို ပြီးလျှင် ကစားသမားဘဝ၊ နည်းပြဘဝ၊ နှစ်ဘဝစလုံး၌ ကမ္ဘာ့ဖလားရယူနိုင်သူအဖြစ် ပြိုင်ပွဲသမိုင်းတွင် မှတ်တမ်းရေးထိုးနိုင်ခဲ့သည်။

မာရီယို ဇာဂါလို(ဘရာဇီး)

၁၉၃၁ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် မွေးဖွားခဲ့သည့် ဇာဂါလိုသည် ဖလာမင်ဂို၊ ဘိုတာဖိုရိုစသည့် အသင်းများ၌ ကွင်းလယ်ဘယ်တောင်ပံကစားသမားအဖြစ် ပါဝင်ကစားခဲ့ပါသည်။ မိခင်နိုင်ငံအသင်းအတွက် ၁၉၅၈ ခုနှစ်မှ ၁၉၆၄ ခုနှစ်အထိ ပါဝင်ကစားပေးခဲ့သည်။ ဇာဂါလိုသည် ကစားသမားဘဝနှင့် ၁၉၅၈ ဆွီဒင်တွင်ကျင်းပသည့် (၆)ကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲ၊ ၁၉၆၂ ခုနှစ် ချီလီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၇)ကြိမ်မြောက် ကမ္ဘာ့ဖလားပြိုင်ပွဲတို့တွင် နှစ်ကြိမ်ဆက်တိုက် ချန်ပီယံဆုရခဲ့ဖူးပြီး နည်းပြအဖြစ် တာဝန်ယူကိုင်တွယ်သည့် ၁၉၇၀ မက္ကဆီကိုတွင် ကျင်းပသည့် (၉)ကြိမ်မြောက် ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးရယူပေးနိုင်ခဲ့သည်။ ထို့အပြင် ၁၉၉၄ခုနှစ် အမေရိကန်တွင်ကျင်းပသည့် (၁၅) ကြိမ်မြောက်ပြိုင်ပွဲတွင် ဗိုလ်စွဲခဲ့သည့် ဘရာဇီးအသင်းမှာလည်း လက်ထောက်နည်းပြအဖြစ် တာဝန်ယူခဲ့ဖူး၍ ဇာဂါလိုသည် နည်းပြဘဝတွင် ကမ္ဘာ့ဖလားချန်ပီယံဆု နှစ်ကြိမ်ရယူနိုင်ခဲ့သူဟု ပြောနိုင်သည်။

ဝင်းထွင့်ဦး

ကမ္ဘာ့ဖလား၌ အလားအလာရှိမည့် လူငယ်ကစားသမားများ

ဘရာဇီးနိုင်ငံမှာ ကျင်းပမယ့် ၂၀၁၄ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကြီးသည် ဇွန် ၁၂ ရက်မှ စတင်ကာ ယှဉ်ပြိုင်ကစားတော့မည်ဖြစ်ရာ ယင်းပြိုင်ပွဲကြီး၌ ခြေစွမ်းပြကစားနိုင်မည့် အလားအလာတွေရှိနေတဲ့ ကစားသမားတွေနဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးတွင် နိုင်ငံကိုယ်စားပြုအသင်းတွေနဲ့အတူ ယခုတစ်ကြိမ်မှသာ စတင်ပွဲထွက်ပါဝင်လာမယ့် မျက်နှာသစ်ကစားသမားအများအပြားသည် ကမ္ဘာတစ်ဝန်းမှ ပရိသတ်တွေရဲ့ အာရုံစူးစိုက်မှုမြင်ကွင်းအတွင်းသို့ ထိုးဖောက်ဝင်ရောက်လာကြတော့မှာပါ။

ထိုသို့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှာ နိုင်ငံအလိုက်ပရိသတ်များနဲ့ ကမ္ဘာ့တစ်ဝန်းရှိပရိသတ်များ မျက်စိကျစေမည့် အလားအလာကောင်းတွေ ပိုင်ဆိုင်လာမယ်လို့ မှတ်ချက်ပြုကာ ဘီဘီစီ အားကစားကဏ္ဍမှ ရွေးထုတ်လိုက်တဲ့ ကစားသမားအချို့ကို ဖော်ပြပေးလိုက်ပါတယ်။ အဲဒီကစားသမားတွေထဲမှာ ပရိသတ်ရင်းနှီးမှုရှိတဲ့ ကစားသမားတွေပါဝင်သလို ပရိသတ်နဲ့ အနည်းအကျဉ်းမျှသာ ကျွမ်းဝင်မှုရှိတဲ့ မျက်နှာသစ်လူငယ်ကစားသမားတွေလည်း ပါဝင်လာပါတယ်။

ဗာရာနီ(ပြင်သစ်)

ဗာရာနီဟာဆိုရင် အသက်(၂၁)နှစ်အရွယ်သာရှိသေးပြီး စပိန်ကလပ် ရီးယဲလ်မက်ဒရစ်အသင်းအတွက် အားထားရတဲ့ နောက်ခံကစားသမားတစ်ဦးပါ။ အသင်း၏ နောက်တန်းတွင် မဟာတံတိုင်းပမာ ရှင်းထုတ်နိုင်စွမ်းရှိမှုကို အသိအမှတ်ပြုကာ နာမည်ပြောင်အဖြစ် မစ္စတာကလင်းလို့ပင် အခေါ်ခံထားရသူ ဖြစ်ပြီး သူ့ရဲ့ဆရာဟောင်းဖြစ်သူ လက်ရှိ ချယ်လ်ဆီးနည်းပြ မော်ရင်ဟိုကမူ ဗာရာနီဟာ ကမ္ဘာ့အကောင်းဆုံး နောက်တန်းကစားသမားတွေထဲက တစ်ဦးအပါအဝင်ဖြစ်တယ်လို့တောင် တင်စားခံထားရတဲ့ ကစားသမားလည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ဗာရာနီအနေနဲ့ ဘရာဇီးမြေမှာ ယှဉ်ပြိုင်မယ့် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်အသင်းနဲ့အတူ ပါဝင်လာမယ့် အဓိကကစားသမားအဖြစ် ရွေးချယ်ခြင်းလည်း ခံထားရသူဖြစ်တယ်။ ဒီအချက်တွေကြောင့် ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှာ ခြေစွမ်းကောင်းတွေနဲ့အတူ ကမ္ဘာတစ်ဝန်းက ပရိသတ်ကြီးရဲ့ အာရုံစူးစိုက်မှုတစ်ခုဖြစ်လာစေမယ့် လူငယ်ကစားသမားတစ်ဦးအဖြစ် ဘီဘီစီအားကစားကဏ္ဍက ရွေးထုတ်ထားတာပါ။

ဇာဒန်ရှာကီရီ(ဆွစ်ဇာလန်)

ဇာဒန်ရှာကီရီဟာ လက်ရှိဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းမှာ ကစားနေတဲ့ အသက်(၂၂)နှစ်အရွယ် ကွင်းလယ်ကစားသမားတစ်ဦးပါ။ လွန်ခဲ့တဲ့ နှစ်အနည်းငယ်အတွင်းကမှသာ ဘောလုံးလောကမှာ သတိထားမိလာတဲ့ ကစားသမားတစ်ဦးဖြစ်ပေမယ့် အခြားသောပြိုင်ဘက်အသင်းတွေအတွက် အန္တရာယ်ပေးမယ့် ကစားသမားအဖြစ် မြင်တွေ့လာရဖွယ်ရှိနေတယ်လို့ သုံးသပ်ထားပါတယ်။ ဆွစ်ဇာလန်နိုင်ငံ ဘေဆယ်မြို့မှာ ကစားခဲ့တဲ့ ဥရောပချန်ပီယံရှစ်ပြိုင်ပွဲမှာ ဆွစ်ဇာလန်အသင်းက အင်္ဂလန်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ ရှုံးခဲ့တဲ့ပွဲစဉ်နဲ့ ဝင်ဘလေကွင်းကြီးထဲမှာ ယှဉ်ပြိုင်ကစားခဲ့စဉ်က အင်္ဂလန်အသင်းနဲ့ ဆွစ်ဇာလန်အသင်းတို့ တစ်ဖက်နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့တဲ့ ပွဲစဉ်တွေမှာ သူ့ရဲ့ ခြေစွမ်းထက်မြက်မှုဘယ်လောက်ရှိတယ်ဆိုတာ သက်သေပြထားတာတွေလည်း ရှိပါတယ်။ ဒါကြောင့် ဆွစ်ဇာလန် အသင်းက အဓိကကွင်းလယ်ကစားသမား တစ်ဦးအဖြစ် ခေါ်ယူခဲ့ပြီး ဘီဘီစီအားကစားကဏ္ဍရဲ့ ကမ္ဘာ့ဖလားပြိုင်ပွဲကြီးမှာ စောင့်ကြည့်ရမယ့် လူငယ်ကစား သမားတစ်ဦးအဖြစ် သတ်မှတ်ခံထားရတာပါ။

နေမာ(ဘရာဇီး)

နေမာလို့ ကြားလိုက်တာနဲ့ ဘာစီလိုနာအသင်းနဲ့ ဘရာဇီးအသင်းမှာ ခြေစွမ်းပြနေတဲ့ ထွန်းသစ်စ လူငယ်ကြယ်တစ်ပွင့်ဆိုတာ သိကြမှာပါ။ ဘာစီလိုနာနဲ့ အထိုင်မကျသေးလို့ သူ့အတွက် အကောင်းဆုံးရာသီလို့ မသတ်မှတ်နိုင်ခဲ့ပေမယ့် ဘရာဇီးအသင်းအတွက်တော့ မရှိမဖြစ်အရေးပါတဲ့ တိုက်စစ်မှူးတစ်ဦးပါ။ ဘာလို့လည်းဆိုရင် ဘရာဇီးအသင်းအတွက် ကွန်ဖက်ဒရေးရှင်းဖလားရယူပေးခဲ့တဲ့ ကစားသမားတွေထဲမှာ တစ်ဦးအပါအဝင်ဖြစ်တဲ့အပြင် မတ်လအတွင်းက ကစားခဲ့တဲ့ တောင်အာဖရိကနဲ့ ပွဲမှာဆိုရင် ဘရာဇီးအသင်းအတွက် ဟက်ထရစ်ဂိုးသွင်းယူပေးနိုင်တဲ့အထိ ခြေစွမ်းကောင်းတွေ ပြသခဲ့တယ်။ ဒါတင်မကသေး ၂၀၁၄ ကမ္ဘာ့ဖလားရရှိနိုင်စွမ်းနဲ့ ပတ်သက်လို့ ပေါ်တူဂီ အသင်းအတွက် အရေးပါတဲ့

စီရိုနယ်လ်ဒို၊ အာဂျင်တီးနားအသင်းအတွက် အရေးပါတဲ့ မက်ဆီ၊ ဥရုဂွေးအသင်းအတွက် အရေးပါတဲ့ ဆွာရက်ဇ်စသည်ဖြင့် တိုက်စစ်မှူးနေမာကိုလည်း ဘရာဇီးအသင်း ကမ္ဘာ့ဖလားရရှိနိုင်မှု အလားအလာတွင် မရှိမဖြစ်ကစားသမားအဖြစ် ကျွမ်းကျင်သူတွေက သုံးသပ်ထားသလို ဘီဘီစီအားကစားကဏ္ဍကလည်း ယခုကဲ့သို့ key player အဖြစ် ထပ်မံရွေးထုတ်လိုက်ခြင်းဟု ဆိုရမှာပါ။

ဗီလျုံကာဗယ်လ်ဟို(ပေါ်တူဂီ)

စပို့တင်းလစ္စဘွန်းမှာ ကစားနေတဲ့ အသက်(၂၂)အရွယ် ကွင်းလယ်ကစားသမားတစ်ဦးပါ။ ဘင်ဖီကာမှာ ကစားနေတဲ့ ဆာဘီးယားတိုက်စစ်မှူး မာကိုဗစ်ကဲ့သို့ ခြေစွမ်းကောင်းမွန်ပြီး ပေါ်တူဂီပြည်တွင်းလိဂ်ပြိုင်ပွဲမှာ ခြေစွမ်းတောက်ပမှု အရှိဆုံး လူငယ်ကစားသမားတွေထဲက တစ်ဦးအပါအဝင်လည်း ဖြစ်တယ်။ ကာဗယ်လ်ဟိုဟာ မန်ယူအသင်းသို့

ပြောင်းရွှေ့လာမယ်လို့ သတင်းထွက်နေသူဖြစ်ပြီး ကွင်းလယ်အဖျက်မှာတော့ ပြိုင်ဘက်အသင်းတွေ သတိထားကစားမယ့် ခြေစွမ်းမျိုးကို ပိုင်ဆိုင်ထားသူပါ။ ဒါကြောင့် စောင့်ကြည့်ရမယ့် လူငယ်ကစားသမားတစ်ဦးအဖြစ် ရွေးထုတ်ခြင်းခံရသူဖြစ်တယ်။

ရီကာဒိုရိုဒရီဂတ်စ်(ဆွစ်ဇာလန်)

ရီကာဒိုရိုဒရီဂတ်စ်ဟာ ဝုစ်ဖ်ဘတ်အသင်းမှာ ခြေစွမ်းပြကစားနေတဲ့ အသက်(၂၁)နှစ် အရွယ် လူငယ်ကစားသမားတစ်ဦးပါ။ ဘယ်ညာတောင်ပံနှစ်ဖက်မှာ ကောင်းကောင်းကစားနိုင်စွမ်းရှိပြီး လူအများစုကမူ ရီကာဒိုရိုဒရီဂတ်စ်ကို ဂျူဗင်တပ်ကစားသမားလီချန်စတိန်းနားကဲ့သို့ ခြေစွမ်းရှိသူဟု သတ်မှတ်ထား

တယ်။ ၂၀၀၉ ခုနှစ်က ယှဉ်ပြိုင်ခဲ့တဲ့ အသက်(၁၇)နှစ်အောက် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဆွစ်ဇာလန်အသင်းနဲ့အတူ စတင်ပွဲထွက်ကစားခွင့်ရရှိခဲ့ပြီး ယင်းပြိုင်ပွဲမှာပင်ဆွစ်ဇာလန်အသင်းအတွက် သုံးဂိုးအထိ သွင်းယူပေးထားနိုင်ခဲ့တယ်။ ဒါ့အပြင် ဆွစ်ဇာလန်အသင်းအတွက် အရေးပါတဲ့ သွင်းဂိုးအချို့ကိုပင် တစ်ကိုယ်တော်သွင်းယူနိုင်တဲ့ ခြေစွမ်းတွေ ရှိနေတာကြောင့် ဆွစ်ဇာလန်အသင်းရဲ့ အဓိကကစားသမားအဖြစ် ခေါ်ယူထားသည့်အပြင် ကမ္ဘာ့ဖလားမှာ အလားအလာရှိလာမယ့် လူငယ် ကစားသမားတွေထဲက တစ်ဦးအဖြစ်လည်း ဘီဘီစီအားကစားကဏ္ဍက ဖော်ပြခြင်းခံခဲ့ရသူဖြစ်တယ်။

ငွေကြယ်

TOYOTA MEKONG CLUB CHAMPIONSHIP
TOYOTA

မဲခေါင်ဖလားပြိုင်ပွဲကို တိုယိုတာ စပွန်ဆာအဖြစ် ပံ့ပိုး

ရန်ကုန် ဇွန် ၉

TOYOTA Mekong Club Championship ပြိုင်ပွဲကို ဗီယက်နမ်နိုင်ငံ၌ အောက်တိုဘာ ၃၁ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ရာ Toyota Motor Corporation က အဓိကစပွန်ဆာအဖြစ် ပံ့ပိုးကူညီသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ မြန်မာ၊ ဗီယက်နမ်၊ လာအိုနှင့် ကမ္ဘောဒီးယားနိုင်ငံများမှ ချန်ပီယံကလပ်အသင်းများပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အနေဖြင့် မြန်မာနေရှင်နယ်လိဂ်ကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ ယခုနှစ် ရှုံးထွက်ဖလားပြိုင်ပွဲမှ ချန်ပီယံအသင်းကို စေလွှတ်ယှဉ်ပြိုင်သွားရန် စီစဉ်ထားပြီးဖြစ်သည်။

TOYOTA Mekong Club Championship ပြိုင်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကိုလည်း မကြာမီ ကျင်းပသွားရန်ရှိသည်။ ပြိုင်ပွဲအား ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့ Hang Day Stadium တွင် ကျင်းပသွားမည်ဖြစ်သည်။

တိုယိုတာသည် ကျင်းပတော့မည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အာရှဘောလုံးအဖွဲ့ချုပ်မှ ကျင်းပသည့် ပြိုင်ပွဲများ၊ ထိုင်းပရီမီယာလိဂ်ပြိုင်ပွဲနှင့် အခြားသော အားကစားပြိုင်ပွဲအသီးသီးကို စပွန်ဆာအဖြစ် ပံ့ပိုးပေးလျက်ရှိပြီး ပြည်တွင်းမော်တော်ယာဉ် ဈေးကွက်တွင်လည်း မြန်မာလူထုနှင့် ရင်းနှီးပြီးသား အမှတ်တံဆိပ် တစ်ခုဖြစ်သည်။

[မောင်မောင်ဇော်]

ဖတ်စရာ၊ မှတ်စရာ

အဆိပ်သင့် အာဟာရ

ခင်ဝင်း (ကြေးမုံ)

ကျောင်းတွေဖွင့်ပြီ။

မိုးဦးကာလ၏ ငွေရောင်မိုးပေါက်မိုးပွင့်ကလေးများနှင့်အတူ သူတို့ ကျောင်းတက်ကြပြီ။ ကျောင်းမုန့်ဖိုးလေးတွေနှင့် မုန့်တွေဝယ်စားကြတော့မည်။ ကျောင်းဝင်းပြင်ပတွင်လည်း မုန့်သည်တွေမှိုလိုပေါက်လာပြီ။ ဘာတွေရောင်းရောင်း ဆိုးဆေးများ၊ ဆေးသကြား(ပါဝါ)များနှင့်မကင်း။

ကျောင်းဝင်းပြင်ပက မုန့်ဈေးတန်းကိုကြည့်ပြီး ကျောင်းသားမိဘတစ်ဦးဖြစ်သူက မိမိလည်း ကလေးတွေအတွက် ရတက်မအေးဖြစ်မိပါသည်။ သို့သော် မတတ်နိုင်ပါ။ မိမိသည်လည်း လုပ်ငန်းတာဝန်တွေက ရှိသေးသည်။ သူတို့ကို လိုက်မကြည့်အား။

မူလတန်း၊ အလယ်တန်းတက်နေသော သူတို့သည် ကလေးများဖြစ်ကြသည့်အားလျော်စွာ အရောင်လှလှမြင်လျှင် ဝယ်ချင်၊ စားချင်ကြသည်။ တစ်ခါက ရထားပေါ်၌ ကျောင်းဆရာမတစ်ဦးနှင့် စကားစပ်မိစဉ် ဆရာမက "ဈေးသက်သာတာတွေပဲ စားနေရတော့ ကျွန်မတို့ဗိုက်ထဲမှာလည်း အရောင်တင်မုန့်တွေ၊ အနံ့တုတွေ ဘယ်လောက်တောင်ရှိနေပြီလဲ မသိဘူး" ဟု ညည်းညူခဲ့ဖူးသည်။

စာရေးသူ လားရှိုးဘက်တွင် တာဝန်ထမ်းဆောင်စဉ်က ဈေးဆိုင်ကလေးများတွင် ဆီးထုပ်ကဲ့သို့သော ကြက်အသည်း ထုပ်ကလေးများ ရောင်းနေသည်ကိုတွေ့ခဲ့ရသည်။ ကိုယ်တိုင်လည်း ဝယ်စားကြည့်မိပါသည်။ အသည်းသည် အပုပ်မြန်သည့်အစိတ်အပိုင်းဖြစ်သော်လည်း သုံးလေးလကြာရှည်ခံနေသည်ကိုတွေ့ရ၍ အံ့အားသင့်မိပါသည်။ ယင်းကြက်အသည်းထုပ်ကလေးများသည် မူဆယ်ဘက်မှဝင်လာသည်ဟု ဒေသခံများကပြောသည်။ ကြာရှည်ခံ မပုပ်ဆေးပါသည် ဟု သိရသည်။

တစ်ဖက်နိုင်ငံမှ နည်းမျိုးစုံဖြင့်ဝင်လာသည့် ဓာတုဆေးဝါးများပါဝင်သော ဆိုးဆေး၊ ပွဆေး၊ အနံ့တုနှင့် ခေါင်ရည်ချက်လုပ်ရာတွင် အသုံးပြုသည့် ဆေးလုံးများသည် ရေရှည်စားသုံးပါက နှလုံး၊ အသည်း၊ ကျောက်ကပ်နှင့် အဆုတ်တို့ကို ပျက်စီးစေနိုင်ပါသည်။

သက်ဆိုင်ရာက စားသောက်ကုန်အတုများ၊ ဘေးအန္တရာယ်ရှိသော ဟင်းချက်စရာများကို လိုက်လံစစ်ဆေးပြီး ဖျက်ဆီးပစ်ရေးလုပ်ငန်းမှာ အလွန်အားနည်းနေပါသေးသည်။ တိုင်းဒေသကြီးအတွင်းရှိမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာမကျန် ဈေးများအတွင်း၊ အပြင် လိုက်လံစစ်ဆေးအရေးယူသင့်ပေသည်။ မျှစ်ကို မူရင်းအတိုင်းစားလည်း မျှစ်ဟာ မျှစ်ပါပဲ။ မျှစ်အနီ၊ မျှစ်အဝါဖြစ်အောင် ဆေးရောင်တွေဆိုးနေကြသည်မှာလည်း မကောင်းသောအချက်ဖြစ်သည်။

ယခုလို မိုးရာသီဆိုလျှင် ထန်းသီးမုန့်၊ ကောက်လှိုင်းကျီမုန့်များပေါ်လာပြီ။ ထန်းသီးမုန့်သည် ယခုရန်ကုန်မြို့တွင် ခေါင်းရွက်ရောင်းနေသည့် ဝါထိန်ထိန်ကြီးတွေမဟုတ်ပါ။ မြန်မာမုန့်များကို ဆိုးဆေး၊ ဆေးသကြား(ပါဝါ)များ ရောနှော ရောင်းချသည်မှာ ဝမ်းနည်းဖွယ်ကောင်းပါသည်။ စာရေးသူတို့ငယ်စဉ်က ရွာမှာ ထန်းသီးမုန့်အစစ်စားဖူးသည်။ မှည့်လို့ အပင်မှကြွေကျသည့် ထန်းသီး၏အခွံမည်းမည်းကြီးအောက်မှ အမျှင်အနှစ်ဝါညစ်ညစ်တွေကို ဆန်ခါနှင့်တိုက်၍ ရသည့်ထန်းအနှစ်၊ ဆန်ကိုကြိတ်သည့် မုန့်နှစ်၊ ထန်းလျက်စသည်တို့ ရောစပ်ပြီး ကိတ်မုန့်ဖုတ်သလို ဖုတ်ရသည့်မုန့်ဖြစ်သည်။ ဆေးဖက်လည်းဝင်သည်။ အုန်းသီးဖြူး၍ စားရသည်။ ကောက်လှိုင်းကျီမုန့်အစစ်သည် လယ်ထဲ၌ပေါက်သော အပြာရင့်ရောင်ပန်းပွင့်တစ်မျိုးဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ ယင်းမုန့်ကိုပင် အနံ့ရောအရောင်ပါအတုလိုက်တုနိုင်သည်ကို အံ့သြမိပါသည်။

အချိုရည်တွေကလည်း တံဆိပ်မျိုးစုံ၊ ဘူးမျိုးစုံနှင့်ပေါ်ထွက်နေသည်။ တချို့ကလည်း တီဗွီတွေမှာတကယ့်အသီးစစ်စစ်ဖြင့် ပြုလုပ်ကြောင်း ကြော်ငြာပြသည်။ ပြီးတော့ မြို့ကြီးပြကြီးများနှင့် စီးတီးမတ်ကြီးများ၌ ရောင်းချကြသည်။ စီးတီးမတ်ကြီးတွေမရှိသည့် ဆင်းရဲသားရပ်ကွက်တွေထဲက ကျောင်းနီးဝန်းကျင်များတွင် အပေါစား ရောင်စုံရေခဲထုပ်လေးတွေရောင်းသည်။ ကျောင်းမုန့်ဖိုးငါးဆယ်၊ တစ်ရာရသည့် ကလေးတွေက စားကြသည်။

ယခင်က ဝက်သားတုတ်ထိုးသာကြားဖူးသည်။ ယခုအမဲအူတုတ်ထိုး၊ ဆိတ်အူတုတ်ထိုးများလည်း တီထွင်လာကြပြန်ပါပြီ။ အရွက်များ၊ အကြောများ၊ လွှင့်ပစ်ရမည့်အစိတ်အပိုင်းများ ယခုတုတ်ထိုးဖြစ်သွားပြီဖြစ်သည်။ ယင်းကောင်တွေ တလောင်းလောင်း၊ အချဉ်ရည် (Sauce) တွေကနီနီရဲရဲ။ ဈေးဝယ်ထွက်သည့် အမျိုးသမီးတွေစုပြုံပြီးစားနေကြသည်ကိုတွေ့ရသည်။ ယင်းအချဉ်ရည်၊ (Sauce) များသည် ယခင်က ငရုပ်သီးအပုတောင့်ကိုထောင်းပြီး ရှာလကာရည်၊ ကြိုထားသည့် ထန်းလျက်ရည်၊ ကြက်သွန်ဖြူတို့နှင့် ရောစပ်၍လုပ်သည်။ ယခုကဲ့သို့ လက်မှာစွန်းအောင်နီရဲမနေပါ။

ယင်းသို့ ဆိုးဆေးတွေ ဖန်တီးပြုလုပ်ရသည်မှာလည်း ရောင်းကောင်းပြီး ကြီးပွားလိုစိတ်ကြောင့်ဖြစ်သည်။ လူတို့၏ လုပ်ဆောင်ချက်အနောက်တွင် 'ကံတရား' ကပ်ပါလာနေသကဲ့သို့ဖြတ်လမ်းနည်းဖြင့် လုပ်ဆောင်သော စီးပွားရှာခြင်း၏ နောက်ကွယ်တွင် ဥပဒေရှိနေတတ်သည်ကိုလည်း သတိပြုသင့်ပေသည်။

ကမ္ဘာနှင့်အဝန်း ရောဂါဆန်းတွေအဖြစ်များလျက်ရှိသော ယနေ့ခေတ်ကာလတွင် အစားအသောက်ကို အထူးသတိထား၍ ဆင်ခြင်ရပေမည်။ စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများကလည်း "သမ္မာအာဇီဝ" ကောင်းသော အသက်မွေးဝမ်းကျောင်းခြင်းမပြုဘဲ "မိစ္ဆာအာဇီဝ" မကောင်းသော အကျိုးစီးပွားရှာခြင်း မဖြစ်သင့်ပါပေ။ လူတို့နေ့စဉ် မဖြစ်မနေ မှီဝဲစားသောက်နေရသည့် အစာအာဟာရများသည် "အဆိပ်သင့်အာဟာရ"များ မဖြစ်ကြစေလိုကြောင်း စေတနာထားရေးသားလိုက်ရပေသည်။ ။

ပြည်မြို့၌ အာဆီယံဒေသအဆင့် မသန်စွမ်းသူများ အနုပညာပွဲတော် အကြိုလှုပ်ရှားမှု ဂီတဖျော်ဖြေပွဲ ကျင်းပ

ပြည် ဇွန် ၉

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ခေတ္တရာ ယဉ်ကျေးမှုဇာတ်ရုံကြီး၌ အာဆီယံဒေသအဆင့် မသန်စွမ်းသူများ အနုပညာပွဲတော် အကြိုလှုပ်ရှားမှုအဖြစ် ဂီတဖျော်ဖြေပွဲကို ဇွန် ၇ ရက်မှ ၈ရက်အထိ နှစ်ညတိုင်တိုင် အခမဲ့ဖျော်ဖြေခဲ့သည်။

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ကျင်းပမည့် အာဆီယံဒေသအဆင့် မသန်စွမ်းသူများ အနုပညာပွဲတော်ကို ဒီဇင်ဘာ ၃ရက်မှ ၇ ရက်အထိ နေပြည်တော်နှင့် ရန်ကုန်မြို့တို့တွင် ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့က လူမှုဝန်ထမ်းဦးစီးဌာန၏ ဦးဆောင်လမ်းညွှန်မှုကို ခံယူကာ အာဆီယံဒေသအဆင့် မသန်စွမ်းသူများ အနုပညာပွဲတော်ကို အားပေးမြှင့်တင်ရန်နှင့် အများပြည်သူ သိရှိနိုင်ရန် ရည်ရွယ်၍ ၎င်းတို့၏ရုံးခွဲများ အခြေစိုက်ရာ ဒေသများနှင့် မိတ်ဖက်အဖွဲ့အစည်းများ တည်ရှိရာဒေသများတွင် ယခုကဲ့သို့ အကြိုလှုပ်ရှားမှု ဂီတဖျော်ဖြေ ရေးပွဲများကို ကျင်းပခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံ မသန်စွမ်းသူများ ရှေ့ဆောင်အဖွဲ့၏ ဒါရိုက်တာ ဦးအောင်ကိုမြင့်က ပြောကြားသည်။

ပြည်မြို့တွင် ကျင်းပသော ဂီတဖျော်ဖြေပွဲတွင် MILI Music Band နှင့်တွဲဖက်၍ အနုဋ္ဌရောင်စဉ် မြန်မာနိုင်ငံမသန်စွမ်းသူများ၏ အနုပညာပွဲတော်တွင် မသန်စွမ်းသူအနုပညာရှင်အချို့က ညစဉ် ၇နာရီမှ ၁၁နာရီအထိ ပြည်သူများအတွက် ဖျော်ဖြေခဲ့ကြသည်။

အောင်(ဓာတုဗေဒ)

အိုအေစစ်နှင့် ဖောကားယာဉ် တိုက်မိ၊ တစ်ဦးသေဆုံး

ကျိုက်ထို ဇွန် ၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်ရဲစခန်းတွင် ဒုရဲအုပ်ဇော်မိုးဝင်း တာဝန်ထမ်းဆောင်နေစဉ် သိမ်ဇရပ် ရဲစခန်းအပိုင်နယ်မြေအတွင်း ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ စခန်းမှူး ဇော်မင်းဦး၊ ဒုရဲအုပ် ဇော်မိုးဝင်းနှင့် တာဝန်ရှိရဲတပ်ဖွဲ့ဝင်များ သက်သေများဖြင့် သွားရောက်စစ်ဆေးခဲ့သည်။

ဖြစ်စဉ်မှာ ဇွန် ၃ရက်က မုန်း-အုတ်ဖြတ်-မြဝတီသို့ ခရီးသည်တင် အိုအေစစ် ၉ခ/--- ယာဉ်မောင်း ဇော်မင်းဌေး (ဖြူးမြို့) မောင်းနှင်သော မော်တော်ယာဉ်မှာ အုတ်ဖြတ်မှ နံနက် ၅နာရီခွဲတွင် စတင်ထွက်ခွာလာရာ မုပ္ပလင်လမ်းသစ် မိုင်တိုင် (၇/၂) နှင့် (၇/၃) ကြားအရောက် မျက်နှာချင်းဆိုင်မှ မောင်းနှင်လာသော ကျောက်သယ်ဖောကားအပြာရောင် 6-G/--- ယာဉ်မောင်း အေးကို ကျိုက္ကသာရွာ မောင်းနှင်လာသောမော်တော်ယာဉ်မှ လမ်းအကွေ့တွင် ကားချင်း ရှောင်ရာမှမလွတ်ဘဲ နောက်ပိုင်းနှင့်ချိတ်မိရာ အိုအေစစ်ယာဉ် ခုံနံပါတ် (၅) တွင် စီးလာသော ကျောက်ကြီးမြို့နယ် မုန်းဒေသ တုံးတောရွာနေ ဒေါ်လှမြင့်(၄၈) နှစ်မှာ ဦးခေါင်းတွင် ကားမှန်ကွဲများစိုက်ဝင်၍ ချက်ချင်း ရဲဆေးစာဖြင့် ရန်ကုန် ဦးနှောက်နှင့် အာရုံကြောဆေးရုံကြီးသို့ အရေးပေါ်ပို့ဆောင်ဆေးကုသမှုခံယူစဉ် ဇွန် ၄ ရက် နံနက် ၉ နာရီ ၅ မိနစ်တွင် သေဆုံးသွားခဲ့သည်။

သေဆုံးမှုနှင့်ပတ်သက်၍အရေးယူပေးရန် တာဝန်မှူးဒုရဲအုပ် ဇော်မိုးဝင်းက တရားလိုပြုလုပ်တိုင်တန်းသဖြင့် သိမ်ဇရပ်စခန်းမှူး ဇော်မင်းဦးက ယာဉ်(ပ)၂၃/၂၀၁၄၊ ဥပဒေပုဒ်မ ၃၃၈ မှ ၃၀၄ သို့ ပြောင်းလဲတရားစွဲဆိုထားပြီး အမှုကိုကျိုက်ထို တရားရုံးက ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **(ပန်းချီသန်းဝင်း)**

အင်းစိန်မြို့နယ်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

ရန်ကုန် ဇွန် ၉

အင်းစိန်မြို့နယ်အတွင်း ဇွန် ၈ ရက် နံနက်ပိုင်းက အမွှေးတိုင်မီးပွားများမှတစ်ဆင့် ပလတ်စတစ်ကော်ဇောပေါ်သို့ကျပြီး နေအိမ်မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၈ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် အင်းစိန်မြို့နယ် ရွာမအနောက်ရပ်ကွက် ဖန်စက်လမ်း ဗိသုကာဝင်းအတွင်းရှိ ခြံစောင့် ကိုသန်းဇော်ဝင်း(၄၂)နှစ်၏နေအိမ်ရှိ ဘုရားစင်၌ အမွှေးတိုင်ထွန်းထားရာမှ အောက်တွင်ခင်းထားသည့် ပလတ်စတစ် ကော်ဇောပေါ်သို့ မီးပွားများကျပြီး နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့သဖြင့် ပတ်ဝန်းကျင်ရှိပြည်သူများနှင့် မီးသတ်ယာဉ်များဖြင့် ငြိမ်းသတ်ခဲ့ကြရာ ၁၀ မိနစ်အကြာတွင် မီးငြိမ်းသွားခဲ့သည်။

အဆိုပါ မီးလောင်မှုကြောင့် အလျား ၁၅ပေ၊ အနံ ၁၂ပေရှိ သွပ်မိုး၊ ထရံကာ၊ ပျဉ်ခင်းနေအိမ်တစ်လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်းသိရပြီး မီးပေါ့ဆစွာ သုံးစွဲသူ ကိုသန်းဇော်ဝင်းအား အင်းစိန် မြို့မရဲစခန်းက (ပ) ၅၇၂/၂၀၁၄၊ ပြစ်မှုပုဒ်မ-၂၈၅ ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(စိုးဝင်း-MLA)**

စိတ်ကြွဆေးပြားများနှင့် ဘိန်းစာမှုန့်များ ကော့သောင်းမြို့တွင် သိမ်းဆည်းရမိ

ကော့သောင်း ဇွန် ၉

ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ဆရာစံလမ်း အိမ်အမှတ်(---) နေအိမ်တွင် WYစာတန်းပါ လိမ္မော်ရောင်စိတ်ကြွဆေးပြား ၈၉၅၀နှင့် ဘိန်းစာမှုန့်များ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၇ရက် မွန်းလွဲ ၁နာရီက ကော့သောင်းမြို့ ရွှေပြည်သာရပ်ကွက် ဆရာစံလမ်း အိမ်အမှတ်(---) ဦးအောင်မင်းကို၏ နေအိမ်အား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု(၃၄)၊ ကော့သောင်းမှ တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ မူးယစ်ဆေးဝါးရောင်းချနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေရာ အိပ်ခန်းအတွင်းချိတ်ထားသည့် အင်္ကျီဖြင့် ဝှက်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ မိုင်းကိုင်စက္ကူဖြင့်ထုပ်ထားသည့် အပြာရောင် ကပ်ခွာအိတ်တစ်ထုပ်လျှင် WYစာတန်းပါ လိမ္မော်ရောင်ဆေးပြား၁၉၈ပြားနှင့် အစိမ်းရောင်ဆေးပြားနှစ်ပြားစီပါ ၄၄အိတ်အတွင်းမှ ဆေးပြား ၈၈၀၀၊ လေအေးပေးစက်အောက်တွင် ဝှက်ထားသည့် ကပ်ခွာအိတ်အတွင်းမှ ဆေးပြား ၁၅၀၊ မှန်တင်ခုံပေါ်မှ ကြွပ်ကြွပ်အိတ်ဖြင့်ထုပ်ထားသည့် ဘိန်းစာရွက်အစိုအရွက် ၃၀ (အလေးချိန် ၅၀ ဂရမ်)၊ ဘိန်းစာမှုန့်တစ်ထုပ်(အလေးချိန် ၄၀ ဂရမ်)နှင့် မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား သိမ်းဆည်းရမိခဲ့သည်။

ရှာဖွေတွေ့ရှိသည့် စိတ်ကြွဆေးပြား ၈၉၅၀ နှင့် ဘိန်းစာမှုန့်များ၏ ဒေသတန်ဖိုးမှာ ကျပ် ၄၉၂၃၈၅၀၀ ဖြစ်သည်။ အဆိုပါ မူးယစ်ဆေးဝါးများကို ထိုင်းနိုင်ငံ ရနောင်းမြို့မှတစ်ဆင့် သယ်ဆောင်လာခြင်းဖြစ်ပြီး မူးယစ်ဆေးဝါးရောင်းချသူ ဦးအောင်မင်းကိုအား ကော့သောင်းရဲတပ်ဖွဲ့စခန်းက မရပ ၂၀/ ၂၀၁၄၊ မူး/စိတ် ပုဒ်မ ၁၅/၁၉(က)/ ၂၀(ခ) ဖြင့် အရေးယူထားကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)

ကျွန်းလှဘူတာ၌ ကျောက်စိမ်းအရိုင်းတုံးများ သိမ်းဆည်းရမိ

ကျွန်းလှ ဇွန် ၉

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှဘူတာ မီးရထားတပ်စုမှူး ဒု-ရဲအုပ် ရဲမင်းထွန်းသည် ဇွန်၆ရက် နံနက် ၈နာရီခွဲက တာဝန်မှူး ဆောင်ရွက်နေစဉ် မြစ်ကြီးနားမှထွက်ခွာလာသော အမှတ်(၄၂) အစုန်ရထားသည် ဘူတာသို့ဆိုက်ရောက်လာရာ ရထားလုံခြုံရေး ဒု-တပ်ကြပ်ဇော်လတ်၏သတင်းပေးချက်အရ သက်သေများနှင့်အတူ တွဲအမှတ်(၃)ခုံအမှတ်၁/၂/၇/၈ အကြားတွင် ပလတ်စတစ်ခြင်းထဲမှ ပီနံအိတ်ဖြင့် ထည့်ထားပြီး ကျောက်စိမ်းတုံးဟု ယူဆရသည့်ရှစ်ပိဿာနှင့် ကိုးပိဿာခန့်ရှိ ကျောက်မျက်အရိုင်းတုံး နှစ်တုံးကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

အဆိုပါတရားမဝင်သယ်ဆောင်သူ လွင်မျိုးဦး (၄၂)နှစ် မြစ်ကြီးနားမြို့ အောင်နိုင်ရပ်ကွက် မီးရထားဝင်း ဇာတိဆိပ်ခွန်ရွာ ရွှေဘိုမြို့နယ်နေသူအား ကျွန်းလှမြို့မရဲစခန်းက ပုဒ်မ၉/၁၄၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေပုဒ်မ ၄၂(က)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မျိုးဝင်းညို (ကျွန်းလှ)

ချောင်းအတွင်း ယာဉ်ပြုတ်ကျတိမ်းမှောက် နှစ်ဦးသေ၊ ၂၀ ဒဏ်ရာရ

နေပြည်တော် ဇွန် ၉

ရှမ်းပြည်နယ် မိုင်းတုံ-မိုင်းဆတ်ကားလမ်း လမ်းဘေးဝဲ၊ ယာရှိကျွန်းစိုက်ခင်းများကို ကျွန်းပင်ပေါက်များစိုက်ပျိုးရန် နေဇာအောင် (ခ)ကုလား(၂၃)နှစ် မောင်းနှင်ပြီး အလုပ်သမား ၂၂ ဦးလိုက်ပါလာသည့် လီဖန်း လေးလုံးထိုးယာဉ်သည် (၉)မိုင်ကျွန်းစိုက်ခင်းသို့ မောင်းနှင်လာစဉ် ဇွန် ၇ ရက် နံနက် ၈နာရီ ၁၅ မိနစ်က လမ်းညာဘက်ရှိ ချောင်းအတွင်းသို့ ပြုတ်ကျတိမ်းမှောက်ခဲ့ကြောင်း သိရသည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါ နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့သည်။ အခြား ၂၀ ဦးမှာ ဒဏ်ရာအသီးသီးရရှိခဲ့သဖြင့် မိုင်းတုံ ဆေးရုံသို့ တင်ပို့ကုသခဲ့သည်။ ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းသူ နေဇာအောင် (ခ) ကုလားအား မိုင်းတုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ရဲပြန်ကြား)

ပန်းတနော်၌ ၂၀၁၃– ၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင် အောင်မြင်မှုရာခိုင်နှုန်းယခင်နှစ်ထက်များလာ

ပန်းတနော်၊ ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်တွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ရာခိုင်နှုန်းမှာ ယခင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်မြင်သည့် ရာခိုင်နှုန်းထက် ပိုမိုတိုးတက်လာကြောင်း သိရသည်။

ပန်းတနော်မြို့နယ်တွင် ယခုနှစ်အတွက် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုသူ ၁၉၁၄ ဦးရှိပြီး အောင်မြင်သူ ၇၃၇ ဦးရှိသဖြင့် တစ်မြို့နယ်လုံး အောင်ချက် ရာခိုင်နှုန်း ၃၈ ဒသမ ၅၁ ရာခိုင်နှုန်းရှိကာ လေးဘာသာဂုဏ်ထူး တစ်ဦး၊ သုံးဘာသာဂုဏ်ထူး ၄၇ ဦး၊ နှစ်ဘာသာဂုဏ်ထူး ၈၀ ဦးနှင့်တစ်ဘာသာဂုဏ်ထူး ၁၉၀ ဦးရှိကြောင်း သိရသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၏ ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်းကို ဇွန် ၇ ရက် နံနက် ၆ နာရီက မြို့နယ်ပညာရေးမှူးရုံးနှင့် သက်ဆိုင်ရာကျောင်းများတွင် ကြေညာထားကြောင်း သိရသည်။

"ကျွန်မတို့မြို့နယ်မှာ အထက ကျောင်း ခုနစ်ကျောင်းနဲ့ အထက(ခွဲ) ကျောင်း ရှစ်ကျောင်း ရှိပါတယ်။ ကျောင်း ၁၅ ကျောင်းမှာ ဒီနှစ်နယ် ကျောင်းနှစ်ကျောင်းက အောင်ချက် ၂၅ ရာခိုင်နှုန်းကျော်သာရှိလို့သာ တစ်မြို့နယ်လုံးအနေနဲ့ ၃၈ ဒသမ ၅၁ ရာခိုင်နှုန်းသာ အောင်မြင်ခဲ့တာပါ။ အခုလို အောင်ချက်ရာခိုင်နှုန်းတက်ခဲ့တာကလည်း တိုင်းဒေသကြီးဝန်ကြီးချုပ်ရဲ့အားပေးမှုနဲ့ ကျောင်းတိုင်းကျောင်းတိုင်း အောင်ချက်မြင့်မားရေး ဝိုင်းဝန်းကြိုးစားကြလို့ပါ" ဟု ပန်းတနော်မြို့နယ် ပညာရေးမှူး ဒေါ်အေးအေးသန်းက ပြောသည်။

ပန်းတနော်မြို့နယ်တွင် အောင်ချက်အကောင်းဆုံး ကျောင်းများမှာ ပထမ အ. ထ. က(ခွဲ) ကျွန်းကြား ၆၇ ဒသမ ၃၅ ရာခိုင်နှုန်း၊ ဒုတိယ အ. ထ. က ရင်းတိုက်ကုန်း ၅၈ ဒသမ ၅၉ ရာခိုင်နှုန်းနှင့် တတိယ အ. ထ. က (ခွဲ)ဒေါင့်ကြီး ၅၇ ဒသမ ၄၅ ရာခိုင်နှုန်းတို့ဖြစ်ရာ ယခင်နှစ် တစ်မြို့နယ်လုံးအောင်ချက်နှင့်နှိုင်းယှဉ်ပါက ယခုနှစ်တွင် အောင်ချက်ပိုမိုတိုးတက်ခဲ့ကြောင်း သိရသည်။ **ခင်မောင်ဇော်မြင့်**

၂၀၁၃–၂၀၁၄ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းအောင်စာရင်း ထုတ်ပြန်ချက်အားကြည့်ရှုနေသူများအားတွေ့ရစဉ်။

ပဲခူးမြို့ နီလာလမ်းမကြီး၌ ရေမြောင်းတူးဖော်ရန်လို

ပဲခူး၊ ဇွန် ၉

ပဲခူးမြို့ ကျွန်းသာယာရပ်ကွက် နီလာလမ်းမကြီးမှာ ရေမြောင်းများတိမ်ကောနေပြီးအမှိုက်များပိတ်ဆို့ နေခြင်းတို့ကြောင့် မိုးရွာပါက ရေများ လမ်းမကြီးပေါ် လျှံတက်ကာ ချိုင့်ခွက်များဖြစ်၍ ပျက်စီးနေကြောင်း သိရသည်။

ယခုအခါမှာ မိုးရာသီရောက်လာပြီဖြစ်သောကြောင့် ယင်းလမ်းအား ပိုမိုမပျက်စီးစေရန်နှင့် ပြည်သူများ၊ လမ်းသွားလမ်းလာများ သွားလာရလွယ်ကူစေရန် ရေမြောင်းများတူးဖော်သင့်ကြောင်း ယင်းရပ်ကွက်တွင် နေထိုင်သူများက ပြောသည်။

"ရပ်ကွက်နေသူများကလည်း ခိုင်းမှလုပ်ကြတာထက် အသိတရားလေးနဲ့ ကိုယ့်အိမ်ရှေ့ကိုယ် ပြုပြင်ကြမယ်။ သက်ဆိုင်ရာနဲ့ရပ်မိရပ်ဖတို့ကလည်း တစ်ဦးနှင့်တစ်ဦး ညှိနှိုင်းပူးပေါင်းပြီး ဝိုင်းဝန်းလုပ်ကြမယ်ဆိုရင် ကောင်းသွားနိုင်မယ်လို့ ထင်တယ်"ဟု ယင်းရပ်ကွက်တွ င် နေထိုင်သူတစ်ဦးက ပြောသည်။

ပဲခူးမြို့ရဲ့ မြို့ပေါ်(၃၁)ရပ်ကွက်တွင် မြို့အလယ်ဗဟို ကျွန်းသာယာရပ်ကွက် နီလာလမ်းမကြီးအားမြို့ အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရန် အတွက် ပြင်ဆင်သင့်ကြောင်း အဆိုပါနေထိုင်သူများကပြောသည်။

ထိုသို့ ကျွန်းသာယာရပ်ကွက် နီလာလမ်းမကြီးအား ရေမြောင်းများပိတ်ဆို့တိမ်ကောမှုမရှိစေရန် နီလာလမ်းမကြီး၏ ရေမြောင်းများအား ဝိုင်းဝန်းတူးဖော်ကြရန် လိုအပ်ကြောင်း ရပ်ကွက်တွင်း နေထိုင်သူများကပြောသည်။ **မျိုးသိန်း(ကြေးမုံ)**

မုန့်ဟင်းရေအိုးတိုက်မိရာကအစပြု၍လူသတ်မှုဖြစ်

ရန်ကုန် ဇွန် ၉

ဇွန် ၂ ရက် မွန်းလွဲ ၂ နာရီတွင် လှိုင်သာယာမြို့နယ် အမှတ် ၂၀ ရပ်ကွက်ရှိ ကိုမြင့်ဆန်းစားသောက်ဆိုင်တွင် အဆိုပါရပ်ကွက်နေ ရခိုင်(ခ)အောင်ကျော်သန်း (၄၀) နှစ်နှင့် ငနီ(ခ)စန်းလှိုင် (စိစစ်ဆဲ)၊ ဝင်းနိုင်ဦး (စိစစ်ဆဲ)တို့သုံးဦး အရက်သောက်စားနေစဉ် သန်းလွင်(ခ)ငလွင် (၃၈) နှစ်ရောက်လာပြီး မွန်းလွဲ ၁ နာရီခန့်က နာရေးအိမ်တွင် မုန့်ဟင်းရေအိုးနှင့် တိုက်မိသည့်ကိစ္စနှင့်ပတ်သက်၍ ရခိုင်(ခ)အောင်ကျော်သန်းက ပုလင်းဖြင့်ရိုက်မည်ပြုစဉ် ဆိုင်ရှင်ဖြစ်သူက လူစုခွဲပေးခဲ့သည်။ သန်းလွင်(ခ)ငလွင်မှ ပြန်ထွက်လာစဉ် ရွှေလမင်းလမ်းပေါ်အရောက် ရခိုင်(ခ)အောင်ကျော်သန်းက နောက်မှလိုက်လာပြီး အရိုးအသွား ၁၀ လက်မခန့်ရှိ ဝက်အူလှည့်ဖြင့်ထိုးသဖြင့် သန်းလွင်တွင် ထိခိုက်ဒဏ်ရာများရရှိကာ လှိုင်သာယာဆေးရုံသို့တင်ပို့ကုသစဉ် သေဆုံးခဲ့သည်။ သောင်ကြီးနယ်မြေရဲစခန်းက(ပ)၃၇၆/၁၄ ပြစ်မှုပုဒ်မ ၃၀၂ အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **(၃၁)**

မိုးဦးမိုးရွာသွန်းမှုကောင်း၍နွေစပါးအောင်ရေရရှိ

ထီးလင်း၊ ဇွန် ၉

ယခင်နှစ် မိုးပြတ် စောသဖြင့် မောချောင်းရေမှာ လျော့နည်းနေရာ နွေစပါးအောင်ရေအတွက် အခက်အခဲဖြစ်နေစဉ် မိုးဦးမိုးများရွာ သွန်းမှုကောင်းသောကြောင့် ချောင်းရေများလာပြီး စပါးအောင်ရေရရှိခဲ့ကြောင်း သိရသည်။

မေလနောက်ဆုံးပတ်က ချင်းပြည်နယ်တွင် မိုးရွာသွန်းသဖြင့် ချင်းတောင်တန်းမှ ချောင်းဖျားခံစီးဆင်းသည့် မောချောင်းရေမြင့်လာပြီး ဆည်မြောင်းများအတွင်းရေလုံလောက်စွာ စီးဝင်ခဲ့သည်။မကွေးတိုင်းထီးလင်းမြို့တွင် နွေစပါးများအတွက် လိုအပ်သည့် စိုက်ပျိုးရေကို ချင်းပြည်နယ်တွင်ချောင်းဖျားခံ၍ ထီးလင်းမြို့နယ်တွင်း ဖြတ်သန်းစီးဆင်းသည့် မောချောင်းမှရရှိသည်။ **(၄၆၅)**

ရင်သွေးငယ်များဘက်စုံဖွံ့ဖြိုးရေး မိဘများအား အသိပညာပေး

ရန်ကုန်၊ ဇွန် ၉

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ဗဟန်းမြို့နယ် ကမ္ဘောဇရိပ်သာလမ်းရှိ မူလတန်းကြိုကျောင်း အမှတ်(၁)တွင် ဇွန် ၆ ရက် မွန်းလွဲ ၂ နာရီက သွေးလွန်တုပ်ကွေးရောဂါအကြောင်း သိကောင်းစရာဟောပြောပွဲနှင့် မူကြိုရင်သွေးငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး အတွက်ပြုစုစောင့်ရှောက်ရေးဆိုင်ရာ မိဘများနှင့်အသိပညာပေးဝိုင်းဖွဲ့ဆွေးနွေးခြင်းကို ယင်းကျောင်းခန်းမတွင် ကျင်းပခဲ့သည်။

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို 'ဇီသန်း'ဆေးကုမ္ပဏီမှ ဒေါက်တာထက်ကောင်းကျော်က ဟောပြောခဲ့ပြီးမိဘအုပ်ထိန်းသူ ၁၅၀တို့အား သုံးအုပ်စုခွဲကာ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၁)ကျောင်းအုပ် ဒေါ်လွင်လွင်နွယ်၊ အမှတ်(၄) မူကြိုကျောင်းအုပ် ဒေါ်ခင်ယုဒါရီ၊ အမှတ်(၅)မူကြို ကျောင်းအုပ် ဒေါ်ဒီပါထွန်း၊ သုဝဏ္ဏမူကြိုကျောင်းအုပ် ဒေါ်စန်းစန်းလှိုင်တို့က ကလေးသူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိသားစုအသိုင်းအဝိုင်း၊ ပတ်ဝန်းကျင်တို့နှင့် မည်သို့မည်ပုံ နေထိုင်ပြောဆိုဆက်ဆံမှုတို့အား အမေးအဖြေပြုလုပ်ကာ မိသားစုစကားဝိုင်းအသွင်ဆွေးနွေးသွားကြသည်။ **(၃၂)**







ဆောင်းပါး

ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ့်လမ်းကိုယ်သွား

à armiÓPf vif;(awmiful)

ဤစကားပုံ၌ ကိုယ့်ဝန်၊ ကိုယ့်လမ်းဟု ကံပုဒ် ၂ ပုဒ် ပါဝင်ပြီး ထမ်းသွားဟု ကြိယာ ၂ ပုဒ် ပါဝင်ပါသည်။ ယင်းကြိယာနှစ်လုံးရှေ့တွင် ကိုယ်ဟူသော ကိုယ်တိုင် (self) အနက်ပြ ကတ္တားပုဒ်ကို အသီးသီးတွဲ စပ်ပြထားပါသည်။

ကိုယ်ဟူသော ကတ္တားပုဒ်သည် နှစ်ဝါကျလုံး၌ တူညီ၏။ ပိုင်ဆိုင်မှုအနက်ပြ ကိုယ့်ဟူသောပုဒ်နှင့် တွဲပြထားသော ကိုယ့်ဝန်၊ ကိုယ့်လမ်းဆိုတဲ့ ကံပုဒ် ၂ ပုဒ်ကား ဝန်နှင့်လမ်း အားဖြင့် မတူကွဲပြားခြားနားပါသည်။ ထို့အပြင် ထမ်း၊ သွားဟူသော ကြိယာနှစ်လုံးလည်း မတူကွဲပြားခြားနားနေပါသည်။ ထိုသို့ကတ္တားပုဒ်တူညီပြီး ကံကြိယာတို့မတူကွဲပြားခြားနားလျက် မတူကွဲပြားခြားနားနေသော အနက်အဓိပ္ပာယ်များစွာတို့ကို အားလုံးနှံ့စပ်သွားလိုသောအခါ နှစ်ရပ်စပ်ပြီး နှစ်ခါထပ်ကာ ဆိုရပါသည်။ ထိုသို့နှံ့စပ်သွားလို၍ နှစ်ခါ ထပ်ဆိုခြင်းကို ဝိစ္ဆာအနက်ဟုခေါ်ပါသည်။ ကံပုဒ်ကိုထည့်ဆိုရှင်းလင်းပြသော်လည်း ကတ္တားနှင့် ကြိယာကသာ ပဓာနကျပါသည်။

ဤစကားပုံကို အခြေခံပြီး ပါဠိသဒ္ဒါအတွက် ဥပဒေတစ်ခု ထုတ်နုတ်ပြုစုကြည့်မည်ဆိုပါက 'ကတ္တားတူမြဲ၊ ကြိယာကွဲလျက်၊ ဆင့်ကဲ၍သာ၊ ဆိုလေရာ ဝိစ္ဆာဟူ၍မှတ်' ဟု အလွယ်မှတ်သားနိုင်ပါသည်။ ထိုသို့ ဝိစ္ဆာအနက်ပေါ်လွင်အောင် နှစ်ခါထပ်ပြီး မဆိုဘဲ 'ကိုယ့်ဝန် ကိုယ်ထမ်း' ဟုသာ စကားတစ်ရပ်တည်း ခပ်ပြတ်ပြတ်ဆိုခဲ့ပါက ကိုယ့်ဝန်ထုပ်ကို ကိုယ်ထမ်းရမည်ဟူ၍သာ နားလည်နိုင်စေရာ၏။ အရာရာမှာ ကိုယ့်အလုပ်ကို ကိုယ်လုပ်ရမည်ဟူ၍ကား နားမလည်နိုင်ပေ။

ထို့အတူ 'ကိုယ့်လမ်း ကိုယ်သွား' ဆိုတဲ့ နောက်စကားရပ်မျှသာဆိုခဲ့ပါကလည်း ကိုယ့်လမ်းကိုပဲ ကိုယ်သွားရမည်ဟူ၍မျှသာ နားလည်နိုင်ရာ၏။ အရာရာမှာ ကိုယ့်အလုပ်ကို ကိုယ်လုပ်ရမည်ဟူ၍ကား နားမလည်နိုင်ပေ။ ယခုလို 'ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ့်လမ်း ကိုယ်သွား'ဟု နှစ်ရပ်စပ်ပြီး နှစ်ခါထပ်ဆိုပါမှ ဝိစ္ဆာအနက်စွမ်းအားကြောင့် အားလုံးကိုပျံ့နှံ့သွားပြီး 'လူဆိုတာ အရာရာမှာ ကိုယ့်အလုပ်ပဲ လုပ်ရမှာ' ဆိုတဲ့အဓိပ္ပာယ်ပေါ်လွင်လာပေသည်။

ဤစကားပုံသည် သာမန်မဟုတ်၊ နိုင်ငံနှင့်လူမျိုး တစ်ပြေးညီတည်း ဖွံ့ဖြိုးတိုးတက်ရန် ရှေးလူကြီးတို့ သင်ညွှန်ပြသမှုချထားခဲ့သော ထာဝရသစ်လွင်နေမည့် မူဝါဒ ဟောင်းတစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက် အောင် လုပ်ဆောင်ရလွယ်ကူ၏။

> ကိုယ့်အလုပ်ကိုယ်လုပ်နေလျှင် နေ့စဉ်ပုံမှန် တိုးတက်နှုန်း မလွဲမသွေရှိနေပြီး သူများအလုပ်ကို . . .

လူမျိုးတစ်မျိုးဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်ရကား မလွယ်ကူချေ။ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများမှ နည်းပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်ကာ နိုင်ငံကြီးသား လူညိုထွားများကို ဆရာတင်၊ မိမိက တပည့်ခံလိုက်ရုံဖြင့် အလွယ်တကူဖွံ့ဖြိုး တိုးတက်သွားနိုင်ပေသည်။ သို့သော်လုပ်ဆောင်ရုံမျှဖြင့် လူမျိုးဖွံ့ဖြိုးတိုးတက်မှုနှုန်းထားက နှေးကွေးလွန်းနေလျှင် တစ်ပြေးညီတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်မှုမရှိပါက စစ်မှန်သောဖွံ့ဖြိုးတိုးတက်မှုဟု မဆိုနိုင်ပေ။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှုန်းထား မြန်ဆန်မြင့်မားလာသလောက် လူမျိုးကား အိမ်လာယာဆုတ်လုပ်ပေးရရင်း ဖွံ့ဖြိုးတိုးတက်ပြီးဒေသများနှင့် ဝေးသည်ထက်ဝေးရာသို့ ရောက်သွားပေမည်။

ထို့အပြင် ထိုလူမျိုးတို့၏ ချစ်စရာကောင်းသော ဘာသာဓလေ့ထုံးတမ်းစဉ်လာများလည်း ဒီးဒုတ် ငှက်စုပ်စားခြင်းခံရသော ကဏန်းကဲ့သို့ အခွံမျှသာ ကျန်မှာသေချာ၏။ နှုတ်မမေးနှင့်ဆန်ကုန်လိမ့်မည်။ ယုံသာ ယုံလိုက်ပါ။ တိုင်းပြည် နိုင်ငံနှင့်လူမျိုး တစ်ပြေးညီ တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာပါမှ စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုရ၏။ စစ်မှန်သော ဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်လိုလားပါက ရှေးမြန်မာပညာရှိကြီးများ ချမှတ်ပြောဆိုသုံးနှုန်းခဲ့တဲ့ ဤစကားပုံကို ထာဝရသစ်လွင်နေမည့် ဖွံ့ဖြိုးတိုးတက်ရေးမူဝါဒဟောင်းအဖြစ် ကျင့်သုံးသင့်၏။

ရဟန်းရှင်လူ ပြည်သူတိုင်း အရာရာမှာ ကိုယ့်အလုပ်သာ ကိုယ်လုပ်ကြရ ပေမည်။ ကိုယ့်အလုပ်သာ၊ ကိုယ့်အလုပ်ပဲ ဆိုတဲ့စကားတို့တွင်ပါဝင်သော 'သာ၊ ပဲ'ဆိုတဲ့စကားလုံးများက အဝဓာရဏ-မြစ်တားကန့်ကွက်နုတ်ထွက်နေ၍ မိမိအလုပ်မဟုတ်တဲ့ သူတစ်ပါးအလုပ်ကို ဝင်မရှုပ်ရဆိုတဲ့ အဓိပ္ပာယ်လည်း သက်ရောက်နေပါသည်။ ဥပမာအားဖြင့် မောင်ဖြူပဲဟုဆိုလျှင် မောင်မဲမဟုတ်ဟု သိရသကဲ့သို့ ဖြစ်ပါသည်။

အနှစ်ချုပ်ပါက ဝိစ္ဆာအနက်အားဖြင့် ပြောလိုရင်း အားလုံးနှံ့စပ်အောင် 'ကိုယ့်ဝန် ကိုယ်ထမ်း၊ ကိုယ့်လမ်း ကိုယ်သွား'ဟုဆိုထား၍ လူဆိုတာ အရာရာမှာ ကိုယ့်အလုပ်ပဲ ကိုယ်လုပ်ရမှာ၊ သူတစ်ပါးအလုပ် ဝင်မရှုပ်ရဟူသော အဓိပ္ပာယ်ပေါ်လွင်လာ၏။ လူတိုင်း ကိုယ့်အလုပ်ကိုယ်လုပ်လျှင် နေ့စဉ်ပုံမှန်တိုးတက်နှုန်း မလွဲမသွေရှိနေပြီးသူများအလုပ်ကို ဝင်မရှုပ်လျှင် ရှင်းနေစရာမရှိတော့၍ တိုးတက်မှုပိုမိုမြန်ဆန်၏။ တည်ငြိမ်အေးချမ်းမှုလည်း အမြဲလိုလိုရှိနေပေမည်။

ကိုယ့်အလုပ် ကိုယ့်တာဝန်ကို မှန်ကန်တိကျစွာသိနေဖို့ကား အရေးတကြီးလိုအပ်၏။ တည်ငြိမ်အေးချမ်းမှုလည်းအမြဲလိုလိုရှိနေပေမည်။ ကိုယ့်အလုပ် ကိုယ့်တာဝန်ကို မှန်ကန်တိကျစွာသိနေဖို့ကား အရေးတကြီးလိုအပ်၏။ လူတိုင်းသိသည်ဟု သာမန်အားဖြင့် ချေပပြောဆိုနိုင်သော်လည်း တကယ့်တကယ် မှန်ကန်တကျစွာ သိဖို့ကား မလွယ်ကူပေ။ ဥပဒေဖြင့် သတ်မှတ်ပေးထားသော လုပ်ပိုင်ခွင့်အပြင် general knowledge အထွေထွေသုတခေါ် ဌာနာဌာနကောသလ္လဉာဏ်ရှိဖို့လိုပေသည်။ ဤစကားပုံက သင်ညွှန်ပြသသည့်အတိုင်း ရဟန်းရှင်လူမည်သူမဆို ကိုယ့်အလုပ်ကိုယ်လုပ်ပြီး သူများအလုပ်ဝင်မရှုပ်ပါက နိုင်ငံနှင့်လူမျိုး တစ်ပြေးညီတစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်လာမှာ သေချာ၏။

ဤစကားပုံကို ဆိုခဲ့သည့်အတိုင်း ယူဆပြောဆိုခြင်းကား ဤစာရေးသူက နားလည်းခံစားခြင်းသာ ဖြစ်ပါသည်။ မြန်မာအဖွဲ့က ထုတ်ဝေဖြန့်ချိထားသော မြန်မာစကားပုံစာအုပ်၌ကားထိုသို့ ဝိစ္ဆာအနက် ယူဆထားခြင်း မရှိပါပေ။ ကိုယ့်ဝန်ကိုကိုယ်ထမ်း၍ ကိုယ့်လမ်းကို ကိုယ်သွားသကဲ့သို့ တာဝန်သိပြီး မိမိဘဝအတွက် ကောင်းရာကောင်းကြောင်းကို ကိုယ်တိုင်လုပ်သွားရသည်ဟူ၍ ဆီလျော်အောင် ဖွင့်ပြထားသည်ကို တွေ့ရ၏။

ပုံစံထုတ်သောအခါ လယ်တီပဏ္ဍိတဦးမောင်ကြီး၏ သောတမာလာကျမ်းမှ 'ကိုယ့်ဝန်ကိုယ်ထမ်း၊ကိုယ့်လမ်းကိုယ်သွား သံသရာသမားတွေကလည်းဘယ်သူ့ကိုမှ ညှာတာစရာ မရှိတော့ပါဘူး' ဆိုတဲ့ စာသားကိုထုတ်ပြထားပါသည်။ အမှားအမှန်ကို မဝေဖန်သော်လည်း မိမိအမြင် မိမိအယူအဆကို ပညာရှင် ပညာရှိများသို့တင်ပြရလျှင် မြန်မာစာပေတိုးတက်ဖွံ့ဖြိုးရေးတွက် အထောက်အပံ့ဖြစ်တန် ကောင်းရဲ့ဟူသော စေတနာအတွေးဖြင့် ရေးသားတင်ပြလိုက်ပါသည်။ မြန်မာစကားပုံကို ခုံမင်နှစ်သက်ကြသူတိုင်း ရွှင်လန်းချမ်းမြေ့ကြပါစေဗျာ။

ခရီးသည်တင်ယာဉ်များ သတ်မှတ်စည်းကမ်းနှင့် ညီညွတ်မှု ရှိ၊မရှိ စစ်ဆေး

ရမည်းသင်း၊ ဇွန် ၉

ရမည်းသင်းမြို့ အဝေးပြေးခရီးသည်ပို့ဆောင်ရေးယာဉ်များအား အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်မတော်တဆဖြစ်ပွားမှုအန္တရာယ်မှ ကြိုတင်ကာကွယ်သည့် အနေဖြင့် သက်ဆိုင်ရာပူးပေါင်းအဖွဲ့များကစစ်ဆေးမှုများပြုလုပ်ခဲ့ကြောင်း သိရသည်။

ဇွန် ၇ ရက်နံနက် ၁၀ နာရီနှင့် ညနေ ၆ နာရီတို့တွင် ရမည်းသင်းမြို့မှ စတင်ထွက်ခွာမည့် ရမည်းသင်း-ရန်ကုန် ခရီးသည်တင်ယာဉ်များဖြစ်သော နေကြယ်မင်း၊ အောင်သူ၊ နန်းထိုက်စံနှင့် ရမည်းသင်း-မန္တလေး ခရီးသည်တင်ယာဉ် ဆီဇာ အစရှိသည့် အဝေးပြေးယာဉ်များကို ယာဉ်ကြံ့ခိုင်မှုရှိ-မရှိ၊ ယာဉ်လိုင်စင်၊ ယာဉ်နောက်လိုက်လိုင်စင်၊ လုပ်ငန်းလိုင်စင်၊ ယာဉ်အချက်ပြမီး ကောင်း-မကောင်း၊ ရောင်ပြန်ပြားတပ်ခြင်း ရှိ-မရှိနှင့် မီးသတ်ဆေးဘူးထားရှိမှုတို့ကို စစ်ဆေးခဲ့ကြကြောင်း သိရသည်။

ယင်းသို့စစ်ဆေးမှုများပြုလုပ်ရာတွင်ရမည်းသင်းခရိုင် ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ကြီးကြပ်ကွပ်ကဲရေးအဖွဲ့၏ အစီအစဉ်ဖြင့် ရမည်းသင်းခရိုင် ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြသက်လွင်နှင့် ဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်ဥပဒေအရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့ နှင့်ယာဉ်လိုင်းများကြီးကြပ်မှုကော်မတီ အတွင်းရေးမှူးတို့ ပါဝင်သော ပူးပေါင်းအဖွဲ့မှ စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။ **(၄၁၆)**

စိုက်ပျိုးရေးနည်းပညာဆိုင်ရာ ဆွေးနွေးပွဲပြုလုပ်

ရေနံချောင်း၊ ဇွန် ၉

ရေနံချောင်းမြို့နယ် ကံကြီးကျေးရွာအုပ်စု ကံကြီးကျေးရွာ ရွာဦးကျောင်းဓမ္မာရုံတွင် ၂၀၁၄ ခုနှစ် ဇွန် ၅ ရက်၌ မကွေးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဦးသာ ခေါင်းဆောင်သော တိုင်းဒေသကြီးစိုက်ပျိုးရေးနည်းပညာပေးအဖွဲ့နှင့် ရေနံချောင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးငွေမြင့်နှင့် ဝန်ထမ်းများသည် ကံကြီးအုပ်စု၊ ဖောင်းကွဲအုပ်စု၊ ညောင်ပင်အိုင့်အုပ်စုတို့မှ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တွေ့ဆုံ၍ ရာသီဥတုပြောင်းလဲမှုကြောင့် တောင်သူများ လက်တွေ့လိုက်နာဆောင်ရွက်ရမည့် သီးနှံစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများကို ဆွေးနွေးကြကြောင်း သိရသည်။

အဆိုပါဆွေးနွေးပွဲ တွင် မကွေးတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းမျိုးစေ့တာဝန်ခံ ဒေါ်မိမိချို၊ တိုင်းမြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်မာသန်းနှင့် တိုင်းသီးနှံကာကွယ်ရေးတာဝန်ခံ ဒေါ်ခင်စန်ငွေးတို့မှ စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းဆွေးနွေးခဲ့ကြကြောင်းသိရသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာသည့် တောင်သူများအား မေးခွန်းများမေးမြန်းခဲ့ပြီး GCC Co.Ltd (မြေဩဇာနှင့် စိုက်ပျိုးရေးဆေးကုမ္ပဏီ)၏ တိုင်းတာဝန်ခံ ဦးသန်းထွန်းဦးမှ တက်ရောက်လာသူများအားဆုလက်ဆောင်များပေးအပ်ခဲ့ ကြောင်းသိရသည်။ **မြို့နယ်(ပြန်/ဆက်)**









မကွေးမြို့တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၃၆ ပြင်ဆင်ရေးအတွက် ဟောပြောပွဲကျင်းပမည့်မြေနေရာ သက်ဆိုင်ရာမှခွင့်မပြု

မကွေး၊ ဇွန် ၉

မကွေးမြို့၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမတွင် ဇွန် ၇ ရက်မွန်းတည့် ၁၂ နာရီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း(မကွေး) ပူးပေါင်းကော်မတီမှ မကွေးမြို့၊ ကန်သာရပ်ကွက်ရှိ အေးစေတီဘုရားကွင်းပြင်၌ ဇွန် ၉ ရက်တွင် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် လူထုဟောပြောပွဲ ကျင်းပပြုလုပ်မည့် ကိစ္စတွင် မြေနေရာကိစ္စနှင့် ပတ်သက်ပြီး ဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

အဆိုပါ ဆွေးနွေးပွဲတွင် မကွေးခရိုင်အုပ်ချုပ်ရေးမှူးဦးအုန်းသန်း မှ လူထုဟောပြောပွဲပြုလုပ်မည့်အေးစေတီဘုရားကွင်းပြင်နေရာမှာကျယ်ဝန်းမှုမရှိကြောင်း ပြောကြားခဲ့သည်။

ထို့ပြင်ဘုရားကွင်းရှေ့ရှိ အထက (၁)လမ်းမှာကျောင်းသား၊ကျောင်းသူများ၊ အများပြည်သူများ သွားလာမှုရှုပ်ထွေးသည့် လမ်းဖြစ်သဖြင့် ယာဉ်သွားလာမှုများပြားပြီး ယာဉ်အန္တရာယ်ကင်းရှင်းမှု မရှိခြင်းတို့ကြောင့်ဟောပြောပွဲ မပြုလုပ်ရေးနှင့် ပတ်သက်ပြီး ပြောကြားခဲ့သည်။

ထိုသို့ဟောပြောပွဲလုပ်ရန် အတွက် ယာဉ်အသွားအလာ နည်းပါးပြီး ကျယ်ပြန့်သည့် မကွေးမြသလွန်ဘုရားပွဲကျင်းပသည့် မြေနေရာသို့ ပြောင်းရွှေ့ ဟောပြောပွဲပြုလုပ်ရန် ဆွေးနွေးခဲ့ရာ မကွေးတိုင်းဒေသကြီး NLD ပါတီအတွင်းရေးမှူးဦးနေမျိုးကျော်နှင့်အဖွဲ့မှ ခွင့်ပြုသည်ဖြစ်စေ၊ ခွင့်မပြုသည်ဖြစ်စေ အေးစေတီဘုရားကွင်းပြင်တွင်သာ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အဆိုပါ ဆွေးနွေးပွဲသို့ မြို့နယ် NLD ပါတီဥက္ကဋ္ဌဦးစိုးမိုးနှင့် ပါတီဝင်များ၊ မကွေးခရိုင် ဥပဒေအရာရှိ ဦးဖုန်းရီ၊ မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညာဏ်မျိုး၊ မကွေးတိုင်းရဲတပ်ဖွဲ့မှူးရုံးမှ ရဲမှူး(ဦးစီး) ရဲမှူးတင်ငွေ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းချစ်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ကျော်ဇေယျ(မကွေး)

ဒုတိယအကြိမ်ဓာတ်ပုံပြပွဲပြုလုပ်၍ရရှိငွေများကို ပညာရေး၊ကျန်းမာရေး၊လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများသို့ လှူဒါန်းမည်

ရန်ကုန်၊ ဇွန် ၉

၂၀၁၄ ခုနှစ် ဇွန် ၁၄ ရက်မှ ၂၈ ရက်အထိ UzinBlue, Nay La Minn နှင့် Ye Naing Wynn တို့ပူးပေါင်း၍. SOURCE OF LIGHT PHOTOGRAPHY SHOW . ဟု အမည် ပေးထားသော ဓာတ်ပုံပြပွဲတစ်ခုကို Nawaday Art Gallery ၌ ပြုလုပ်ရန် စီစဉ်ထားကြောင်း သိရသည်။

ယင်းဓာတ်ပုံပြပွဲမှ ရောင်းချရငွေများကို ကလေးသူငယ်၊ လူငယ်လူရွယ်နှင့် သက်ကြီးရွယ်အို ဘိုးဘွားများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုကဏ္ဍများတွင် အသုံးပြုနိုင်ရန် ရည်စူး၍ လှူဒါန်းသွားမည်ဖြစ်သည်။

ယခုအကြိမ် ဓာတ်ပုံပြပွဲသည် ဒုတိယအကြိမ်ပြုလုပ်ခြင်းဖြစ်ပြီး ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၁၈ ရက်မှ ၃၀ ရက်အထိ နဝဒေးအနုပညာပြခန်း (Nawaday Art Gallery) တွင် နှစ်သစ်ရနံ့ (New Year Breeze) ဓာတ်ပုံပြပွဲကို ကျင်းပပြုလုပ်ခဲ့သည်။ ထိုပြပွဲမှ ရောင်းချ၍ရရှိသော ငွေအားလုံးကို ရခိုင်ဒေသ၊ ကချင်ဒေသ၊ မိတ္ထီလာဒေသတို့မှ ကလေးသူငယ်များအတွက် ပညာရေးရန်ပုံငွေအဖြစ် ထောက်ပံ့လှူဒါန်းခဲ့ကြောင်း သိရသည်။

နေဇာ(ပီတောက်ရိပ်)

ထိုင်းနိုင်ငံတွင်မြန်မာလူကုန်ကူးဂိုဏ်းကြီးတစ်ဂိုဏ်းအားဖမ်းဆီးနှိမ်နင်းနိုင်ခဲ့

ဗန်ကောက်၊ ဇွန် ၉

ထိုင်းနိုင်ငံတွင်ရှိနေသော မြန်မာလူကုန်ကူးမှုဂိုဏ်းကြီးတစ်ဂိုဏ်းအား ထိုင်းအစိုးရ လူကုန်ကူးမှုအထူးရဲတပ်ဖွဲ့ AHTD၊ MAT အဖွဲ့နှင့် FED အဖွဲ့တို့မှ ဇွန် ၆ ရက်က ဖမ်းဆီးနှိမ်နင်းလိုက်နိုင်ကြောင်းဖြင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ (Myanmar Association in Thailand) မှ ယနေ့ ဇွန် ၇ ရက်ညပိုင်းက ဆက်သွယ်ပြောခဲ့သည်။

ဇွန် ၄ ရက်က ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ပနိုကျေးရွာမှ အသက် ၁၈ နှစ်အရွယ် ကိုပိုင်ဆိုသူသည် ပွဲစားများ အခန်းပိတ်လှောင်ထားစဉ် ခေါင်မိုးအောက်မှ ထွက်ပြေးလွတ်မြောက်လာခဲ့ခြင်း ဖြစ်သည်။

ထို့နောက် ၎င်းမှ ငါးဖမ်းလှေပေါ်သို့ ရောင်းစားခံလိုက်ရသည့် တစ်ရွာတည်းသား သက်ကိုလွင်နှင့် ဝေအောင်တို့ လွတ်မြောက်ရေးအတွက် ဗန်ကောက်မြို့အခြေစိုက် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအဖွဲ့ MAT သို့ ဆက်သွယ် အကူညီတောင်းခံခဲ့သည်။

အဆိုပါ ပထမဦးဆုံးထွက်ပြေးလွတ်မြောက်သူ အသက် ၁၈ နှစ်အရွယ် ကိုပိုင်က "ကျွန်တော်တို့ကို ပေါင်မုန့်အလုပ်ရုံကို သွင်းပေးမယ်ဆိုပြီး တစ်ဦးကို ဘတ်ငွေ ၁၅၀၀ စီနဲ့ အလုပ်ရှာပေးခ ယူပါတယ်။ လှေဆိပ်မှာထပ်ပြီး တစ်ယောက်ကို ဘတ်ငွေတစ်သောင်းစီနဲ့ ရောင်းစားခဲ့ပါတယ်။ ကျွန်တော့်သူငယ်ချင်းနှစ်ဦးကိုလည်းကို ငါးဖမ်း လှေထဲကို ထည့်လိုက်ပါတယ်။ ကျွန်တော့်ကို နောက်နေ့မှာ တစ်နေရာကို ပို့မယ်လို့ပြောပါတယ်။ ပွဲစားအိပ်နေတုန်း အမိုးနဲ့နံရံကြားက ကျော်ခွတက်ပြီး ရှစ်နာရီလောက် လမ်းလျှောက်ပြီးတော့ ဗန်ကောက်မြို့ အဝေးပြေးကားဂိတ်ကို အငှားတက္ကစီ စီးလာခဲ့ပါတယ်။ အဲဒီက တစ်ဆင့် ဗန်ကောက်မြို့ မှာ အလုပ်လုပ်နေတဲ့ အစ်မဆီကို အရောက်လာခဲ့လိုက်တာပါ။ ပွဲစားသိန်းဦးက အစ်မကိုဖုန်းဆက်သေးတယ်လေ။ ကျွန်တော်တို့သုံးယောက် ထွက်ပြေးတာ ထိုင်းရဲဖမ်းခံရလို့ တစ်ဦးကို ဘတ်ငွေ တစ်သောင်းစီနဲ့ ရွေးရမယ်ဆိုပြီး ထပ်ပြီး လိမ်တောင်းပါသေးတယ်' ဟု ပြောခဲ့သည်။

ဖြစ်စဉ်အရ MAT အဖွဲ့ရုံးတာဝန်ခံ ဦးစိုင်းအေးက MAT အဖွဲ့၏ ဥပဒေအကြံပေး ဦးအောင်မျိုးသန့်နှင့်အတူ ပူးပေါင်းဆောင်ရွက်နေကျဖြစ်သော ထိုင်းတောင်ပိုင်း ဖန်ငအခြေစိုက် ပညာရေးဖောင်ဒေးရှင်း FED တို့နှင့် ညှိနှိုင်းတိုင်ပင်ပြီးနောက် မြန်မာလူကုန်ကူးမှုဂိုဏ်းကြီးအား AHTD နှင့် ပူးပေါင်းကာ ဖမ်းဆီးနှိမ်နင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် ပူးပေါင်းအဖွဲ့များမှ ဗန်ကောက်မြို့ ဖလန်ဆောင်နယ်မြေ ထပ်ခမ်းရဲစခန်းအကူညီဖြင့် ဇွန် ၅ ရက် နံနက် ပိုင်းကပင် ဗန်ကောက်မြို့ ဘန်ခွန်ထီယန်နယ်မြေတွင် နေထိုင်သည့် မြန်မာဂိုဏ်းခေါင်းဆောင် သိန်းဦးအား အထောက်အထားအပြည့်အစုံဖြင့် ဖမ်းဆီးလိုက်နိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

ယင်းနောက် MAT အဖွဲ့ဝင်တို့သည် လွတ်မြောက်လာသူတို့၏ အကူညီဖြင့် လိုအပ်သည့်အချက်အလက်များအား ထပ်မံစုံစမ်းပြီးနောက် ဇွန် ၆ ရက်တွင် မဟာချိုင်မြို့မှ ပွဲစားဂိုဏ်းခေါင်းဆောင် အမျိုးသမီး ဒေါ်ချမ်းကို ဖမ်းဆီးလိုက်နိုင်ခဲ့သည်။

ယင်းနောက် စမုတ်ဆုံခါခရိုင် မဲခေါင်လှေဆိပ်မှ အခန်းပိတ်လှောင်ထားသည့် ပွဲစားအခင်နှင့် အကျော်ဆိုသူတို့အား ဖမ်းဆီးပြီးနောက် ငါးဖမ်းလှေပေါ်သို့ ထပ်မံရောင်းစားသည့် ပွဲစားအောင်နိုင်တို့ကိုပါ တစ်ဆက်တည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့် စပ်လျဉ်း၍ MAT အဖွဲ့ဒါရိုက်တာ ဦးကျော်သောင်းက "ဒီလထဲမှာ လူကုန်ကူးခံနေရသူတွေကို ကယ်ထုတ်ဖို့ အချက်အလက်အပြည့်အစုံ စုဆောင်းထားပြီးသားပါ၊ နောက်ထပ် သုံးနေရာကျန်ရှိပါသေးတယ်။ ထိုင်း နိုင်ငံရေးအခြေအနေအရ ထိုင်းအစိုးရဘက်က အလုပ်လုပ်နိုင်မှု အားနည်းနေသလို ကျွန်တော်တို့မှာလည်း လုံခြုံအရေးရော စရိတ်စကပါ ကိုယ်အင်ကိုယ့်အားနဲ့ လုပ်နေရတာဖြစ်တာကြောင့် ချင့်ချိန်ပြီးလုပ်နေရကြရတာပါ။ ထိုင်းငါးဖမ်းလှေတွေပေါ်မှာ ရောင်းစားခံနေရတဲ့ မြန်မာတွေကို ကျွန်တော်တို့ ကယ်တင်ဖို့ ခက်ခဲဦးမှာဖြစ်ပါတယ်။ မြန်မာအစိုးရနဲ့ နိုင်ငံတကာ လူကုန်ကူးမှုတိုက်ဖျက်ရေးအဖွဲ့တွေ မူဝါဒတွေ ပြောင်းလဲလုပ်ကိုင်လာနိုင်ပါစေလို့ သာမျှော်လင့် နေရတာပါပဲ" ဟု ပြောခဲ့သည်။

ထိုင်းနိုင်ငံအတွင်း မြန်မာအလုပ်သမားအမြောက်အမြားမှာ လူကုန်ကူးခံနေကြရသော်လည်း လူကုန်ကူးမှုတစ်ခု ဖော်ထုတ်ရန်အတွက်အချိန်နှင့် စရိတ်စက အမြောက်အမြား အသုံးပြုကြရကြောင်း MAT အဖွဲ့က ပြောပြခဲ့သည်။

လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းသည် ချမ်းသာသူများ၊ အာဏာပိုင်များနှင့် လူမိုက်များ ပူးပေါင်းလုပ်ဆောင်ကြသည့် ဧရာမစီးပွားရေးလုပ်ငန်းကြီးတစ်ခု ဖြစ်ကြောင်းနှင့် ထိုင်းနိုင်ငံအစိုးရ လူကုန်ကူးမှုတိုက်ဖျက်ရေးတပ်ဖွဲ့တို့တွင် ယာဉ်၊ စက်ကိရိယာများ၊ လူအင်အားများနှင့် ငွေအင်အားများ အလုံးစုံအား အသုံးပြုနိုင်ကြကြောင်းသိရသည်။

လက်ရှိ အမှုဖြစ်စဉ်အရ ဖမ်းဆီး နှိမ်နင်းပြီးချိန်တွင် ယနေ့ ဇွန် ၇ ရက် ညပိုင်းသတင်းအရ ငါးဖမ်းလှေပေါ်၌ ရောင်းစားခံနေခဲ့ရသူ မြန်မာနှစ်ဦးအား AHTD သို့ လာရောက်ပို့ဆောင်ထားကြောင်း သိရပြီး လွတ်မြောက်လာသည့် မြန်မာအလုပ်သမားသုံးဦး မှာ အမှုကိစ္စပြီးမြောက်သည်အထိ ကယ်ဆယ်ရေးစခန်းထဲတွင် နေထိုင်ကြရမည်ဖြစ်ကြောင်းနှင့် ဖမ်းဆီးထားသည့် လူကုန်ကူးဂိုဏ်းကြီးမှာ ထိုက်သင့်သည့် ပြစ်ဒဏ်များ ထိရောက်စွာ ချမှတ်ခံရမည်ဖြစ်ကြောင်းဖြင့် MAT အဖွဲ့မှ စုံစမ်းသိရသည်။

MAT အဖွဲ့တွင်မူ မည်သည့်အစိုးရနှင့် မည်သည့်အဖွဲ့အစည်းတို့ကမှ ကူညီပေးထားမြင်းမျိုးမရှိသေးကြောင်း၊ အချို့အမှုကိစ္စများအတွက်ရင်းနှီးသည့် မိတ်ဆွေများထံမှ အခါအားလျော်စွာ စရိတ်စက အကူညီတောင်း၍ လုပ်ကိုင်နေကြရကြောင်း၊ MAT အဖွဲ့သည် ယခု ၂၀၁၄ ခုနှစ်နှစ်စပိုင်းမှ ယခုလူကုန်ကူးမှု ဖမ်းဆီးနှိမ်နင်းသည်အထိ လူကုန်ကူးခံရသူ စုစုပေါင်း ဦးရေ ၉၀ အား ကယ်တင်နိုင်ခဲ့ပြီး မြန်မာပွဲစားပေါင်း ရှစ်ဦးတို့အား ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သော ၂၀၁၁ ခုနှစ်က လူကုန်ကူးခံခဲ့ရသူ စုစုပေါင်းဦးရေ ၅၀ ဦး၊ ၂၀၁၂ ခုနှစ်က စုစုပေါင်းဦးရေ ၂၉၂ ဦးနှင့် ၂၀၁၃ ခုနှစ်က စုစုပေါင်းဦးရေ ၂၆၄ ဦး တို့အား ကယ်တင်နိုင်ခဲ့ပြီး ဖြစ်ကြောင်းဖြင့် MAT အဖွဲ့မှ ထုတ်ပြန်ထားချက်အရ သိရသည်။

စိုးဝင်း(MLA)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်ထဲရေးဝန်ကြီးဌာန
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

အမှိုက်သိမ်းစနစ်ကန်ထရိုက်ခေါ်ယူခြင်း

မိုးရွာသွန်းမှု မှန်ကန်စေရန် အညာဒေသတွင် ရပ်ကွက်၊ ကျေးရွာများ အလိုက် လူငယ်များစုပေါင်း၍ မိုးခေါ်လွန်ဆွဲပွဲများပြုလုပ်

ကျောက်ပန်းတောင်း၊ ဇွန် ၉

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးရွာသွန်းမှု နည်းပါးသောကြောင့် မိုးရွာသွန်းမှု မှန်ကန်စေရန် ကျေးရွာအချို့တွင် စုပေါင်း၍ မိုးခေါ်လွန်ဆွဲပွဲများ ပြုလုပ်နေကြပြီး မြို့ပေါ်ရပ်ကွက်အချို့တွင်လည်း လမ်းအလိုက်သော်လည်းကောင်း၊ အပိုင်းလိုက်သော်လည်းကောင်း လူငယ်များစုပေါင်း၍ မိုးခေါ်လွန်ဆွဲပွဲများ ကျင်းပလျက်ရှိရာ ကျောက်ပန်းတောင်းမြို့နယ် အောင်မင်္ဂလာရပ်ကွက်တွင်ဇွန် ၆ ရက်မှ စတင်၍ လူငယ်များစုပေါင်းကာ လွန်ဆွဲပွဲများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ အောင်မင်္ဂလာရပ်ကွက် အနောက်ပိုင်းအဖွဲ့က လူငယ်တွေ စုလုပ်ကြတာပါ။ ဒီနေ့ကဒုတိယနေ့ပါ။ မနက်ဖြန်နဲ့ သုံးရက်လုပ်ကြမှာပါ။ ဆွဲတဲ့ကြိုးက မိချောင်းနွယ်ကြိုးပါ။ လူကြီးတွေက မိချောင်းနွယ်တို့၊ ကြွက်နမောက်နွယ်တို့နဲ့ ဆွဲရတယ်။ အဲဒါတွေမရမှ အုန်းဆံကြိုးနဲ့ဆွဲရတယ်ဆိုတာနဲ့ ပုပ္ပါးဘက်က မရရအောင် သွားရှာခဲ့ရတာ။ အဲဒီနွယ်ကိုမှ သုံးလွန်းတင်ကြိုးလုပ်ပြီး ဆွဲကြတာပါ" ဟု လွန်ဆွဲပွဲတွင်ပါဝင်ဆင်နွှဲနေသူ ကိုဇော်ဝမ်းက ပြောသည်။

အဆိုပါလွန်ဆွဲပွဲတွင် အနုပညာရှင်များဖြစ်သည့် ဥက္ကာဇော်ဆိုင်းအဖွဲ့ကလည်း ပွဲစည်ကားမှုရှိစေရန် ကူညီပံ့ပိုး တီးခတ်ပေးကြောင်း သိရပြီး လာရောက်ကြည့်ရှုသူများကလည်း အလှူငွေများ ထည့်ဝင်လှူဒါန်းကြ၍ အနိုင်ရရှိသည့်အဖွဲ့များအား ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်တွင် မိုးရွာသွန်းမှု နည်းပါးသည့်အပြင် ရွာသွန်းသည့်မိုးမှာလည်း ကွက်ကြားမိုးသာဖြစ်သောကြောင့် ဒေသအချို့တွင် စိုက်ပျိုးရန် လုံလောက်သည့် မိုးမရရှိသေးဘဲ အချို့ကျေးရွာများတွင် မိုးတစ်ကြိမ်မျှပင် ရွာသွန်းခြင်းမရှိသေးကြောင်း သိရသည်။

အောင်မင်္ဂလာရပ်ကွက်တွင် လူငယ်များစုပေါင်း၍ လွန်ဆွဲပွဲပြုလုပ်နေစဉ်။

မိုးရွာသွန်းစေရန် မြို့နယ်တာဝန်ရှိသူများမှ စီစဉ်၍ ချောက်မြို့နယ် ဂွေးချိုတောင်ဆုတောင်းပြည့် မိုးကောင်းဘုရားကြီးအား ပင့်ဆောင်ကာ မြို့တွင်းသို့ လှည့်လည်ပူဇော်ခံခဲ့သည့်ပြင် မြို့မဈေးကြီး အရန်မီးသတ်စခန်းရုံး ယာယီမဏ္ဍပ်တွင် ငါးရက်တာကိန်းဝပ်စံပယ်တော်မူခဲ့ရာ စတုတ္ထမြောက်နေ့ဖြစ်သည့် ဇွန် ၆ ရက် ညနေ ၄ နာရီမှ ၄ နာရီ ၁၅ ခန့်အထိ မြို့ပေါ်နှင့် မြို့နှင့်အနီးဝန်းကျင် ကျေးရွာအချို့တွင် မိုးရွာသွန်းမှုအနည်းငယ်ရှိခဲ့ကြောင်းသိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး(မ.ဘ.သ) အဖွဲ့မှ ယဉ်ကျေးလိမ္မာ သင်တန်း ဆုပေးပွဲကျင်းပ

ပဲခူး၊ ဇွန် ၉

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်လုံးဆိုင်ရာ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး(မ. ဘ. သ) အဖွဲ့မှ ဦးဆောင်ကျင်းပသည့် ယဉ်ကျေးလိမ္မာသင်တန်းကို တက်ရောက်ကြသော သင်တန်းသား၊ သင်တန်းသူ ၁၃၂၆ ဦးကို စာရေးကိရိယာ၊ ကျောင်းသုံးပရိဘောဂများနှင့် ဝတ်စုံများလှူဒါန်းသည့် ဆုပေးပွဲကို ဇွန် ၁ ရက် နံနက် ၁၁ နာရီ မိနစ် ၃၀ က သနပ်ပင်မြို့နယ်လုံးဆိုင်ရာ ဂိုဏ်းပေါင်းစုံ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး(မ. ဘ. သ)အဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဓမ္မမေဒနီကျောင်း၊ ခရမ်းစံပြကျေးရွာတွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားသို့ အမျိုးဘာသာသာသနာ စောင့်ရှောက်ရေးအဖွဲ့ ဦးဆောင်ဆရာတော်ရှစ်ပါးနှင့် အဖွဲ့ဝင်ဆရာတော် ၅၆ ပါး၊ ကြွရောက်ချီးမြှင့်ပေးပါသော ဦးဆောင်ဆရာတော်ကြီးရှစ်ပါးအား လှူဖွယ်ပစ္စည်းများဖြင့် ဆက်ကပ်လှူဒါန်းပူဇော်ခဲ့သည်။

အမျိုးဘာသာသာသနာ စောင့်ရှောက်ရေး(မ. ဘ. သ)ဗဟို၏ သင်ရိုးညွှန်းတမ်းနှင့်အညီ ယဉ်ကျေးလိမ္မာသင်တန်းကို နှစ်ပတ်ကြာ ဖွင့်လှစ်သင်ကြားပေးခဲ့ပြီး သနပ်ပင်မြို့၊ မြို့ပေါ်နှင့် ကျေးရွာစာသင်ကျောင်း ခုနစ်ကျောင်းတို့မှ သင်တန်းနည်းပြဆရာတော်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား ကျောင်းသူ၊ ကျောင်းသားတို့အား အလှူရှင် ၁၁ ဦးတို့က တန်ဖိုးငွေကျပ် ၄၇၀၅၅၀၀ ကျပ်တန်ဖိုးရှိ ဝတ္ထုပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာများ၊ ကျောင်းသုံးပရိဘောဂများကို လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ တက်ရောက်သော ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား ကျောင်းသား၊ ကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်းအင်အား ၂၀၀၀ ကျော်ခန့်အား ခရမ်းစံပြကျေးရွာ၊ ဓမ္မမေဒနီကျောင်းဆရာတော် အမှူးပြုသည့် ခရမ်းစံပြကျေးရွာသူ ကျေးရွာသားများက ဧည့်သည်တော်များအား နေ့လယ်စာဖြင့် ဧည့်ခံခဲ့သည်။

တစ်ကျော့ပြန်စစ်ဖြစ်ပွားမှု သုံးနှစ်ပြည့်သည့်နေ့တွင် စစ်ရပ်စဲရေး ဘာသာပေါင်းစုံ ဆုတောင်းပွဲပြုလုပ်

ရန်ကုန်၊ ဇွန် ၉

ကချင်ဒေသ တစ်ကျော့ပြန်စစ် ၃ နှစ်ပြည့် အစီအစဉ်ကို Outdoor နှင့် Indoor အခမ်းအနားများဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ စစ်ရပ်စဲရေး ဘာသာပေါင်းစုံဆု တောင်းပွဲကိုအစီအစဉ်တစ်ရပ်အဖြစ်ပြုလုပ်ခဲ့ကြောင်းသိရသည်။

Outdoor အစီအစဉ် ကို ဇွန် ၇ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီး ၎င်းနေ့နံနက် ၈ နာရီမှ ၁၀ နာရီအထိ မဟာဗန္ဓုလပန်းခြံအနောက်၊ AGD ဘဏ်ရှေ့တွင်လည်းကောင်း၊ နံနက် ၁၀ နာရီမှ ညနေ ၃ နာရီအထိ ပြည်သူ့ရင်ပြင် စမ်းချောင်းသာကွင်းအနီးတွင်လည်းကောင်း၊ ညနေ ၃ နာရီမှ ၆ နာရီအထိ အင်းယားကန်စောင်း ပြည်လမ်းမ၊ အားကစားလေ့ကျင့်ရာ နေရာတွင်လည်းကောင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

Indoor အစီအစဉ် ကို ဇွန် ၉ ရက် နံနက် ၉ နာရီ မှ မွန်းလွဲ ၃ နာရီအထိ ကချင်နှစ်ခြင်းခရစ်ယာန်ဘုရားကျောင်းဝင်း၊ ရွှေပြည်အေးလမ်း၊ စမ်းချောင်းတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားအစီအစဉ်များတွင် စစ်ရပ်စဲရေးအတွက် ဘာသာပေါင်းစုံဆုတောင်းခြင်း၊ IDP များ၏အတွေ့အကြုံဝေငှခြင်း၊ ဖိတ်ကြားထားသော ဧည့်သည်တော်များထံမှ အမှတ်တရစကားပြောကြားခြင်း၊ ငြိမ်းချမ်းရေးတေးဂီတနှင့် အခြားတင်ဆက်မှုများ၊ ငြိမ်းချမ်းရေးဆိုင်ရာ အမှတ်တရပစ္စည်းများ ပြသခြင်း၊ ရံပုံငွေရှာဖွေခြင်းများ ပါဝင်ခဲ့သည်။

နေဇာ(ပိတောက်ရိပ်)

ဘိန်းအစားထိုးသီးနှံ အထွက်တိုး (ပုလဲသွယ်) မျိုးစပါး ၁၄၀၀ ကီလိုအား မိုင်းပန်းမြို့နယ် တောင်သူများထံသို့ အခမဲ့ဖြန့်ဝေ

မိုင်းပန်၊ ဇွန် ၉

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ လင်းခေးခရိုင်၊ မိုင်းပန်မြို့နယ်တွင် ၂၀၁၄ ခုနှစ် ဘိန်းအစားထိုးသီးနှံ အဖြစ် အထွက်တိုး(ပုလဲသွယ်) မျိုးစပါး တောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးသည့် အခမ်းအနားကို ဇွန် ၅ ရက် နံနက် ၉ နာရီက မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ နမ့်ပန်ခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မိုင်းပန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးကျော်မိုးက ဘိန်းအစားထိုးသီးနှံ အထွက်တိုး (ပုလဲသွယ်)မျိုးစပါးများကို တောင်သူများထံ အခမဲ့ ဖြန့်ဝေပေးရခြင်းနှင့် စပ်လျဉ်းသော စိုက်ပျိုးရေးနည်းပညာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ ရဲမှူးဝင်းမောင်နှင့် မြို့နယ်စိုက်ပျိုးရေးဌာနဦးစီးမှူး ဦးကျော်မိုးတို့က မိုင်းပန်မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ခြောက်အုပ်စုရှိ ကျေးရွာပေါင်း ၁၃ ရွာမှ တောင်သူများအတွက် ဘိန်းအစားထိုးသီးနှံ ပုလဲသွယ်မျိုးစပါးများကို ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများထံသို့ (တောင်သူများကိုယ်စား) အသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

အထွက်တိုး(ပုလဲသွယ်)မျိုးစပါးများအား တောင်သူတစ်ဦးသို့ ပေးအပ်နေစဉ်။

ယင်းနေ့က ငွေကျပ် ၃၂၂၄၀၀၀၀ တန်ဖိုးရှိ မျိုးစပါးများ ၁၀၄၀ ကီလိုကို တောင်သူများထံသို့ ပေးအပ်ခဲ့ပြီး တစ်ဧကလျှင် ရှစ်ကီလိုနှုန်းစိုက်ပျိုးနိုင်မည်ဖြစ်ရာ စိုက်ပျိုးမြေဧက ၁၃၀ အား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆောင်းနှင်းလတ်(ပြန်/ဆက်)

ညောင်တုန်းမြို့ စက္ကော့တောင်ကျေးရွာအုပ်စု မွေးမြူရေးကဏ္ဍ ချေးငွေ ၂၆၇ သိန်း ရရှိ

ရန်ကုန်၊ ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့၊ စက္ကော့တောင်ကျေးရွာအုပ်စုရှိ ရွာငယ်လေးရွာမှ အိမ်ထောင်စု ၂၄၁ စုသည် မွေးမြူရေးကဏ္ဍနှင့် ပတ်သက်၍ ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျော့ကျစေရန်အတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ အတိုးနှုန်း သက်သာစွာဖြင့် ချေးယူငွေကျပ် ၂၆၇ သိန်း ၄ သောင်းအား ဇွန် ၅ ရက်မှ စတင်ရရှိခဲ့ကြောင်း စက္ကော့တောင်ကျေးရွာ အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

"ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ဖို့နဲ့ ကျေးရွာဒေသက အိမ်ထောင်စုတွေ တစ်နိုင်တစ်ပိုင် လုပ်ငန်းလေးတွေလုပ်ပြီး ဝင်ငွေရှာနိုင်အောင် ရည်ရွယ်ပြီးတော့ မွေးမြူရေးနဲ့ ကျေးလက်ဦးစီးဌာနက မွေးမြူရေးကဏ္ဍကို ရည်ရွယ်ပြီးတော့ ဘဏ်ကော်မတီစည်းကမ်းတွေနဲ့အညီ ချေးငွေထုတ်ချေးပေးတာပါ။ တောင်သူတွေလိုအပ်နေတဲ့ မွေးမြူရေးအလိုက် ထုတ်ချေးပေးတာဖြစ်ပါတယ်"ဟု စက္ကော့တောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းအား အဓိကရည်ရွယ်၍ ထုတ်ချေးရာတွင် အိမ်ထောင်စုတစ်ခုလျှင် မိမိတို့စိတ်ကြိုက်မွေးမြူနိုင်ရန်အတွက် နို့စားနွား၊ ခိုင်းနွားတစ်ကောင်အတွက် ငွေကျပ်သုံးသိန်း၊ ရက် ၁၀၀ သား ဝက်ငယ်တစ်ကောင်အတွက် ငွေကျပ်လေးသောင်း၊ ဆိတ်ပေါက်တစ်ကောင်အတွက် ငွေကျပ်လေးသောင်းနှုန်းဖြင့် ချေးယူနိုင်ပြီး ထိုကဲ့သို့ အဆင်ပြေစွာ ချေးယူနိုင်ရန်အတွက် ၂၀၁၄ ခုနှစ် မတ်လမှစတင်ကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးရုံးမှ ခရိုင်နှင့်တိုင်းအဆင့်ဆင့်သို့ တင်ပြခဲ့ကြောင်း သိရသည်။

စက္ကော့တောင်ကျေးရွာအုပ်စုအောက်ရှိ ရွာငယ်လေးရွာဖြစ်သော အုန်းပင်စုရွာ၊ ဘုတ်ဆုံချောင်းရွာ၊ အောက်စုရွာနှင့် စက္ကော့ရွာမရွာရှိသည့်အနက် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရာတွင်လိုအပ်နေသည့်အတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေထုတ်ချေးပေးသော အိမ်ထောင်စု ၂၄၁ ခုမှာနွားမွေးမြူရန် အိမ်ထောင်စု ၁၂ စု၊ ဝက်မွေးမြူရန် အိမ်ထောင်စု ၂၁၄ စုနှင့် ဆိတ်မွေးမြူရန် အိမ်ထောင်စု ၁၅ စု တို့ဖြစ်ကြောင်း သိရသည်။

"အတိုးနှုန်းက ငွေကျပ်တစ်ရာမှာ တစ်ကျပ် ပြား ၈၀ နဲ့ ထုတ်ချေးတာပါ။ အတိုးကို သုံးလတစ်ကြိမ်နဲ့ ပြန်လည်ပေးသွင်းရမှာဖြစ်ပြီး ချေးယူထားတဲ့ငွေအားလုံးကို တစ်နှစ်အတွင်း အပြီးပြန်ဆပ်ရမှာ ဖြစ်ပါတယ်" ဟု စက္ကော့တောင်ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းအောင်က ပြောသည်။

စက္ကော့တောင်ကျေးရွာအောက်ရှိ ရွာငယ်လေးရွာတွင် အိမ်ထောင်စု ၆၈၅ ခု၊ လူဦးရေ ၃၄၀၀ ကျော်ရှိပြီး လယ်ယာစိုက်ပျိုးရေးနှင့်မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နေကြပြီး မြစိမ်းရောင်စီမံကိန်းအတွက် ယခင်ကငွေကျပ်သိန်း ၅၀ ရရှိခဲ့ကြောင်းလည်းသိရသည်။

စိုးအောင်ဖေ

ဒလမြို့၌ ရေစီးရေလာကောင်းမွန်ရေး စက်ယန္တရားဖြင့် ဆောင်ရွက်

ဒလ၊ ဇွန် ၉

မြို့နေပြည်သူလူထု ကျန်းမာရေးနှင့်ညီညွတ်ပြီး ရေကြီးရေလျှံမှုမဖြစ်စေရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ လမ်းတံတားဌာန၊ ဒလမြို့နယ်တာဝန်ခံဦးတင်မောင်စန်းနှင့်အဖွဲ့က ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသိန်းဟန်တို့အဖွဲ့၏ ပူးပေါင်းကူညီမှုဖြင့် ဇွန် ၇ ရက် နံနက်ပိုင်းက ရေစီးရေလာကောင်းမွန်ရေး လမ်းဘေးမြောင်း တူးဖော်ပေးခြင်းလုပ်ငန်းကို ကမာကဆစ်ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်းထောင့်၊ ဗိုလ်ဥတ္တမလမ်း(အနောက်ခြမ်း)နံဘေး၌ စက်ယန္တရားယာဉ်များဖြင့် တူးဖော်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းမှာ ရေမြောင်းပိတ်ဆို့နေမှုများကြောင့် လမ်းဘေးဆိုင်ခန်းများကို ဖျက်သိမ်းပြီး ဖောက်လုပ်ပေးခြင်းဖြစ်ကြောင်း၊ အကျယ်သုံးပေနှင့် အရှည်ပေ ၂၂၀၀ ကျော်ရှိကြောင်းနှင့် လမ်းဘေး ဝဲ၊ ယာ နှစ်ဖက်စလုံးတူးဖော်ဆောင်ရွက်ရမည် ဖြစ်ကြောင်း သိရသည်။

အဆိုပါလမ်းဆုံမှ စက်မြေရပ်ကွက်၊ မဟာဗန္ဓုလမ်းဆုံအထိ တူးဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး မြောင်း၏ ရေစီးဆင်းမှုမှ စက်မြေရပ်ကွက် မဟာဗန္ဓုလမ်းဘေး မြောင်းမှတစ်ဆင့် မော်စက်-ဆာပါချောင်းချောင်းထဲစီးဝင်ပြီး ဆိပ်ကြီးချောင်းထဲ စီးဆင်းသွားမည်ဖြစ်ကြောင်း သိရသည်။

"သူတို့လုပ်ရပ်က မှန်တယ်လေ။ ကျွန်တော်တို့က ကိုယ့်အိမ်ခြံထဲ ရွှေ့ပြီးပြန်ဆောက်လိုက်ရင် ပြီးပါပြီ။ အများအတွက် ရှေးရှုပြီး သဘောထားကြီးကြီးနဲ့ ရွှေ့ပေးလိုက်ရုံပါပဲ။ ဘာမှ တာဝန်မကြီးပါဘူး။ ဒီမိုကရေစီဆိုတာ အများအကျိုးရှိအောင် ရှေးရှုဆောင်ရွက်ရမှာ၊ တာဝန်ယူတတ်ရမှာပါပဲ" ဟုဆိုင်ခန်းဖျက်ပေးရသော ရပ်ကွက်ပြည်သူတစ်ဦးကရင်း၏ ခံယူချက်ကို ဖွင့်ဟပြောကြားခဲ့သည်။

သန်းဌေး(ဒလ)

ကမာကဆစ်ရပ်ကွက်အတွင်း ရေမြောင်းဖောက်လုပ်မှု ဆောင်ရွက်နေစဉ်။

ရမည်းသင်းတွင် မျိုးသန့်မျိုးပွား စံပြဝါစိုက်ခင်း ငါးဧကအား ကွင်းဆင်းစစ်ဆေး

ရမည်းသင်း၊ ဇွန် ၉

စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်သည် ဇွန် ၇ ရက် နံနက် ၈ နာရီခွဲတွင် ရမည်းသင်းမြို့နယ်၊ ဆည်ကြီးကျေးရွာအုပ်စု၊ ကွင်းအမှတ် ၁၁၆၂၊ တောင်သူဦးမြင့်ရှိန် စိုက်ပျိုးထားသော တစ်ဧက ၁၀၀၀ ပိသာထွက်ရှိနိုင်မည့် ငွေချည် ၆ နှင့် ရွှေတောင် ၈ စံပြစိုက်ခင်း ဝါငါးဧကကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါအောင်မြင်ဖြစ်ထွန်းနေသော စံပြဝါစိုက်ခင်းဆောင်ရွက်ထားရှိမှု အခြေအနေကို ရမည်းသင်းခရိုင် စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်လှိုင်နှင့် မြို့နယ်ဦးစီး ဦးဝင်းညွန့်တို့မှ ရှင်းလင်းတင်ပြကြပြီး ဒုတိယညွှန်ကြားရေးမှူးချုပ်က တစ်ဧကအထွက်နှုန်းတိုးတက်ရေးနှင့် မျိုးကောင်းမျိုးသန့် ပြောင်းလဲအသုံးပြုရေးတို့အတွက် လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

ဇော်ဝင်းအောင်

အကြားအာရုံချို့တဲ့သူဝေဒနာရှင်များအား ကုသပေး

ဂန့်ဂေါ၊ ဇွန် ၉

ဂန့်ဂေါမြို့နယ်၏ ပါရမီရှင်နာရေးကူညီမှုအသင်းနှင့် ရန်ကုန်မြို့ အော်ထရွှန်ကုမ္ပဏီတို့ပူးပေါင်း၍ အကြားအာရုံချို့တဲ့သူ ဝေဒနာရှင်များအား ဇွန် ၁ ရက်မှ ၃ ရက်ထိ ဂန့်ဂေါမြို့ မြို့ခင်းသာပရိယတ္တိစာသင်တိုက်၌ အခမဲ့စမ်းသပ်ကုသပေးခဲ့ကြရာ ဇွန် ၁ ရက် တွင် ၄၇ ဦး၊ ဇွန် ၂ ရက်တွင် ၇၆ ဦး၊ ဇွန် ၃ ရက်တွင် ၇၆ ဦးတို့ကို ကုသပေးနိုင်ခဲ့ကြောင်းသိရသည်။

ထိုသို့ကုသပေးရာတွင် အခမဲ့စမ်းသပ်စစ်ဆေးခြင်း၊ နားအကြားအာရုံနှင့် ကိုက်ညီသော နားကြားကိရိယာများကို ဈေးနှုန်းသက်သာစွာဖြင့်ရောင်းချပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည့်အပြင် လာရောက်ဆေးကုသမှုခံယူသူ ဝေဒနာရှင်များအား ပါရမီရှင်နာရေးကူညီမှုအသင်းက ထမင်း၊ လက်ဖက်ရည်တို့ကို စေတနာဖြင့် ကျွေးမွေးတည်ခင်းခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းက အထူးသဖြင့် ပြည်သူလူထုကျန်းမာရေးအတွက် အဓိကထား ကူညီဆောင်ရွက်တာပါ။ ဂန့်ဂေါမြို့ ပြည်သူ့ဆေးရုံမှာ တက်ရောက်ကုသရတဲ့ သွေးသွင်းဖို့လိုအပ်တဲ့ လူနာများအတွက်လည်း အသင်းဝင်များက သွေးလှူဒါန်းလျက်ရှိပါတယ်။ အသင်းနဲ့ဆက်သွယ်လိုရင် ဖုန်း ၀၉၄၇၂၁၂၀၁၄ ကို ဆက်သွယ်နိုင်ပါတယ်" ဟု အဆိုပါအသင်းမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

(၄၆၅)

သုံးခွမြို့နယ်တွင်အမျိုးသမီးတစ်ဦးကြိုးဆွဲချသေဆုံး

သုံးခွ၊ ဇွန် ၉

ဇွန် ၂ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် သုံးခွမြို့မရဲစခန်းမှ ဒုရဲမှူးစောဝင်းနှင့်အဖွဲ့သည် (၈)ရပ်ကွက်တွင် လူတစ်ဦးကြိုးဆွဲချသေဆုံးကြောင်း သတင်းအရ သွားရောက်စစ်ဆေးခဲ့သည်။ သေဆုံးသူမှာ အသက် ၂၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးဖြစ်ပြီး နေအိမ်ထုတ်တန်းတွင် ပလတ်စတစ်ကြိုးကိုအသုံးပြုကာ ကြိုးဆွဲချသေဆုံးခဲ့သည်ကို တွေ့ရသည်။ စုံစမ်းချက်အရ သေဆုံးသူတွင် ကြွေးမြီများရှိနေပြီး စီးပွားရေးအဆင်မပြေသဖြင့် နေ့စဉ်နှင့်အမျှ နေအိမ်တွင်မနေလိုကြောင်း ခင်ပွန်းဖြစ်သူ၏ ပြောပြချက်အရ သိရသည်။ အလောင်းကို သုံးခွဆေးရုံသို့ ပို့အပ်ခဲ့ပြီး သုံးခွမြို့မရဲစခန်းက သေမှုသေခင်းအမှတ်စဉ်(၁/၁၄)ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိသည်။

(၃၁)

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ဦးညဏ်လွင်
ဥတန်းနှင့်
၁၀တန်း

ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း နှစ်ပတ်လည် အလှူငွေပေးအပ်ပွဲကျင်းပ

ဟင်္သာတ၊ ဇွန် ၉

ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ကြံခင်းမြို့နယ်ရှိ မြတ်ဒါနကုသိုလ်ဖြစ် အခမဲ့ဆေးခန်း၏ နှစ်ပတ်လည်အထိမ်းအမှတ် အလှူငွေများပေးအပ်ပွဲကို မေ ၂၄ ရက် နံနက် ၉ နာရီက ကြံခင်းမြို့နယ်ရှိ ဧရာဦးခန်းမတွင် ကျင်းပခဲ့ကြောင်းသိရသည်။

ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်နှင့် ဆေးခန်းကော်မတီနာယက မြို့မိမြို့ဖအဖွဲ့ဥက္ကဋ္ဌ ဦးနေလင်းနှင့် မြို့နယ်ဆရာဝန် ဒေါက်တာဇော်အောင်တို့က ဆေးခန်း၏ ကျန်းမာရေးစောင့်ရှောက်မှု အခြေအနေတို့ကိုလည်းကောင်း၊ တာဝန်ခံဆရာဝန်ဒေါက်တာသန်းထွေးက ဆေးခန်းအကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ဘဏ္ဍာရေးမှူးဦးသက်နိုင်က ဆေးခန်းရငွေ၊ သုံးငွေ ဘဏ္ဍာရေးရှင်းတမ်းတို့ကို ရှင်းလင်းတင်ပြခဲ့ကြသည်။

၎င်းနှစ်ပတ်လည်အခမ်းအနားတွင် ဆေးခန်းဖွင့်ရက်များ၌ ပါဝင်ကူညီခဲ့ကြသော ဆရာဝန်များ၊ သူနာပြုဆရာမများနှင့်၊ တိုင်းရင်းဆေးဆရာများ၊ လူမှုရေးအသင်းအဖွဲ့များအား တာဝန်ရှိသူများမှ ဂုဏ်ထူးလက်ဆောင်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး ဆေးဒါနအလှူတွင် ပါဝင်လှူဒါန်းခဲ့ကြသော အလှူရှင် ၁၇၁ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့သည်။

အဆိုပါဆေးခန်းသည် ၂၀၁၃ခုနှစ်၊ မေ ၁ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး၊ ၂၀၁၄ ခုနှစ်၊မေ ၁၈ ရက်အထိ ၅၄ ပတ်ဖွင့်လှစ်ကုသခဲ့ရာ လူဦးရေ ၆၆၄၃ ဦးနှင့် တိုင်းရင်းဆေးပညာ ကုသပေးသူတစ်ပတ်လျှင် လူနာဦးရေ ၁၂၃ ဦးခန့်ကို အခမဲ့ကုသပေးခဲ့သည်။ အလှူရှင် ၁၇၁ ဦးမှ ဆေးခန်းသို့လှူဒါန်းငွေမှာ ငွေကျပ် ၆၇၁၂၂၀၀ ဖြစ်ပြီး လူနာများအတွက် ကုန်ကျစရိတ်မှာ ငွေကျပ် ၄၂၀၉၁၄ ဖြစ်ကာ နယ်လှည့်ဆေးကုသမှုအကြိမ်ပေါင်း ငါးကြိမ်အထိ ကွင်းဆင်းကုသပေးခဲ့ကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

သထုံတွင် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းအဖြစ် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်၊ စာအုပ်စာစောင်များလှူဒါန်း

သထုံ၊ ဇွန် ၉

ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် နယ်လှည့်စာကြည့်တိုက်များ ဖွင့်လှစ်ပေးခြင်း၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံများ ခင်းကျင်းပြသပေးခြင်းနှင့် လူကုန်ကူးမှု တားဆီးကာကွယ်ရေးအကြောင်း သိကောင်းစရာများ ဟောပြောခြင်းစသည့် ပြည်သူ့ဝန်ဆောင်မှု အသိပညာပေးလုပ်ငန်းများကို ဇွန် ၅ ရက်က သထုံမြို့နယ်၊ ဆင်ကျုံးကျေးရွာ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံနှင့် ရွှေဘော်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်းတို့တွင် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်စောလင်းက ကျေးလက်ပြည်သူများ အသိပညာဗဟုသုတ ပိုမိုမြင့်မားပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်နိုင်စေရန်အတွက် စာဖတ်ရှိန်မြှင့်တင်ရေး ကိစ္စရပ်များနှင့် ကျေးလက် စာကြည့်တိုက်များ ရှင်သန်ရေးအတွက် ပြည်သူများက ပူးပေါင်းပါဝင်နိုင်ရေး၊ မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က အမျိုးသားရေးအန္တရာယ်ဖြစ်သည့် လူကုန်ကူးမှုကို လက်တွဲတိုက်ဖျက်ရေးတို့ကို ရှင်းလင်းဟောပြောခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူ့ဝန်ဆောင်မှုအနေဖြင့် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးခြင်း၊ ဓာတ်ပုံနှင့် နံရံကပ်စာစောင် ခင်းကျင်းပြသခြင်းနှင့် ပညာပေးဗွီဒီယိုခွေများ ပြသပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး ကျေးရွာစာကြည့်တိုက် ကော်မတီသို့ သုတ၊ရသ စာအုပ်စာစောင်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

သထုံခရိုင်(ပြန်/ဆက်)

လစဉ်ယာဉ်မှုခင်းစစ်ဆေးပြီးမှ CNG ထုတ်ယူခွင့်ပြုနိုင်ရန်သက်ဆိုင်ရာအဖွဲ့အစည်းများညှိနှိုင်းဆောင်ရွက်

ရန်ကုန်၊ ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသာ (CNG) သုံး မော်တော်ယာဉ်များတွင် လစဉ် ယာဉ်မှုခင်း ရှိ-မရှိစစ်ဆေးပြီးမှ (CNG) သဘာဝဓာတ်ငွေ့ ထုတ်ယူခွင့်ပြုနိုင်ရန် သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်နေကြောင်း အမှတ် (၂) ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှူးရုံး (ရန်ကုန်)မှ ဒုတိယရဲမှူးကြီး လင်းထွဋ်က ဇွန် ၆ ရက်က မီဒီယာတွေ့ဆုံပွဲတွင် ပြောကြားသည်။

"မှတ်သား ဖမ်းဆီးအရေးယူတဲ့ အမှုတွေကို များသောအားဖြင့် နှစ်ကုန်ပြီး လိုင်စင်သက်တမ်းတိုးတဲ့အခါကျမှ လာစစ်ကြတာ များတယ်။ ယာဉ်မောင်းတွေအနေနဲ့ မောင်းချင်သလို မောင်းပြီးနှစ်ကုန်တဲ့အခါကျမှ အုံနာတွေပဲ ထိကြတာ။ အဲဒီလိုအခြေအနေ မဖြစ်ဖို့ (CNG) ဓာတ်ငွေ့ဆိုင်တွေနဲ့ ပေါင်းပြီးကားတွေကို အထူးသဖြင့် ဘတ်စ်ကားတွေကို ရဲမှုလာရင်ဆိုင်ရင်ဆိုင် မဆိုင်ရင် (CNG) ထုတ်ယူခွင့် တင်းကြပ်ဖို့ ညှိနှိုင်းဆောင်ရွက်နေတယ်" ဟု ၎င်းက ပြောသည်။

ယာဉ်မှုခင်းစစ်ဆေးပြီးမှ (CNG) ထုတ်ခွင့်ပြုခြင်းကို ယခင်ကတည်းက ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ရဲမှုခင်းစစ်ဆေးရန်မလိုအပ်ဘဲ (CNG) သဘာဝဓာတ်ငွေ့ထုတ်ယူခွင့်ဖြေလျှော့ပေးခဲ့ရာမှ ယခုအခါ ပြန်လည်ဆောင်ရွက်နိုင်ရန် ညှိနှိုင်းနေခြင်းဖြစ်သည်။

ယခုလို ညှိနှိုင်းဆောင်ရွက်ရာတွင် တစ်လတစ်ကြိမ် ယာဉ်မှုခင်း စစ်ဆေးပြီးမှ (CNG) သဘာ ဝဓာတ်ငွေ့ ထုတ်ယူခွင့်ပြုရေးဖြစ်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ဆောင်ရွက်မှု ပုံစံအဖြစ် ယာဉ်အမှတ်၊ ယာဉ်လိုင်းအမှတ်၊ လအလိုက်ရဲမှုခင်း စစ်ဆေးမှု စသည့်အချက်များအား စစ်ဆေးပြီးလျှင် ယာဉ်မှုခင်း ကင်းရှင်းကြောင်း အသိအမှတ်ပြုတံဆိပ် ရိုက်နှိပ်ပေးသွားမည်ဖြစ်ကြောင်း ဒုတိယရဲမှူးကြီးလင်းထွဋ်က ထပ်မံရှင်းပြသည်။

အဆိုပါ ညှိနှိုင်းဆောင်ရွက်မှုတွင် အတင်းအကြပ် မဖြစ်မနေစစ်ဆေးရမည်မဟုတ်ဘဲ ပထမအကြိမ်သတိပေးခြင်း ထပ်မံ၍ ယာဉ်ပိုင်ရှင်ထံ အသိပေး အကြောင်းကြားခြင်း စသည်ဖြင့် စည်းရုံးသည့် စနစ်ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

တင်မောင်ဦး

မြောက်ဥက္ကလာပ(၄)ရပ်ကွက် ရှိအောင်သပြေလမ်း ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်း

ရန်ကုန်၊ ဇွန် ၉

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက်ရှိ ပျက်စီးပေါက်ပြဲနေသည့် မြဉယျာဉ်စိုက်ပျိုးရေးခြံ အောင်သပြေလမ်းအား အများပြည်သူသွားလာမှု အဆင်ပြေစေရန်ရည်ရွယ်၍ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းခင်းကျင်းခဲ့ရာ ဇွန် ၄ ရက်တွင် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

၎င်းလမ်းမှာ အရှည် ၄၃၀ ပေ၊ အကျယ် ၁၆ ပေ၊ ထု ၈ လက်မရှိပြီး ကွန်ကရစ်လမ်းအား ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် လမ်းဖြစ်မြောက်ရေးကော်မတီတို့ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

ထိုသို့စုပေါင်း၍ လမ်းသူလမ်းသားများစုပေါင်းထည့်ဝင်လှူဒါန်းငွေ ကျပ် ၁၄၅ သိန်းဖြင့် ဇွန် ၂ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဇွန် ၄ရက်က အပြီးသတ် လမ်းခင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြောင်းသိရသည်။

အောင်သပြေလမ်းမှာ သစ္စာပန်းလမ်းမနှင့် စိန်ချယ်လမ်းမသို့ ဆက်သွယ်ထားပြီး မြောက်ဥက္ကလာအခြေခံပညာမူလတန်းကျောင်း အမှတ်(၂၄) တွင် တက်ရောက်ပညာသင်ကြားနေသော ကျောင်းသူ၊ ကျောင်းသား ကလေးသူငယ်များ ကျောင်းတက်၊ ကျောင်းပြန် အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးအတွက် ကျောင်းဖွင့်ရာသီအမီ ကိုယ့်အားကိုယ်ကိုး၍ အမြန်ခင်းလိုက်ခြင်းဖြစ်ကြောင်း လမ်းဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

ထွန်းဝင်း

ဆရာမိုး Follow Me Ph.D (USA)

တန်းခွဲသစ် လက်ခံပြီ

Universal Institute of ESL (USA)မှ Certificate ချီးမြှင့်မည်

ENGLISH 4 SKILLS Level (1,2)

ENGLISH 4 SKILLS Level (1)

Essay, Letter

June 14

4 SKILLS Level(1,2,3) Dip ESL (USA) ချီးမြှင့်မည်

ENGLISH 4 SKILLS DISTANCE LEARNING

CD, DVD LEVEL (1,2,3) Dip ESL(USA)

SPEAKING

Ph.D

01 398118, 295798

ပိုင်ဖေ

နန္ဒာသိန်းဇံ

ကြော်ငြာ

(၂၅)နှစ်မြောက်
ငွေရတုမင်္ဂလာဆုတောင်းလွှာ

ကျေးဇူးရှင် ချစ်ဖေဖေ **ဦးခင်မောင်သန်း** နှင့် ချစ်မေမေ **ဒေါ်သီဂီနွယ်** တို့၏ ၁၀-၆-၂၀၁၄ရက်တွင် ကျရောက်သည့် (၂၅)နှစ်မြောက် ငွေရတုမင်္ဂလာနှစ်ပတ်လည်နေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် ချစ်သမီး၊ ချစ်သားတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် လောကီ၊ လောကုတ္တရာအကျိုးများ ဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းအပ်ပါသည်။

ချစ်သမီးကြီး - မဆုရည်အောင် @ MICHELLE
(UNIVERSITY OF SURREY,U.K)

ချစ်သားငယ် - မောင်ကောင်းဇင်လှိုင် @ SIMON
(UNIVERSITY OF SURREY,U.K)

(၂၅)နှစ်မြောက်
ငွေရတုမင်္ဂလာဆုတောင်းလွှာ

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဥက္ကဋ္ဌ **ဦးခင်မောင်သန်း** (M.D-Ray Shipping Enterprise Co.,Ltd.) (မြန်မာ့ရောင်ခြည်အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီ)နှင့် **ဒေါ်သီဂီနွယ်**(Director-Tha Byae Minn Services Co.,Ltd.)တို့၏ ၁၀-၆-၂၀၁၄ ရက်တွင် ကျရောက်သော (၂၅)နှစ်မြောက်ငွေရတုမင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင်အောင် သက်ရှည်ကျန်းမာစွာဖြင့် ပရဟိတ၊ အတ္တဟိတ နှစ်ဖြာညီမျှစွာ အမျိုး၊ ဘာသာ၊ သာသနာအကျိုးဆတက်ထမ်းပိုး သယ်ပိုးရွက်ဆောင်နိုင်ပါစေကြောင်း မင်္ဂလာဆုမွန်ကောင်းတောင်းအပ်ပါသည်။

Ray Shipping Enterprise Co.,Ltd.
Tha Byae Minn Services CO.,Ltd.မှ ဝန်ထမ်းများ
မြန်မာ့ရောင်ခြည်အိမ်ခြံမြေဝန်ဆောင်မှုကုမ္ပဏီ

အသိပေးကြေညာချက်

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသည် မြို့တော်နေပြည်သူလူထု၏ အဆောက်အအုံဆောက်လုပ်ခွင့်များ လွယ်ကူလျင်မြန်စွာ ရရှိစေရန်အတွက် ဆောက်လုပ်ခွင့်လျှောက်ထားမှုနှင့်ပတ်သက်၍ သတ်မှတ်ထားသည့်စာရွက်စာတမ်းအထောက်အထား လိုအပ်ချက်များကိုတတ်နိုင်သမျှ ဖြေလျှော့၍ လျင်မြန်စွာဆောင်ရွက်ပေးလျက်ရှိပြီး ခွင့်ပြုချက်မရှိသော အဆောက်အအုံများ ဆောက်လုပ်ခြင်းမပြုကြရန်၊ စည်းကမ်းလိုက်နာကြရန် ပြည်သူလူထုကို အသိပေးခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။

သို့ရာတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိသော အဆောက်အအုံဆောက်လုပ်မှုများနှင့် စည်းကမ်းမဲ့အဆောက်အအုံဆောက်လုပ်မှုများမှာ လျော့နည်းသွားခြင်းမရှိဘဲ ပိုမိုများပြားလာခြင်းကြောင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်မရှိသော အဆောက်အအုံဆောက်လုပ်မှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာ မြေရှင်၊ လိုင်စင်ကန်ထရိုက်တာ၊ လိုင်စင်အင်ဂျင်နီယာနှင့် ကန်ထရိုက်လိုင်စင်မရှိသော အဆောက်အအုံဆောက်လုပ်သူတို့ကို တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး၊အင်ဂျင်နီယာဌာန(အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

တောင်သာမြို့နယ်အသင်း(ရန်ကုန်)
စာမူများပေးပို့နိုင်ကြပြီ

တောင်သာမြို့နယ် မဂ္ဂဇင်းအမှတ်(၁၈)အတွက် စာမူများကို အောက်ဖော်ပြပါအချက်များနှင့်အညီ ၂၀၁၄ခုနှစ်၊ ဩဂုတ်လ ၃၁ရက်နောက်ဆုံးထား၍ပေးပို့နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။ မြို့နယ်ဖွံ့ဖြိုးရေးမှတ်တမ်းဓာတ်ပုံများ၊ ဝတ္ထု A4 ဆိုက် (၆)မျက်နှာမှ (၈)မျက်နှာအထိ၊ ဆောင်းပါး၊ ပြဇာတ်၊ ရသစာတမ်း၊ အတ္ထုပ္ပတ္တိ (၅)မျက်နှာမှ (၇)မျက်နှာအထိ၊ သရော်စာ(၁)မျက်နှာမှ (၂)မျက်နှာအထိ၊ ကဗျာ၊ အဆိုအမိန့်များ၊ ဆိုရိုး၊ ဆောင်ပုဒ်(၁)မျက်နှာ၊ ရုပ်ပြောင်(အချိုးအဆညီချွဲ၍ဆွဲနိုင်)တို့ကို လက်ရေးလက်သား သန့်ရှင်းသပ်ရပ်စွာရေးသားပေးပို့ရန်နှင့် မိမိကိုယ်တိုင်ရေးသားသော စာမူဖြစ်ကြောင်း မည်သည့်စာစောင်၊ မဂ္ဂဇင်းတို့မှ ပေးပို့ထားခြင်းမရှိကြောင်း ဝန်ခံလက်မှတ်ရေးထိုးကြရန်နှင့် ကလောင်အမည်၊ အမည်ရင်း၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာအပြည့်အစုံ(ဖုန်း)တို့ကို အောက်ဖော်ပြပါ လိပ်စာများအတိုင်း ပေးပို့နိုင်ကြပါသည်။

ဒေါက်တာခင်မောင်ဆွေ၊ အမှတ်(၁၀)၊ လမ်းဆက်လမ်း၊ တာမွေစာတိုက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဦးအောင်သောင်း၊ အမှတ်(၁၃)၊ ရတနာလမ်း၊ (၃)ရပ်ကွက်၊
ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့
ဦးစိန်လှ၊ အမှတ်(၃၅၄/၃၅၆)၊ အခန်း(၁၀)၊ မဟာဗန္ဓုလလမ်းမကြီး၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဦးလူမော်၊ တိုက်အမှတ်(၁၄၄)၊ အခန်း(ဘီ-၈)၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၀၀၈၂၆

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၁၁၃)တည်ရှိရာ မြေတိုင်းရပ်ကွက်အမှတ်(၁၄F[1]) မြေကွက်အမှတ် Southern ½ of III 30၊ မြေပိုင်မြေအမျိုးအစား မြေအမည်ပေါက် ဒေါ်စောရန် မြေအား အမည်ပေါက်နှင့် ၎င်း၏ခင်ပွန်း ကွယ်လွန်သဖြင့် ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ် (၁၉၇/၂၀၀၃)၏၂-၂-၂၀၁၀ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီအရ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်-၂၃၆၈/၂၀၁၀ဖြင့် ရရှိသူ(၁)ဦးမောင်မောင်ရွှေ [၁၂/ကတတ(နိုင်)၀၂၃၆၅၀]၊ (၂)ဦးကျင်စိန်[၁၂/ကတတ(နိုင်)၀၂၃၉၄၆](၃)ဦးအီတိတ်(ခ)ဦးရပ်အီတိတ်[၁၂/လပတ(နိုင်)၀၈၆၇၉၄]၊ (၄)ဒေါ်ဘက်တီလှကျင်(ခ) ဒေါ်ပို့ရုပ်[၁၂/မဂဒ(နိုင်)၀၃၀၇၇၆]တို့၏ အထွေထွေကိုယ်စားလှယ်လွှဲစာရသူ ဦးတင်ထွန်းဦး [၁၂/လမတ(နိုင်)၀၂၁၈၅၉]မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား ခိုင်လုံသောအထောက်အထားများတင်ပြ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်
အမှတ်(၄၂၂/၄၂၆)၊ကမ်းနားလမ်းနှင့်ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ဗိုလ်တထောင်မြို့နယ်

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်သည် ၂၀၁၃-၂၀၁၄ခုနှစ်ထုတ် ရာသီတွင် ထုတ်လုပ်ခဲ့သောမော်လိုက် (အရှေ့)သစ်ထုတ်ရေးဒေသ၊ လောင်းကောင်းသစ်ဆိပ်ရှိ သစ်မာ(ကညင်) သစ်လုံး(၅၇၁၉)၊ သစ်တန်(၆၈၉၉. ၃၂၂)အား ရန်ကုန်၊ ဒဂုံတောင်သစ်ဆိပ်သို့ ရေကြောင်းမှသယ်ယူရန်အတွက် သစ်သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသူလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်စည်းကမ်းချက်များကို ၁၀-၆-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် တစ်စောင်လျှင် ကျပ်(၅၀၀၀၀/-)တိတိနှုန်းဖြင့်ဝယ်ယူနိုင်ပြီး ၁၉-၆-၂၀၁၄ ရက် ၁၆:၀၀နာရီ နောက်ဆုံးထား၍ ဤရုံးသို့ ပြည်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါတင်သွင်းလိုသူသည် လုပ်ငန်းအတွက်သတ်မှတ်ထားသည့် တင်ဒါအာမခံကြေး ပေးသွင်းပြီးမှ သတ်မှတ်ထားသည့် အိတ်ဖွင့်တင်ဒါပုံစံတင်သွင်းရမည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အမှတ်(၄၂၂/၄၂၆)၊ ကမ်းနားလမ်းနှင့် ဗိုလ်တထောင်ဘုရားလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ သစ်တောထွက်ပစ္စည်း ဖက်စပ်ကော်ပိုရေးရှင်းလီမိတက်၊ တတိယထပ်ရှိ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပြီး ဖုန်းနံပါတ်-၀၁-၂၀၂၀၅၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရွေးချယ်ရေးအဖွဲ့
သစ်တောထွက်ပစ္စည်းဖက်စပ်ကော်ပိုရေးရှင်းလီမိတက်

[illegible]
[illegible](Open Tender) [illegible]

[illegible]	[illegible]	M.S Rod 6 mm [illegible] (425 Ton)
[illegible]	[illegible]	[illegible] Dog Spike [illegible]
[illegible]	[illegible]	75 Lb Point & Crossing [illegible]
[illegible]	[illegible]	[illegible]
[illegible]	[illegible](CME)	[illegible] (Submersible Pump, Hollow Piston Press, Welding Machine, Weighing Machine, Mobile Floor Crane, Hydraulic Jack, Electric Hand Tools and Instruments, [illegible])
[illegible]	[illegible](CME) (MIT)	[illegible] (Press Brake, Lathe Machine, Drilling Machine, Submersible Pump, 2 Ton Truck with Crane, Chain Block, [illegible] Gas Cutting Machine and Tools & Instruments [illegible])
[illegible]	[illegible](MRE)	Thermit Welding [illegible] (Thermit Welding Kit, Mould Shoe, Crucible, Cutter Plate, Shear Tool, Sand Mould, Hand Grinder, Grinding Disc, Extension Wire and Cup Grinding Wheel)

[illegible] - 294312, 291983, 291994

ရွှေပြည်ဖိုင်း ကုသိုလ်ဖြစ် သေဆုံး ဇွန်လ၊ ၂၁-၂၂၊ (၃၈)ကြိမ်မြောက် ...

[illegible]

...KBZBank(AccountNo.0073...)... [illegible]

လွမ်းဆွတ်ကြေကွဲအမှတ်ရခြင်း

- ဆရာဝန်ကြီး ဦးသန်းကျော်(၉-၄-၁၉၈၈)
  ရန်ကုန်ပြည်သူ့ဆေးရုံ ဒုဆေးရုံအုပ်ကြီး။
  (တသီးပုဂ္ဂလအမတ်၊ တသီးပုဂ္ဂလအမတ်အဖွဲ့ ခေါင်းဆောင်ကြီး)
  (၁၉၆၀-၆၂ မြူနီစီပယ်ဥက္ကဋ္ဌ၊ ပျဉ်းမနား)
  (ပျဉ်းမနားမြို့၏ဆေးရုံ၊ ဈေးလမ်းများ စသည်ဖြင့်ပြုလုပ်ခဲ့သူ)
  (ပျဉ်းမနား သံဃာ့ဘေသဇ္ဇဌာနဝိဟာရဆေးရုံကြီး၏ ဖခင်ကြီး)
- ဒေါ်ခင်ကြည် (၂၁-၁၁-၂၀၁၂)
  (ပျဉ်းမနား သံဃာ့ဘေသဇ္ဇဌာနဝိဟာရဆေးရုံကို ခင်ပွန်းနှင့်အတူ ၁၉၅၈ခုနှစ် မတိုင်မီကတည်းက စတင်မတည် တည်ထောင်ဆောက်လုပ်ထောက်ပံ့၊ ပံ့ပိုးဆောင်ရွက်လှူဒါန်းခဲ့သူ)
  (စစ်အတွင်း စေတနာရှင်ဆရာမကြီး)
  (ဘာသာပေါင်းစုံ၏ အလှူ့ရှင် မယ်တော်ကြီး)
- ဒေါက်တာဦးဇော်ဝင်းကျော် (၁၀-၁၀-၁၉၉၇)
  ပြည်နယ်နှင့်တိုင်းဆရာဝန်ကြီး
  (ပျဉ်းမနား သံဃာ့ဘေသဇ္ဇဌာနဝိဟာရဆေးရုံကို ဖခင်နှင့်အတူ ကိုယ်ကျိုးစွန့်အနစ်နာခံကာ ဆောင်ရွက်ခဲ့သူ)
- တရားရုံးချုပ်ရှေ့နေ ဦးဇော်လင်းကျော်(၁၀-၆-၁၉၉၆)
  ကျေးဇူးရှင်များ ကွယ်လွန်သွားခဲ့သော်လည်း အစဉ်သတိရ လွမ်းဆွတ် အောက်မေ့လျက်ရှိပါသည်။ ပြုသမျှ ကုသိုလ်ကောင်းမှုအစုစုကို လက်ခံ ခံစားရရှိပါစေ။

ဒေါ်သင်းသင်းကျော်(တရားလွှတ်တော်ရှေ့နေ)
Mr.MIYAHARA TAKUYA(ခေတ္တ-မြန်မာပြည်)

(၁)လပြည့်လွမ်းဆွတ်သတိရခြင်း

ဦးထွန်းထွန်းဝင်း (85-95) RIT

မန္တလာသီရိအဆင့်မြင့်ဘောလုံးကွင်းတည်ဆောက်ရေး၊ စီမံကိန်းအင်ဂျင်နီယာ

Max Myanmar Co.,Ltd.

ဖေဖေ

၁၀-၆-၂၀၁၄ ရက်မှာ မိသားစုလေးကို ခွဲခွာသွားတာ တစ်လပြည့်ပြီနော်။ အခုထိမယုံဘူး။ အခုထိ လက်မခံချင်ဘူး။ ဖေဖေ့စကားသံတွေ ကြားယောင်ရင်း ငယ်နဲ့သား နှစ်ယောက် နေ့တိုင်း တာဝန်ကျေပွန်အောင် လုပ်ကိုင်နေတိုင် ကြိုးစားနေကြပါတယ်။ ဖေဖေ့ကို ချစ်တယ်၊ လွမ်းတယ်၊ ဘယ်တော့မှမမေ့ဘူး။ ရောက်ရာဘုံဘဝ က ငယ်နဲ့သားတို့ နေ့စဉ်ပြုနေသမျှ ကုသိုလ်အစုစုကို သာဓု သာဓု သာဓု ခေါ်ဆိုနိုင်ပါစေ ဖေဖေ။ ဖေဖေရေ အမျှ---အမျှ---အမျှ။

ချစ်တဲ့ငယ်လေး	- ပပလင်းဝေ
သားသား	- မင်းသန့်ဝေယံ(ဒုနှစ်ဆေးတက္ကသိုလ်-၂)
ခေးခေး	- လင်းခန့်ဝေယံ(Grade-9၊ မြို့မဂုဏ်)

(၁)နှစ်ပြည့်လွမ်းဆွတ်သတိရ အမျှပေးဝေခြင်း

ဗိုလ်မှူးဇော်နိုင်မြင့်

အသက်(၃၇)နှစ်

D.S.A(40)(ကြည်း/၁၀၃၈၇)

တပ်ရင်းမှူး၊ ထားဝယ်

(၁၀-၆-၂၀၁၃ မှ ၁၀-၆-၂၀၁၄)

ဇာနည်သားလှ နောက်ဘဝ၌ သုခဘုံမှာ ခံစားရှာပြီး သံသရာလှည့်သွား ပါယ်တံခါးလည်း ပိတ်ထား စေပါ၊ နေ့စဉ်ဒါန ပြုလာသမျှ မြတ်သားလှခေါ် ဝဏ္ဏမြင့်(ဇော်နိုင်မြင့်)တွက် ရည်စူးလျက်သာ ဖြစ်ပျက်ရှုကာ သံသရာလွတ်ရန် သာဓုခေါ်စေ "အမျှ"ဝေ၏ ဝေသည့်အမျှ ကြားသိရလျက် ဗုဒ္ဓခေါ်တွင် မေတ္တာရှင်အား ဖူးမြင်စေလို ဘုန်းရိပ်ခိုလျက်-

ထက်ကို ဗိမာန်ပေါက်စေလေ။
မင်္ဂလာနိဗ္ဗာန် ရောက်စေလေး။

ဆရာဦးဘမြင့်-ဒေါ်ချစ်ပို
အစ်ကို၊ အစ်မများနှင့်တူမများ

ရွှေလီ ရတနာရွှေဆိုင်၏ မိတ်ဟောင်းမိတ်သစ်များထံ အသိပေးခြင်းနှင့် ထင်ယောင်ထင်မှားဖြစ်သူများအား သတိပေးအကြောင်းကြားခြင်း

[illegible]

"ရွှေလီရတနာရွှေဆိုင်" [illegible]

[illegible]

ဦးသန်းနိုင် နှင့် ဦးမောင်မောင်ထွေးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ -

ဦးလှိုင်ဘွား	ဒေါ်မေသိဂီလှိုင်
တရားလွှတ်တော်ရှေ့နေ (စဉ် - ...)	အထက်တန်းရှေ့နေ (စဉ် - ...)

[illegible] ရန်ကုန်မြို့။

ဖုန်း - ၀၉ [illegible]

အထူးကျေးဇူးတင်ရှိခြင်း

၄-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့)က ကွယ်လွန်သွားခဲ့သော ဒေါ်တင်တင်ဝင်း(ခ) ဒေါ်စီစီ (၇၄)နှစ် [ဗိုလ်မှူးကြီးတင်မောင်(ညွှန်ကြားရေးမှူး၊ အမြောက်နှင့် သံချပ်ကာယန္တရားတပ်ဖွဲ့)၏ဇနီး] နာရေးကိစ္စကို အဆင်ပြေအောင် ကူညီ ဆောင်ရွက်ပေးခဲ့သော အမြောက်တပ်ဖွဲ့ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်အေးနှင့် ဇနီးဒေါ်စိုးစိုးသစ်ညွှန့်နှင့် လက်အောက်ခံတပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည် မိသားစုများအားလည်းကောင်း၊ ဈာပနအခမ်းအနားသို့ လိုက်ပါပို့ဆောင်ပေးသော အမြောက်တပ်ဖွဲ့ အရာရှိ၊ စစ်သည်မိသားစုများ၊ ဆွေမျိုးမိတ်သင်္ဂဟများအား လည်းကောင်း၊ နာမကျန်းဖြစ်စဉ်ဂရုတစိုက် ပြုစုကုသပေးသော ရွှေဂုံတိုင်အထူး ကုဆေးရုံကြီးမှ သမားတော်ကြီးများနှင့် ဆရာဝန်၊ သူနာပြုများအားလည်းကောင်း အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။ **ကျန်ရစ်သူမိသားစု**

ဝမ်းနည်းကြေကွဲခြင်း

ဒေါ်ခင်ဝင်းမြင့်

အသက်(၇၇)နှစ်

မွန်ပြည်နယ်၊ အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးဇော်မြင့်အောင်၏မိခင် ဒေါ်ခင်ဝင်းမြင့်သည် ၇-၆-၂၀၁၄ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်ကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးစံငြိမ်း(ပြည်နယ်အခွန်ဦးစီးဌာနမှူး)
ပြည်နယ်နှင့်မော်လမြိုင်မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး
အရာထမ်း၊ အမှုထမ်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ချင်းတွင်းအသင်း(ရန်ကုန်)

ဒေါ်ခင်မာသိန်း (၆၁)နှစ်

ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်း၊ တိုက်-၂၉၂(ခ)၊ အခန်း(၄/၆)နေ [ဦးမြင့်အေး(ချင်းတွင်း အသင်း၏ အတွင်းရေးမှူးနှင့် ဘဏ္ဍာရေးမှူးဟောင်း)]၏ဇနီး အသင်းဝင် ဒေါ်ခင်မာသိန်းသည် ၅-၆-၂၀၁၄(ကြာသပတေးနေ့)တွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစု နှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချင်းတွင်းအသင်း(ရန်ကုန်)
အလုပ်အမှုဆောင်အဖွဲ့

အများသိစေရန်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ကွမ်းခြံ(၄)လမ်း၊ (၄)ရပ်ကွက်၊ တိုက်အမှတ်(၂၄)၊ အခန်းအမှတ်(အေ-၂)၊ ပထမထပ်အား လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်သက်သက်နွယ် [၁၂/ကမရ(နိုင်)၀၀၅၉၂၈]ကိုင်ဆောင်သူမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စံပယ်မြင့်[၁၄/ပသန(နိုင်)၀၅၅၈၈၆]ကိုင်ဆောင်သူအား အပြီး အပိုင်ရောင်းချခဲ့ပြီးဖြစ်၍ ၎င်းတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ၏ သဘောတူခွင့်ပြုချက် မရရှိဘဲ တစ်ဆင့်ပြန်လည်ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ကြေးမုံမြင့်(LL.B)
အထက်တန်းရှေ့နေ(စဉ်-၃၆၀၁၉)
ဖုန်း-၀၉-၄၂၀၂၂၀၉၀၂

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၄၅၅/ခ)၊ မြေကွက်တည်နေရာအမှတ်(၄၅၅/ခ)၊ တကောင်း(၈)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးခင်မောင် အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဦးခင်မောင် ကွယ်လွန်သဖြင့် ဒေါ်ကျင်စိန်[၁၂/ဥကတ(နိုင်)၀၀၉၁၈၈]မှ တစ်ဦးတည်းသော ဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတို့ကို တင်ပြ၍ ၎င်းကိုယ်စား အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(၁၄၅၁၅/၂၀၁၃)ဖြင့်ရရှိသူ ဒေါ်လှလှဝင်း [၁၂/ဥကတ(နိုင်)၀၉၈၉၉၄]က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါမရုပ်သိမ်း ကြောင်း ကျမ်းကျိန်လွှာတို့ဖြင့် အမွေဆက်ခံ ပိုင်ဆိုင်ကြောင်းနှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သင့်သွေးဖြင့်အသက်ကယ်ပါ

ဇီဝမျိုးစုံမျိုးကွဲတွေကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ကျေးဇူးတင်ရှိခြင်း

၃-၆-၂၀၁၄ ရက်တွင် ကွယ်လွန်ခဲ့သော ကျေးဇူးရှင် ဖခင်ကြီး ဦးလှထွေး အား နာမကျန်းဖြစ်ချိန်မှစ၍ ကွယ်လွန်ချိန်ထိ ဂရုတစိုက် ပြုစုကုသ စောင့်ရှောက်ပေးခဲ့သော ဒေါက်တာဦးသန့်ဇင်စိုး (တွဲဖက်ပါမောက္ခ၊ ဦးနှောက်နှင့်အာရုံကြော အထူးကုသမားတော်ကြီး)နှင့် ဒေါက်တာ ဒေါ်ခင်ဖြူပြာ (တွဲဖက်ပါမောက္ခ၊ ဆီးနှင့်ကျောက်ကပ်အထူးကုသမားတော်ကြီး)တို့အားလည်းကောင်း၊ နာရေးကိစ္စအဝဝတွင် လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသူများ၊ ပြည်တွင်းပြည်ပမှ အီးမေးလ်၊ ဖုန်းဖြင့်ဆက်သွယ်မေးမြန်းကြသူများ၊ ပန်းခြင်း၊ပန်းခွေနှင့် လှူဖွယ်ပစ္စည်းများ ပေးပို့ကြသော မိတ်ဆွေသင်္ဂဟများ၊ ကွယ်လွန်ချိန်မှ ယနေ့ထိအားပေးနှစ်သိမ့်ခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် အခြားကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။ ကျန်ရစ်သူမိသားစု

ဦးကျော်ဇော(ခ)ဦးရွှေမန်း (၇၆)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ သိမ်ဖြူလမ်း၊ အမှတ်(၈၉)၊ တတိယထပ်နေ (ဦးသိန်းအောင်-ဒေါ်သန်းစိန်)တို့၏သား၊ (ဗိုလ်ကြီးကြည်စိန်- ဒေါ်ခင်မျိုးမြင့်)၊ (ဒေါက်တာဦးတင်မောင်-ဒေါ်စိုးစိုးတင့်)တို့၏မောင်၊ (ဦးသိန်းဝင်း)-ဒေါ်သန်းသန်းဌေးတို့၏အစ်ကိုသည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၉း၂၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၀-၆-၂၀၁၄(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးသန့်ဇင်(ခ)အီရန်ကွီး (၇၃)နှစ်

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ သုခလမ်း၊ (၅၉)လမ်းသွယ်၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေ [ဦးပြုံးချို(ခ)တန်တက်ကင်း]-ဒေါ်ရှုခင် တို့၏သားကြီး၊ (ဦးချစ်ဟုန်-ဒေါ်အုန်းလှ)တို့၏ သားသမက်၊ ဒေါ်စိုးစိုးဦး-ဦးခင်မောင်ဝင်း၊ ဦးစိုးနိုင်-ဒေါ်သီသီအောင်၊ ဦးထွန်းထွန်းနိုင်-ဒေါ်တာရာဝင်း၊ ဦးမိုးဆန်းနိုင်-ဒေါ်သူဇာမြင့်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏အဘိုးသည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) ည ၇း၂၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၂-၆-၂၀၁၄(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် နေအိမ်မှ ရေဝေး ဖုကျန့်တရုတ်သုသာန်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ခင်ကြည်(ထားဝယ်)
အသက်(၈၄)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့နယ်၊ ဇရစ်ရပ်၊ ပိတောက်ရွှေဝါလမ်း၊ အမှတ်(၁၀၆)နေ(ဦးထွန်းလင်း-ဒေါ်ကျင်မေ)တို့၏ သမီး၊ (ဦးယုဝါ)၏ ဇနီး၊ (ဦးဝင်းကို)၊ ဦးသိန်းကို၊ ဦးယုလွင်-ဒေါ်ဝေဝေစိုး၊ ဦးသက်လွင်-ဒေါ်ရွှေမာ၊ ကိုမောင်မောင်-မခင်မျိုးမျိုး (ခေတ္တ-USA)တို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၉-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထားဝယ်မြို့ ဇဟာသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဒေါ်လှကြည် (၇၄)နှစ်
အငြိမ်းစားကျောင်းဆရာမ
အမက(၂၈)၊ အလက(၃)
တောင်ဥက္ကလာ

မွန်ပြည်နယ်၊ချောင်းဆုံမြို့နေ (ဦးပါ-ဒေါ်အုန်းမြင်)တို့၏ သမီး၊ (ဦးမြတ်စိုး)၏ ဇနီး၊ ဦးစိုးနိုင်ဝင်း၊ ဒေါ်သီတာအေး(ငြိမ်း-ထွေ/အုပ်)၊ (ဒေါက်တာဥမ္မာကြည်)တို့၏ မိခင်၊ မောင်ဘုန်းဝေလင်း(မြန်မာ့-ဆိပ်ကမ်းအာဏာပိုင်)၏ အဘွားသည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄ (အင်္ဂါနေ့) မွန်းလွဲ၁နာရီတွင် ခနိတောသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၆-၂၀၁၄ (စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယိကာမကြီး
ဒေါ်ရင်ရင် (၇၁)နှစ်
(ကျွန်းကုန်း၊ ဝါးခယ်မ)

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အမှတ်(၉၄၃)၊ ပထမထပ်နေ ဦးမြတ်မောင် [တပ်မတော်-ရေ(ငြိမ်း)]၏ ဇနီး ဦးဝင်းအောင် - ဒေါ်အေးအေးသင်း၊ ဦးသက်လွင်(ညွှန်ကြားရေးမှူး၊ ချင်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဟားခါးမြို့) - ဒေါက်တာဌေးဌေးဝင်း (ကထိက၊ငြိမ်း)၊ (ဒေါ်မြတ်မြတ်မိုး)၊ ဗိုလ်ကြီးမြတ်လင်း(တပ်မတော်ရေ-ငြိမ်း) (Second Officer F.G)တို့၏ မိခင်၊ မအိအိသိမ့် (အမက-၅၊ မရမ်းကုန်း)၊ မောင်ဇွဲထက်လင်း (All ID)၊ မသက်ထားအောင်၊ မငွေဇင်ထက်၊ မောင်ညာဏ်လင်းကျော်တို့၏အဘွား၊မောင်မင်းလျှံဖြိုး၏ဘွားဘွားကြီးသည် ၉-၆-၂၀၁၄ရက် မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ရက် နံနက်၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၅-၆-၂၀၁၄ (တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
စောကွေ့ယုံ(ခ)ဒေါ်အုန်းမြင့်
အသက်(၇၀)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (H-45) ၊ ရွှေသရဖီ(၁)လမ်း၊ FMI City နေ တန်ကျုံကျန်း(ခ)ဦးမောင်သိန်း၏ချစ်လှစွာသောဇနီး၊ (ဦးအရှုပ်)-ဒေါ်ကျင်တီတို့၏ သမီးကြီး၊ (ဦးချောင်လင်း)-ဒေါ်ကျင်လှိုင်(သင်းပျံ့ပျံ့မွေးသနပ်ခါး)၊ ဦးမြစိုး(M.S Plastic)-ဒေါ်အေးအေးမူ၊ ဦးတင်စိန်တို့၏ အစ်မကြီးသည် ၆-၆-၂၀၁၄(သောကြာနေ့) ည ၉း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်လှသွယ်(ခ)ဒေါ်မြသွယ်
အသက်(၆၈)နှစ်
(ကုက္ကိုင်း)

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ မြကန်သာအိမ်ရာ၊ တိုက်(၆)၊ အခန်း(၂၀၂)နေ (ဦးလှဖေ-ဒေါ်တင်)၏ သမီး၊ [ဦးမောင်မြင့်(ခ) ဦးကြိုင်း]၏ ဇနီး၊ ဦးမောင်တူး-ဒေါ်တိုးရီ၊ ဦးဟုတ်စိန်-ဒေါ်ဥမ္မာ၊ ဒေါ်ခင်ထွန်း၊ ဦးတင်သန်းမောင်-ဒေါ်ခင်ကြည်၊ ဒေါ်စန်းရီ တို့၏ အစ်မကြီး၊ ဦးအောင်ဇော်ဝင်း-ဒေါ်ကြူကြူမြင့် တို့၏ မွေးသမိခင်၊ မဆုမြတ်မေဇော်၊ မောင်စွမ်းရည်ဇော်မြင့်၊ မောင်ဘုန်းမြတ်ဇော်မြင့်တို့၏ အဘွား ဒေါ်လှသွယ်(ခ)ဒေါ်မြသွယ်သည် ၉-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၁၀း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၅-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ သိမ် ဒါယကာကြီး
ဦးအောင်ထွန်းလှ (၅၉)နှစ်
တရားလွှတ်တော်ရှေ့နေ

ရခိုင်ပြည်နယ်၊ကျောက်တော်မြို့နယ်နေ (ဦးဦးရွှေသာ-ဒေါ်ရွှေစိန်)တို့၏သား၊ စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်နေ ဦးစံထွန်းဖြူ-ဒေါ်ဦးသိန်းညွှန့်တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းလမ်း၊ အမှတ်(၁၂၀)၊ မြေညီထပ်နေ ဒေါ်ကျော့နုဝေ၏ခင်ပွန်း၊ မမြတ်စုဝေ၊ မမေမြတ်သူ၊ မောင်မောင်ထွန်းလင်း၊ မမြတ်အိမ်စံတို့၏ဖခင် ဦးအောင်ထွန်းလှသည် ၇-၆-၂၀၁၄(စနေနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄(ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာလှိုင်ကြူ (၇၄)နှစ်
M.B.,B.S(MDY)
မြို့နယ်ဆရာဝန်ကြီး(ငြိမ်း)

မုံရွာမြို့နေ (ဦးစံထား-ဒေါ်ကြည်)တို့၏ သား၊ မန္တလေးမြို့နေ (ဦးမောင်မောင်-ဒေါ်ကြော့)တို့၏ သားသမက်၊ ပဲခူးတိုင်းဒေသကြီး၊ သဲကုန်းမြို့၊ ဘုရားကြီးလမ်းနေ ဒေါ်တင်သိန်း၏ ခင်ပွန်း၊ ကိုသူရိန်ဦး (အီလက်ထရွန်နစ် အင်ဂျင်နီယာ၊Y.T.U)၊ မမွေးပုံ့ဦး(အငယ်တန်းအင်ဂျင်နီယာ-၂ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန၊ မန္တလေးစည်ပင်သာယာရေးကော်မတီ)တို့၏ မွေးသဖခင်သည် ၈-၆-၂၀၁၄ (တနင်္ဂနွေနေ့) ည ၇း၁၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၂-၆-၂၀၁၄ ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့၊ တောင်အင်း၊ မြောက်အင်းသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ [မန္တလေးမြို့၊ မြနန္ဒာအိမ်ရာ၊ တိုက်(၃)၊ အခန်း(၁)၊ (ဂန္ဓမာ Whole Sale အနောက်ဘက်)မှ ကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်၊ ကျောင်း၊
စကြံလမ်း ဒါယိကာမကြီး
ဒေါ်မြင့်မြင့်သိန်း (၅၇)နှစ်
အထက-၄-(ငြိမ်း) (ပဲခူး)

ပဲခူးမြို့၊ လိပ်ပြာကန်ရပ်ကွက်၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ အမှတ်(၃၃၃)နေ (ဦးကျော်အေး)-ဒေါ်သန်းရီတို့၏ သမီးကြီး၊ ပဲခူးမြို့၊ ရုံးကြီးရပ်ကွက်၊ ပြည်တော်သာ(၁)လမ်း၊ အမှတ်(၄၄၇)နေ (ဦးမြအုံး-ဒေါ်တင့်) တို့၏ သမီးချွေးမ၊ ဦးဝင်း-ဒေါ်စန်းမြင့် တို့၏ တူမ၊ ဦးမျိုးအောင်(မြန်မာ့စီးပွားရေးဘဏ်၊ တိုင်းရုံး-ငြိမ်း)၏ ဇနီး၊ ကိုစိုးနိုင် (ပဲခူး အော်တိုအိတ်ချိန်း)- မခိုင်မေဇင် (ပဲခူး အော်တိုအိတ်ချိန်း)၊ မစုထွေးမာ (မြန်မာ့စီးပွားရေးဘဏ်)တို့၏ မွေးသမိခင်သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီတွင် ကိုယ့်မင်းကိုယ့်ချင်းနေအိမ်မှ ဆင်ဖြူကွင်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ သိမ်ဒါယကာ
ဦးကြည်လင်း (၅၅)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ဝါးခယ်မမြို့၊ အမှတ်(၈၇)၊ဈေးရပ်ကွက်၊ခေါက်ဆွဲတန်းလမ်း၊BOCတိုက်နေ(ဦးလှရှိန်-ဒေါ်လှကြင်)တို့၏စတုတ္ထသား၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်(၁)ရပ်ကွက်၊အမှတ်(၁၁၅)၊(၃၃)လမ်း(လယ်)၊၃-လွှာ၊၄-လွှာနေဒေါ်ခင်စန်းဝေ၏ခင်ပွန်း၊ မောင်သက်ထွန်းအောင်-မမေသန္တာစိုး၊ မဆွေဆွေသော်၊မအေးမြတ်မွန်တို့၏ချစ်လှစွာသော ဖခင်သည် ၉-၆-၂၀၁၄(တနင်္လာနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၆-၂၀၁၄ရက်မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါက်တာဇင်မာဖြူ(Ph.D)
အသက်(၄၂)နှစ်
ကထိက၊နည်းပညာတက္ကသိုလ်(သန်လျင်)
အင်ဂျင်နီယာ၊ သချာဌာန

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ရန်ကုန်လမ်း၊ အမှတ်-၁၄/၈-၉၉၁နေ ဗိုလ်မှူးသန်းမောင်(လေ-ငြိမ်း)-ဒေါ်အေးအေးမြင့်တို့၏ သမီးကြီး၊ အရာခံဗိုလ်တင်အောင်(လေ-ငြိမ်း)-ဒေါ်အေးအေးမာ(SAT-ထ/လှည်းကူး)၊မန္တလေးမြို့နေ ဦးခင်မောင်ညွန့်-ဒေါ်သန်းသန်းဌေး(ဦးမြင့်စိုး)-ဒေါ်ခင်ဆွေတင့်၊ မင်္ဂလာဒုံမြို့နယ်နေ ဒေါ်သန်းသန်းမြင့်၊ (ဦးဘလှသောင်း)-ဒေါ်စန်းစန်းမြင့်တို့၏တူမ၊ ကိုကျော်ဇင်ဖြိုး(MOGE၊နေပြည်တော်)-မခင်မိုး၊ မဝတ်ရည်ဖြိုး(လေကြောင်းဦးစီး)၊ ကိုအောင်ကျော်ထွန်း(Uniteam Marine)-မဖြူစံပယ်မွှေး(လေကြောင်းဦးစီး)၊ ကိုဝင်းထိုက်ဦး(HTCT Co.,Ltd.၊ အထက်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း) - မဖြူစံပယ်ဖွေး(Able Winner Co.,Ltd.)တို့၏အစ်မ၊ မောင်ခန့်ဇွဲဟိန်း၊ မောင်ဟိန်းထက်အောင်၊ မောင်သန့်ဝေယံထက်တို့၏ ကြီးကြီး၊ ဒေါက်တာဇင်မာဖြူသည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄(အင်္ဂါနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၆-၂၀၁၄ (စနေနေ့) နံနက် ၈နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ် BC-6299
နာယက၊ကုက္ကိုင်းရေကူးအသင်း

(ဦးဖိုးသာ-ဒေါ်သိမ်း)တို့၏သား၊ (ဦးအေးကြည်-ဒေါ်စု)တို့၏သားသမက်၊ (ဦးခင်မြင့်-ဒေါ်တင်မြိုင်)၊(သူရဦးစိန်သောင်း)တို့၏ညီ၊ ဦးစိုးသိန်း-ဒေါ်ခင်နှင်းရီတို့၏ အစ်ကို၊ အမှတ်(၄၂) ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်တင်ကြည်၏ချစ်လှစွာသော ခင်ပွန်း၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-Captainအောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်(ခ)Bernadine၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ ကိုလင်းလွင်-မတင်မိုးအေး၊ (ကိုသက်ဝင်းလွင်(ခ)Bopi)၊ ကိုအောင်ခိုင်လွင်၊ မဝေသစ်လွင်-ကိုဇော်လတ်၊ မနှင်းဝင်းလွင်၊ မခိုင်သစ်လွင်၊ ဒေါက်တာအေးအေးအောင်(ခ)အိဖြူလွင်၊ မခင်ချမ်းမြေ့စိုးလွင်၊ မသဥ္ဇာအောင်(ခ)လုံးလုံး၊ မောင်နေဝင်းလွင်(ခ) ချန်းချန်း၊ မဆောင်းဝင်းလွင်၊ မလဝင်းလွင်တို့၏အဘိုး၊ မမေမိုးသက်၊ မဇော်သစ်လွင်၊ မသစ်ဇော်လွင်တို့၏ချစ်လှစွာသော ဘိုးဘိုးကြီး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၉-၆-၂၀၁၄(တနင်္လာနေ့) ညနေ ၆နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၁၄-၆-၂၀၁၄(စနေနေ့)နံနက် ၇နာရီမှ ၁၂နာရီထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ်
(BC-6299)

TMW Enterprise Ltd. မှ Managing Director ဦးဝေလွင်-ပါမောက္ခ ဒေါက်တာဝင်းမင်းသစ်တို့၏ ဖခင်၊ ဒါရိုက်တာဦးဇော်လတ်-ဒါရိုက်တာဒေါ်ဝေသစ်လွင်၊ ဒါရိုက်တာဒေါ်ခိုင်သစ်လွင်တို့၏ အဘိုး ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် အမှတ်(၄၂)၊ ကုက္ကိုင်းရေကူးကန်လမ်း နေအိမ်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုများနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

TMW Enterprise Ltd.နေပြည်တော်ရုံးခွဲဝန်ထမ်းမိသားစုများ

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဒေါ်တင်ကြည်၏ ခင်ပွန်း၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်- Captain အောင်မြင့်၊ (ဦးဝင်းလွင်)-ဒေါ်ခင်မာသက်၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင် ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါကြောင်း။

ကိုကျော်-မသက် မိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း
ဘုရား၊ရဟန်း၊သိမ်၊ကျောင်း ဒါယကာကြီး
ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)
အသက်(၈၄)နှစ် BC-6299

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ကုက္ကိုင်းရေကူးကန်လမ်း၊ အမှတ်(၄၂)နေ ဒေါ်တင်ကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသက်လွင်-ဒေါက်တာမူယာစိုး၊ ဒေါ်ဖြူဖြူလွင်-Captain အောင်မြင့်၊(ဦးဝင်းလွင်)-ဒေါ်ခင်မာသက်(ခ)Bernadine၊ ဦးဝေလွင်-ဒေါက်တာဝင်းမင်းသစ်၊ ဒေါ်သီတာလွင်-ဦးသိန်းဝင်းတို့၏ ကျေးဇူးရှင်မွေးသဖခင် ဗိုလ်မှူးကြီးမင်းလွင်(ငြိမ်း)သည် ၈-၆-၂၀၁၄(တနင်္ဂနွေနေ့) နံနက် ၁၁း၅၀ နာရီတွင် နေအိမ်၌ ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးသန့်စိုး-ဒေါ်သီတာ မိသားစု
Rainbow Group of Companies

ဒေါ်ခင်ကြည်
အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ အပိုင်း(၃)၊ အမှတ်(၄၅၆)၊ သုမနလမ်းနေ (ဦးသန့်-ဒေါ်ပိုးညွန့်)တို့၏ သမီး၊ (ဦးမောင်ကံ)၏ ဇနီး၊ မညွန့်ညွန့်နိုင်၊ ဒေါက်တာငြိမ်းငြိမ်းမော်(ပန်းလှိုင်ဆေးရုံ)၊ ကိုစိုးလင်းနိုင်တို့၏ မိခင်သည် ၈-၆-၂၀၁၄ ရက် ညနေ ၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မြင့်ရီ (၈၂)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်။ ရှင်စောပုရပ်ကွက်၊ အမှတ်(၁၃) သုခမိန်လမ်းနေ(ဦးလုံး-ဒေါ်သန်းရင်)တို့၏သမီး၊ (ဦးကြင်ဟုတ်)၏ဇနီး၊ ဦးဇော်လွင်၊ ဒေါ်မြမြနှင်း(လဝက)၊ (ဒေါ်သင်းသင်းနွယ်)တို့၏ မိခင်သည် ၈-၆-၂၀၁၄ (တနင်္ဂနွေနေ့) ည၉း၄၅နာရီတွင် ဆာကူရာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၆-၂၀၁၄ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁း၁၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

ဒေါ်စန္ဒာစိန်(အလပြ-ငြိမ်း)
အသက်(၅၆)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်(စိမ်းလဲ့ဦးစိုက်ပျိုးရေးလုပ်ငန်း)ခြံနေ ဦးအောင်စိန် - ဒေါ်ထားထားစိန်တို့၏ သမီးကြီး၊ ဦးဝမ်းကြည်-ဒေါ်ဥမ္မာစိန်တို့၏ အစ်မ၊ ဒေါ်စန္ဒာစိန်(အလပြ-ငြိမ်း)သည် ၇-၆-၂၀၁၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သဂြိုဟ်ပြီးစီးပါ ကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၆-၂၀၁၄ရက်တွင် ရက်လည်ဆွမ်း ကျွေး တရားတော်နာယူမည်ဖြစ်ပါ သဖြင့် အထက်ပါနေအိမ်သို့ ကြွရောက် ကြပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီဦးမိုးဇော်@ Abdul Aziz (၄၆)နှစ်

